www.burmeseclassic.com



အောင်မြင်စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထုသစ်

# တြိုဝဏ္ဏ

## မနော်ရမ္မာချစ်သူ

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဒဿန လက်ဆောင်

❖ ပန်းပွင့်လာရင်..သတ်မှတ်ထားတဲ့အချိန်အထိ
ပွင့်လန်းနိုင်ကြပါတယ်။
အချစ်မှာ အချိန်ကန့်သတ်မှု မရှိပါဘူး၊,
ခဏနေပြီး ခဏနဲ့ ကြွေချင်ကြွေမယ်၊
တစ်သက်လုံး နေချင်လည်း နေသွားပါလိမ့်မယ်။

❖ ညံ့ဖျင်းသောသူသည်
အမှီအခိုရှိမှ ရှင်သန်ခွင့်ရသည်။
ကြိုးစားသူကတော့
အချိန်နှင့်အမျှ အမှီအခိုကင်းအောင်
အားထုတ်လေ့ရှိသည်။

❖ ရှေ့မှာရှိနေတဲ့ အတားအဆီးတွေကို
လှေခါးထစ်လို အသုံးချပါ။
စိုးရိမ်ကြောက်လန့်မှုတွေကို
ခလုတ်ခသင်းတွေလိုသာ ကျော်သွားလိုက်ပါ။

# ဒဿန လက်ဆောင်

❖ ကြီးကျယ်တဲ့ ဘဝတစ်ခုရဖို့
သူတပါးထက် ကြိုးစားအားထုတ်မှု ပြုရတယ်၊
ဖြစ်ချင်တာတစ်ခုကို ဦးတည်ပြီး
ဝီရိယနဲ့ ကြိုးစားရင်
ဘယ်အရာမဆို ရနိုင်ကြပါတယ်။

❖ လမ်းသိသော်လည်း သွားခွင့်မရှိသူ
လမ်းမသိသော်လည်း သွားခွင့်ရှိနေသူ
အဲဒီလူနှစ်ဦး
ဘယ်သူမှ ပန်းတိုင်မရောက်နိုင်ကြဘူး။

❖ အချစ်နှင့် ပတ်သက်ပြီး
ပြောဆိုဆွေးနွေးခြင်းများမှာ
နိဒါန်းအဆင့်ကို ကျော်ဖြတ်လာပြီးဖြစ်၏။
နိဒါန်းမှာ တွေးခေါ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿန လင်္ကာဆောင်

- ကိုယ်ခန္ဓာ၌ ရောဂါဖြစ်သော်
ကုသရန် ဆေးမျိုးစုံရှိသည်။
အသည်းနှလုံး၌ ခံစားရသော ဝေဒနာအတွက်တော့
ကုသရန် ဆေးများများမရှိပါချေ။

- နေထွက်သော အရုဏ်ဦးအချိန်နှင့်
နေဝင်သော ဆည်းဆာအချိန်တို့သည်
သာမန်ထက် ပိုမိုလှပကြသည်။
သင့်အတွက် မွေးဖွားသောအချိန်နှင့်
သေဆုံးကာနီး အချိန်များတွင်
ဘဝလှပဖို့ အရေးကြီးလှပါသည်။

- ဘဝတစ်လျှောက်တွင်
အဆင်မပြေမှုများ ကြုံရခြင်းမှာ
ချစ်ခြင်းမုန်းခြင်းနှင့်
သစ္စာမရှိခြင်းတို့ကြောင့်သာ အဖြစ်များပေသည်။

# ဒဿန လင်္ကာဆောင်

- လေးတစ်လက်တွင်
ညှို့ကြိုးတစ်ချောင်းသာ ရှိသင့်သကဲ့သို့
ဘဝလက်တွဲဖော်ဆိုတာလည်း
တစ်ဦးတည်းသာ ရှိသင့်ပါတယ်
ဒါမှသာ မြားသွားရာလမ်း… ဘဝခရီးလမ်း
ဖြောင့်တန်းပေမည်။

- သူ့အချစ်ကို ယူတာပဲဖြစ်ဖြစ်
ကိုယ့်အချစ်ကို ပေးလိုက်ရတာပဲဖြစ်ဖြစ်
ညီမျှခြင်း မရှာပါနဲ့။
အချစ်မှာ ညီမျှခြင်း မရှိပါဘူး။

- ဘဝတစ်ခုလုံး လည်ပတ်နေချိန်မှာ
အချစ်က စေခိုင်းတာ မဟုတ်ပါဘူး၊
အချစ်ဆိုတာ…သင့်တော်တဲ့ အချစ်မှသာ
လည်ပတ်နေတဲ့ ဘဝထဲကို ရောက်လာတာပါ။

www.burmeseclassic.com

www.burmeseclassic.com

# (စာရေးသူ၏အမှာစာ)

ယခုရေးသားသော 'မနော်ရမ္မာချစ်သူ' ဝတ္ထုရှည်သည် 'မရဏာသိုက်ကုန်း ဝတ္ထုရှည်၏ အဆက်အနေဖြင့် သော်လည်းကောင်း၊ သီးခြား တစ်အုပ်ချင်း ဖတ်ရှုလျှင်သော် လည်းကောင်း အရသာမပျက်စေရန် ကြိုးစားရေးသားထားပါ သည်။

သို့ကြောင့် ဘောဂဗလသိုက်ကြီးနှင့် ပတ်သက်ပြီး အပြည့်အစုံ သိရှိနိုင်စေရန် "မရဏာသိုက်ကုန်း" ဝတ္ထုရှည်ကို အရင်ဖတ်ပြီးမှ "မနော်ရမ္မာချစ်သူ" ဝတ္ထုကို ဆက်လက်ဖတ်ရှု ပါရန် ကြိုတင်အစီရင်ခံလိုပါသည်။

စာဖတ်သူများ နလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ။

စာဖတ်သူ မေတ္တာရိပ်အောက်မှ...

"တိုစက္က"

# ဤဝတ္ထုတွင် ပါဝင်သောအခန်းများ


အခန်း(၁) မဟာတောမိဘုရားမှ အန္တရာယ်

အခန်း(၂) လျို့ဝှက်သော အကြံအစည်ရှိသူများ

အခန်း(၃) နှစ်လေးရာကျော်က ထိတ်လန့်ဖွယ်ရာမြင်ကွင်း

အခန်း(၄) အိမ်ကြီးမာယာဝက်ပါ

အခန်း(၅) သူဌေးကြီး ဘောဂဗလနှင့် တွေ့ခွင့်ရခြင်း

အခန်း(၆) ဘောဂဗလ ရတနာသိုက်

အခန်း(၇) အထိကရသိုက်ကုန်းမှ အဖြစ်ဆိုး

အခန်း(၈) ဖုတ်သွင်းထားသော အလုပ်သမားများ

အခန်း(၉) အဟိဗလစက်နှင့် ရတနဝဏ္ဏစက်

အခန်း(၁၀) မစ္ဆရိယစိတ် ရှိကြသူများ

အခန်း(၁၁) ကိုင်းတောအတွင်းမှ အန္တရာယ်

အခန်း(၁၂) အင်းဝအချုပ်ခန်းမှ ဖြစ်ရပ်ဆန်း

အခန်း(၁၃) ရုပ်ကြွင်းခန္ဓာနှင့် ချစ်ခြင်းမေတ္တာ

အခန်း(၁၄) မစ္ဆရိယကံ ဒဏ်ပြန်ခံရခြင်း

အခန်း(၁၅) လောဘသတ်သဖြင့် သေရသူများ

အခန်း(၁၆) မနော်ရမ္မာချစ်သူ


www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁)

# မဟာဗောဓိဘုရားမှ အန္တရာယ်

အရှေ့ဘက် ကောင်းကင်ပြင်၌ အရုဏ်ဦး အလင်းရောင် တက်လာနေပြီ ဖြစ်သောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်များ ရလာခဲ့ချေပြီ။ ကျေးလက်တောရွာတို့၏ ဓလေ့အတိုင်း နံနက်စောစောအချိန်တွင် နေရောင်အနံ့မှ ကြက်တွန်သံများ ပေါ်ထွက်လာလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

ရွာအနောက်ဘက်မှ ဖြတ်သွားသော လှူသံ, လှည်းသံများ ကြားနေရသည်။ နံနက်စောစောအချိန် လယ်တော၊ ယာတောသို့ အလုပ်လုပ်ရန် သွားကြသော အသံများပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အိပ်ယာပေါ်မှ မထသေးဘဲ နားစွင့်ကြည့်လိုက်သည်။ ထူးထူးခြားခြားအသံ မကြားရသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။

သူရောက်နေသောနေရာမှာ ညကအိပ်ခဲ့သော နေရာပင်ဖြစ်ပြီး ထိုအိမ်မှာလည်း ဦးသက္ကတို့နေအိမ်ပင် ဖြစ်လေသည်။

အလင်းရောင် ကောင်းစွာမရသေးသောကြောင့် အိမ်တွင်း၌ မှောင်နေသေးသည်။ ထို့ပြင် အခြားအသံများလည်း မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ပင် ရှိသေးသည်။

ထို့ကြောင့် အိပ်နေရာမှ မထသေးဘဲ ကြုံတွေ့ခဲ့ပြီးသော အကြောင်းများကို ပြန်လည်တွေးတောနေမိလေသည်။

အင်းဝသို့ ရောက်နေသော ဦးဗန်ကောင်းက စာရေး၍ မှာသောကြောင့် သူနှင့် ခရီးသွားဖော်ဖြစ်သော ကျော်စွာကိုပါခေါ်ပြီး အင်းဝသို့ လာခဲ့ကြသည်။ အင်းဝရောက်တော့ အနီးပတ်ဝန်းကျင်မှ ထူးခြားသော နေရာတို့ကို လိုက်ပြီးလေ့





လာ ကြည့်ရှုကြသည်။

နောက်တော့ . ဘလဲ့ဘအရပ်မှ ဦးဘည်ဆိုသော အဘိုးကြီး တစ်ယောက်နှင့် တွေ့ပြီး မနော်ရမ္မာရွာဘက်သို့ လမ်းညွှန်ပေးလိုက်သဖြင့် မနော်ရမ္မာရွာသို့သွားရန် မြစ်ကမ်းသို့ ဆင်းလာရာ ဦးသက္ကနှင့် မြသင်းကြူတို့လှေနှင့် လူကြုံလိုက်ခွင့်ရသဖြင့် မနော်ရမ္မာရွာသို့ ရောက်ခဲ့လေသည်။

၎င်းတို့မှာ မနော်ရမ္မာရွာမှာပင် နေကြသူများ ဖြစ်သည်။

ထိုရွာရောက်တော့ ဦးသက္ကတို့အိမ်မှာပင် တည်းခိုနေထိုင်ပြီး ညအချိန်ရောက်တော့ ဘောဂဗလ သိုက်ကုန်းသို့ တစ်ယောက်တည်း သွားခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်ထံတွင် ဦးစာညံပေးလိုက်သည့် သိုက်စောင့်များနှင့် တွေ့နိုင်သည့် ဂါထာမန္တာန်လည်း ပါလာလေသည်။

ထိုသိုက်ကုန်းရောက်တော့ ဦးစာညံပေးလိုက်သည့် ဂါထာမန္တာန်တို့ကို ရွတ်ဖတ်နေစဉ် တစ္ဆေသရဲစသော မကောင်းဆိုးဝါးများ၊ မြွေများ၊ ပရလောကသားများ ရောက်လာပြီး အမျိုးမျိုး ပုံသဏ္ဌာန်တို့ဖြင့် ခြောက်လှန့်နှောက်ယှက်ကြလေတော့သည်။

ညဉ့်နက်ပိုင်း အချိန်ရောက်တော့မှ ဘောဂဗလ သူဌေးကြီးသမီး မြလေးနွယ် ရောက်လာပြီး ဖယ်ရှားပေး

www.burmeseclassic.com



တော့မှ သက်သာရာရလေသည်။

ထို့နောက် မြလေးနွယ်က အကျိုးအကြောင်း မေးမြန်းပြီး ဒေါက်တာမင်းထင်ကျော်အား ဘောဂဗလ သိုက်နန်းအတွင်းသို့ ခေါ်သွားလေသည်။ အတွင်းရောက်တော့ သူဌေးကြီး ဘောဂဗလနှင့် မောင်ဒီပတို့ကို တွေ့ရပြီး ကောင်းမွန်စွာ ကျွေးမွေးဧည့်ခံကြသည်။

ပြီးမှ လွန်ခဲ့သော နှစ်ပေါင်း(၄၀၀)ကျော်လောက်က အင်းဝ၌ ဖြစ်ပျက်ခဲ့သော အကြောင်းများနှင့် ၎င်းတို့၏ ဘဝအကြောင်းများကို ပြောပြကြလေသည်။

ထိုအခါမှပင် ဒေါက်တာမင်းထင်ကျော်လည်း ဘဝကံဆိုးခဲ့သဖြင့် အဖြစ်ဆိုးနှင့် ကြုံတွေ့ပြီး အသက်ဆုံးခဲ့ကြသော ဘောဂဗလမိသားစုများအကြောင်းကို သိခွင့်ရလေသည်။

နောက်တော့ မြလေးနွယ်ကပဲ ဘောဂဗလသိုက်ထဲတွင် စောင့်ရှောက်ထားသော ရွှေငွေရတနာတို့ကို လိုက်လံပြသပြီးနောက် ဒေါက်တာမင်းထင်ကျော်အား ပြန်ပို့ပေးရာ ဦးသက္ကတို့ နေအိမ်ရှေ့သို့ ပြန်ရောက်ခဲ့ရပေသည်။

ယခု အိပ်ပျော်ရာမှ နိုးလာတော့ အိပ်ယာပေါ်မှာပင် ရှိနေလေသည်။

"ညက ငါမြင်တွေ့ခဲ့ရတာတွေက အိပ်မက်မက်ခဲ့တာပဲ ဖြစ်မယ်ထင်တယ်၊ အိပ်မက်ကလည်း ထူးဆန်းလိုက်





တာ"

ဟု တွေးတောရင်း အိပ်နေရာမှထကာ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီးနောက် မြသင်းကြူ ပြင်ဆင်ပေးထားသော လက်ဖက်ရည်၊ ကောက်ညှင်းပေါင်း၊ ငါးခြောက်မီးဖုတ်တို့ကို စားသောက်ရသည်။ ထိုလက်ဘက်ရည်ဝိုင်းမှာတော့ မြသင်းကြူနှင့် ဦးသက္ကတို့နှစ်ယောက်လည်း ရှိနေကြသည်။

စားသောက်ရင်းနှင့်ပင် ဦးသက္ကက မေးသည်။

"ညက ကောင်းကောင်းအိပ်ပျော်ရဲ့လားမောင်... ဘာများထူးခြားသေးသလဲကွယ့်"

ထိုသို့မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က အိပ်မက်မက်နေသလိုမျိုးဖြင့် ဘောဂဗလသိုက်ထဲ ရောက်သွားပြီးနောက် သူဌေးကြီး ဘောဂဗလ၊ မြလေးနွယ်နှင့် မောင်ဒီပတို့နှင့်ပါ တွေ့ခဲ့ရကြောင်း ပြန်ပြောပြလိုက်လေသည်။

"အတော့်ကို ထူးဆန်းလှတယ်"

"မထူးဆန်းပါဘူး မောင်ရယ်၊ သူတို့က မင်းကို မိတ်ဆွေတစ်ယောက်လို သဘောထားပြီး ခေါ်တွေ့သင့်လို့ ခေါ်တွေ့ကြတာပဲ၊ ကံကောင်းတယ်လို့တောင် မှတ်ရမှာပါ"

ဦးသက္ကက အေးအေးဆေးဆေးပင် ပြောပြသည်။

"ဒါဖြင့် အဘကို တစ်ခုတော့ မေးချင်ပါတယ်၊ ညက ကျွန်တော်တွေ့မြင်ခဲ့ရတာတွေဟာ တကယ်လား၊ ဒါမှမဟုတ် အိပ်မက်မက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ဦးသက္ကက သဘောကျစွာ ပြုံးလိုက်သည်။

"မောင်ရင်ကရော စိတ်ထဲမှာ ဘယ်လိုထင်နေလို့လဲ"

"ညက တွေ့ခဲ့တာတွေကတော့ အိပ်မက်မဟုတ်ပဲ တကယ်တွေ့မြင်ခဲ့ရတယ်လို့ ထင်မိတယ်၊ အခု အိပ်ရာက ပြန်နိုးလာတော့လဲ အိပ်မက်မက်နေမှန်း သိရတယ်၊ ကျွန်တော် တော့ မတွေးတတ်အောင်ပါပဲ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က ခေါင်းတစ်ချက်ညိတ်ပြကာ သောက်လက်စ လက်ဘက်ရည် ပန်းကန်ကို ပြန်ချထားလိုက်လေသည်။

"ဝိဇ္ဇာပညာနဲ့ သိပ္ပံပညာက အတတ်ပညာချင်း တူပေမယ့် သဘောချင်းက မတူပါဘူး၊ ဝိဇ္ဇာအတတ်ပညာတွေက သိပ္ပံပညာနဲ့ လိုက်လုပ်လို့ မရနိုင်ပါဘူး"

"ဒါပေါ့လေ. . သိပ္ပံသမားတွေက မိုးပေါ်ပျံချင်ရင် ယာဉ်ကရိယာနဲ့မှ ပြန်သွားလို့ရတယ်၊ ဝိဇ္ဇာသမားတွေက ဒီအတိုင်း သွားလာနေကြတာပဲ"

"မှန်ပါတယ်၊ ဒါဖြင့် ကျွန်တော် အိပ်ပျော်နေတုန်း စိတ်ဝိညာဉ်က ဘောဂဗလသိုက်ထဲကို တကယ်ပဲ ရောက်သွားခဲ့တာပေါ့နော်"

"ဘောဂဗလ သိုက်ကုန်းဆိုတာ ဒီနေရာမှာတော့





အထိကရ နေရာတစ်ခုပေါ့၊ ရှိမှန်းသိပေမယ့် ရောက်ခွင့်ရှိမှ ရောက်ရတယ်၊ တွေ့ခွင့်ရှိမှ တွေ့ခွင့်ရကြတယ်၊ ညက သိုက်ထဲရောက်သွားတယ်ဆိုတာ တကယ်ရောက်သွားခဲ့တာပါ"

"ကျွန်တော့်ကို ဘာကြောင့် ခေါ်သွားတာလဲ အဘ"

"သူတို့က တွေ့သင့်တယ်ထင်လို့ ခေါ်တွေ့ကြတာ ထင်ပါတယ်၊ ပရလောက ရောက်နေတဲ့ သူတွေဟာ သနားဖို့ကောင်းပါတယ်၊ စားစရာရှိပေမယ့် စားလို့မရတာရှိသလို ဝတ်စရာရှိနေပေမယ့် ဝတ်လို့မရတာတွေလည်း ရှိကြတယ်၊ ဒီလိုပဲ ရွှေငွေကျောက်မျက်ရတနာတွေ တောင်ပုံရာပုံ ရှိနေပေမယ့်လည်း ကိုယ့်သဘောနဲ့ကိုယ် ဘာမှအသုံးပြုခွင့် မရနိုင်ကြဘူး"

"ဒါပေမယ့် ဘောဂဗလသိုက်ထဲမှာ ရှိနေတဲ့ ရွှေငွေ၊ ကျောက်မျက်ရတနာတွေက လူ့ဘဝတုန်းက သူတို့ပိုင်ဆိုင်ခဲ့တဲ့ ဥစ္စာရတနာတွေ မဟုတ်ဘူးလား"

"မှန်ပါတယ်၊ ဘောဂဗလသိုက်ထဲမှာ ရှိနေကြတဲ့ ရွှေငွေရတနာတွေက ဟိုး. . နှစ်ပေါင်းလေးရာကျော်လောက်တုန်းက. . သူဌေးကြီး ဘောဂဗလ ပိုင်ဆိုင်ခဲ့တဲ့ ပစ္စည်းတွေမှန်ပေမယ့် ဘဝတပါး ပြောင်းသွားခဲ့ပြီးတဲ့နောက်မှာတော့ ဆိုင်ရိုးသာ သက်ဆိုင်ပြီး မပိုင်တော့ပါဘူး"

"စိတ်ဝင်စားစရာပါပဲ၊ ဒါဖြင့် အဲဒီရတနာတွေကို ဘယ်သူတွေက ပိုင်ကြသလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်တယ်လို့တော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် သာမန်ဥစ္စာပစ္စည်းတွေကို ရုက္ခစိုး၊ ဘုမ္မစိုးနတ်တွေက စောင့်ရှောက်ပေးကြရပြီး မြတ်စွာဘုရားကိုလှူဖို့ ရည်စူးထားတဲ့ ဥစ္စာရတနာတွေကိုတော့ သက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးတွေက စောင့်ရှောက်ပေးကြရတယ်"

"ဘယ်လိုပုဂ္ဂိုလ်တွေလည်း အဘ"

"သက်တော်ရှည် နတ်မင်းကြီးတွေလို့ခေါ်တဲ့ ဘိုးဘိုးကြီးတွေပေါ့ကွယ်၊ သာသနာတော် တည်တံ့ဖို့ ကူညီစောင့်ရှောက်နေကြရတဲ့ သောတာပန် ပုဂ္ဂိုလ်ကြီးတွေပေါ့၊ မောင်ရင်တို့ ရန်ကုန်မြို့မှာ တန်ခိုးကြီးဘုရားတွေ ရှိကြတယ် မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ကမ္ဘာအေးစေတီတော် စတဲ့စေတီတော်တွေ ရှိပါတယ်၊ အခြားစေတီပုထိုးတွေ ဘုရားတွေလည်း အများကြီးရှိပါတယ်"

"အဲဒီဘုရားစေတီတော်တွေမှာ ဘိုးဘိုးကြီးတွေ ရှိကြရဲ့ မဟုတ်လား"

"ဟုတ်ကဲ့ ရှိပါတယ်၊ စေတီတော်တွေရဲ့ အမည်လိုက်ပြီး ရွှေတိဂုံဘိုးဘိုးကြီး ဆူးလေဘိုးဘိုးကြီး၊ ဗိုလ်တထောင်ဘိုးဘိုးကြီးလို့ အမည်ပေးထားကြပါတယ်"

"ကျုပ်ကြားဖူးတာကတော့ သက်တော်ရှည် ဘိုးဘိုးကြီးတွေထဲမှာ မော်ဘီဘိုးဘိုးကြီးဟာ သက်တမ်းအားဖြင့် အရှည်ဆုံးပဲ၊ ကကုသန်ဂုံ၊ ကဿပဂုံ၊ ကောဏာဂုံ၊ ဂေါတမဂုံ အစရှိတဲ့ ဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူခဲ့ပြီးတဲ့ မြတ်စွာဘုရားလေးဆူစလုံးကို မီခဲ့တဲ့ သက်တော်ရှည်နတ်မင်းကြီး တစ်ပါးလို့ ဆိုတယ်၊ ဒါကြောင့် ဘိုးဘိုးကြီးတွေထဲမှာတော့ မော်ဘီဘိုးဘိုးကြီးက သာသနာတော်နဲ့ သက်ဆိုင်တဲ့ ကိစ္စတွေမှာတော့ အဓိကအကျဆုံး ဖြစ်မှာပေါ့"

ဟုပြောကာ ကောက်ညှင်းပေါင်းအချို့ကိုယူပြီး စားနေလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ဦးသက္ကမှာ မြို့နှင့်အလှမ်းဝေးသော ကျေးလက်တောရွာ၌ နေသော်လည်း စာပေဗဟုသုတ ရှိသူတစ်ဦးဟု မှတ်ချက်ချမိလေသည်။

"ဒါဖြင့် အဘကို မေးလက်စနဲ့ မေးရဦးမယ်၊ သိုက်တွေကို စောင့်ရှောက်နေကြတဲ့ ဘိုးဘိုးကြီးတွေတော့ ရှိကြမှာပါ၊ သူတို့ကို သိုက်ချုပ်ဘိုးဘိုးကြီးလို့ ခေါ်ကြတယ် ထင်ပါတယ်၊ အဲဒါတွေအားလုံးကို ဘယ်လိုပုဂ္ဂိုလ်မျိုးက အုပ်ချုပ်နေတာလည်းဟင်"

"ဒါကတော့ သက်ဆိုင်ရာ ပါရမီရှိတဲ့သူတွေ၊ ပဋ္ဌာန်းဆက်ရှိကြတဲ့လူတွေမှသာ သေသေချာချာ သိနိုင်ကြပေလိမ့်မယ်၊ ကြားဖူးတာကတော့ ကိုးသိန်းကိုးသောင်းကိုးထောင်






www.burmeseclassic.com

www.burmeseclassic.com



စာရင်းဝင် သိုက်တွေကိုကြည့်ရင် အဓိကသိုက်ကြီး (၁၀၈) သိုက်ရှိတာ တွေ့ရမယ်"

"ဟုတ်ကဲ့"

"သိုက်ကြီး (၁၀၈)သိုက်မှာရှိတဲ့ သိုက်ချုပ်ဘိုးဘိုးကြီးတွေကို ကြိုးကိုင်အုပ်ချုပ်နေတဲ့ ဘိုးဘိုးကြီးက ဒေးစွန်းပါ ဆံတော်ရှင် ရှိတဲ့နေရာမှာ သီးခြားနန်းနဲ့နေတဲ့ မဏိကုဏ္ဍာလ ဘိုးဘိုးကြီးပဲ ဖြစ်ပါတယ်"

"ဒါဖြင့် ဘောဂဗလသိုက်ကြီးကလည်း ဘိုးဘိုးကြီးတွေရဲ့ စောင့်ရှောက်မှုအောက်မှာပဲ ရှိနေမှာပေါ့နော်"

"မှန်ပါတယ်၊ ဘောဂဗလသူဌေးကြီး အပါအဝင် သိုက်ထဲရောက်နေကြရတဲ့ သူတွေက လူ့ဘဝတုန်းက ကိုယ်ပိုင်ဆိုင်ခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို ပြန်ပြီးစောင့်ရှောက်ပေးနေကြရတယ် ဆိုပေမယ့် သူတို့သဘောနဲ့သူတို့ ဘာမှလုပ်လို့မရကြတော့ဘူးလို့ ပြောခဲ့တာပေါ့ကွယ်"

ဦးသက္ကက စကားကို အဆုံးသတ်လိုက်သလို စားသောက်ခြင်းကိုလည်း လက်စသတ်လိုက်သည်။

"ကျုပ် ရွာထဲသွားလိုက်ဦးမယ်၊ အင်းဝဘက် စုန်မယ့်လှေကြုံသွားစုံစမ်းပေးပါ့မယ်၊ တကယ်လို့ တခြားလှေကြုံ မရှိရင်တောင် မနက်ဖြန်တော့ ကျုပ်တို့မြေးအဖိုး လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် အဘရယ်"





ထို့နောက် ဦးသက္ကလည်း ရွာတွင်းသို့ ထွက်သွားလေရာ မြသင်းကြူသာ ကျန်တော့သည်။

"အစ်ကိုက သိုက်တွေအကြောင်းတော့ အတော်ကလေး စိတ်ဝင်စားတဲ့ပုံပေါ်တယ်၊ သိုက်ဆရာလည်း မဟုတ်ပဲနဲ့ . . "

"သိုက်ဆရာလုပ်ချင်လို့ မဟုတ်ပါဘူး၊ သိုက်ထဲမှာရှိတဲ့ ဥစ္စာပစ္စည်းတွေလည်း မမက်တော့ပါဘူး၊ ကျွန်တော်စိတ်ဝင်စားတာက ဘောဂဗလ စံအိမ်ဟောင်းကြီးမှာ တပ်ဆင်ထားခဲ့တဲ့ စက်ယန္တယားတွေကို စိတ်ဝင်စားလို့ပါ"

"အဲဒါတွေကို လေ့လာတော့ အန္တရာယ် မများဘူးလားဟင်"

မြသင်းကြူက စိတ်ဝင်စားသော. လေသံမျိုးဖြင့် မေးလိုက်လေသည်။

"သတိတော့ ထားရမှာပေါ့၊ ဒါထက် ဘောဂဗလ စံအိမ်ဟောင်း ရှိတဲ့နေရာက အတော်ဝေးသလားဟင်"

ဒီနေရာကသွားရင်တော့ သိပ်မဝေးလှပါဘူး၊ အရှေ့ဘက်မှာရှိတယ်၊ အရင်ကတော့ ဒုဋ္ဌဝတီမြစ်ကမ်းနဲ့ အတော်ကလေးဝေးတယ်၊ အခုတော့ တဖြည်းဖြည်းနဲ့ ကမ်းပြိုတာနဲ့ သိပ်မဝေးတော့ဘူး၊ ဒီကနေသွားရင် မနော်ရမ္မာဥယျာဉ်နေရာဟောင်းကျော်ရင် ကုလားရွာကလေးရှိတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြရင်း သူမ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေသည်တို့ကို အသေအချာမှတ်သားထားလေသည်။

"အဲဒီကနေ အရှေ့ဘက်ဆက်သွားရင် ကိုင်းတောကြီးတွေ တွေ့ရလိမ့်မယ်၊ ကိုင်းတောကြီးတွေထဲက ကျော်သွားလို့ ဟိုဘက်ရောက်ရင် မဟာဗောဓိဘုရားကုန်း တွေ့ရလိမ့်မယ်၊ မဟာဗောဓိဘုရားကုန်းကို အစ်ကိုရောက်ဖူးတယ်မဟုတ်လား"

ဟု မေးသည်။

"အရင်ကတော့ တစ်ခါမှမရောက်ဖူးသေးဘူး၊ ညက အိပ်မက်ထဲမှာတော့ တစ်ခေါက်ရောက်ဖူးတယ်"

ထိုစကားကြားတော့ မြသင်းကြူက တစ်ချက်ပြုံးလိုက်သည်။

"ဒါထက် ပြောရဦးမယ်၊ ညက အိပ်မက်ထဲမှာ တွေ့ခဲ့ရတဲ့ ဘောဂဗလ သူဌေးကြီးရဲ့သမီး မြလေးနွယ်က မြသင်းကြူမျက်နှာနဲ့ အတော်ကလေးတူတယ်"

"ဆွေမျိုးသားချင်းများ တော်စပ်နေသလားမှ မသိတာ"

မြသင်းကြူက သူမဘာသာ သဘောကျသဖြင့် ပြုံးနေလေသည်။

"ဒီလိုဆိုရင် ကျွန်တော် ဘောဂဗလ စံအိမ်ရှိတဲ့ ဘက်သွားကြည့်လိုက်ဦးမယ်"

"အစ်ကိုတစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား။





အဲဒီဘက်က နည်းနည်းကြမ်းတယ်"

"ဖြစ်ပါတယ်၊ အဘ ဦးသက္ကပေးထားတဲ့ ပရိတ်ကြိုး တွေလည်း ရှိပါတယ်၊ နောက်ပြီး ဟိုနေရာရောက်တော့လည်း သက်ဆိုင်သူတွေကို ခေတ္တပို့ပြီးမှ သွားမှာပါ"

"အထူးသဖြင့်တော့ ကိုင်းတောကြီးထဲက ဖြတ်သွားတဲ့အခါ သတိထားရတယ်၊ တခြားအန္တရာယ်အယှက်တွေ အပြင် မြွေတွေလည်း များတယ်"

"သတိထားရမှာပေါ့၊ ဒါထက် အိမ်ကြီးကရော အတော်ပျက်စီးနေပြီလား"

"သက်တမ်းက အတော်ကြာပြီဆိုတော့ ပျက်နေပြီပေါ့၊ ဒါပေမယ့် ရှေးက အုတ်ချပ်တွေ သစ်တွေနဲ့ ဆောက်ထားတာဆိုတော့ ပြိုကျတဲ့အထိတော့ မဖြစ်သေးဘူး"

"ဒါထက် မြသင်းကြူ အဲဒီ အိမ်ဖက်ရောက်ဖူးသလား"

သူမက ခေါင်းညိတ်ပြသည်။

"အဘနဲ့လိုက်သွားလို့ တစ်ခေါက်နှစ်ခေါက်တော့ ရောက်ခဲ့ဖူးပါတယ်"

"ဒါထက် အိမ်ကြီးထဲမှာ စက္ကောမအတတ်နဲ့ တပ်ဆင်ထားတဲ့ ယန္တရားတွေရော ရှိသေးသလား"

"ရှိမယ်ထင်တယ်၊ ကျွန်မတော့ အတွင်းကို တစ်ခါမှ ဝင်မကြည့်ဘူးပါဘူး၊ ဒါပေမယ့် အဲဒီအိမ်ကြီးမှာ ရတနာ



www.burmeseclassic.com

www.burmeseclassic.com



သိုက်ကြီး ရှိနေမှန်းသိတော့ မကြာခဏ လာရောက်ရှာဖွေကြတော့ ပျက်စီးတာတွေလည်း ပျက်စီးနေပါပြီ”

“ဒါထက် မေးပါရစေဦး၊ မြသင်းကြူက တစ်ခေါက်မှ မရောက်ဖူးသေးပဲ အဲဒါတွေကို ဘယ်လိုသိနေတာလဲ”

မြသင်းကြူက ချက်ချင်းပြန်မပြောပဲ အတော်ကြာအောင် စဉ်းစားပြီးမှ ပြောသည်။

“ကျွန်မကတော့ သေသေချာချာ မသိပါဘူး၊ ဒါပေမယ့် အဘပြောပြလို့ သိတန်သလောက်တော့ သိပါတယ်”

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း စားသောက်ခြင်းများကို လက်စသပ်လိုက်ပြီးနောက် လိုအပ်သော ပစ္စည်းများကို ယူဆောင်ပြီး အပြင်သို့ ထွက်လာခဲ့လေသည်။

သူ ထွက်လာသော အချိန်က နံနက်ပိုင်းအချိန် ကျော်နေပေပြီ။

သူသည် ထိုလမ်းခရီးကို မသွားဖူးသော်လည်း ကျေးလက်တောရွာတို့၏ သဘာဝအတိုင်း တွေ့သည့်လူကို မေးမြန်းသွားရုံနှင့်ပင် လိုသောနေရာသို့ ရောက်နိုင်ပေသည်။

ထိုသို့သွားရင်းနှင့် လျှောက်လာရာ အတန်ကြာတော့ မနော်ရမ္မာရွာအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

သူထွက်လာသောအချိန်က နံနက်ပိုင်း အချိန်ကျော်နေပေပြီ။

သူသည် ထိုလမ်းခရီးကို မသွားဖူးသော်လည်း ကျေး





လက်တောရွာတို့၏ သဘာဝအတိုင်း တွေ့သည့်လူကိုမေးမြန်းသွားရုံနှင့်ပင် လိုသောနေရာသို့ ရောက်နိုင်ပေသည်။

ထိုသို့သွားရင်းနှင့် လျှောက်လာရာ အတန်ကြာတော့ မနော်ရမ္မာရွာအပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

ရွာအပြင်ဘက်မှာတော့ ဝင်းမှည့်စ ပြုနေပြီဖြစ်သော စပါးစိုက်ခင်းများကို တွေ့ရလေသည်။ မြစ်ကမ်းတစ်လျှောက်နှင့် ရွာရှိသောနေရာကြားတို့တွင် နေရာလပ်မရှိအောင် စပါးစိုက်ခင်းများနှင့် သီးနှံစိုက်ခင်းများ ပြုလုပ်ထားကြလေသည်။

အချို့လယ်ကွင်းများမှာ စပါးထွက်စပင် ရှိသေးသော်လည်း အချို့စိုက်ခင်းတို့မှာ စိုက်ပျိုးချိန် စောကြသဖြင့် အသီးထွက်တာစောပြီး မှည့်ဝင်းစ ပြုနေကြပေပြီ။

နံနက်ပိုင်းအချိန် နှင်းကွဲစ အချိန်မျိုးတွင် နှင်းရည်များ စိုစွတ်နေသော လယ်ကွင်းလမ်းများမှ ဖြတ်လျှောက်ရသည်မှာ အရသာတစ်မျိုးဖြစ်သည်။ စပါးပင် မြက်ပင်အဖျားတွင် ခိုသီးနေသော နှင်းစက်တို့က လမ်းလျှောက်သွားသောအခါ ဘောင်းဘီအောက်ပိုင်းကိုပင် စိုစွတ်မှု ဖြစ်လာစေသည်။

နေထွက်လာချိန်ရောက်တော့ မနော်ရမ္မာဥယျာဉ်နေရာဟောင်းကို ရောက်လာသည်။

ရှေးအခါက စိမ်းစိုလှပခဲ့သော ဥယျာဉ်တော်ကြီးမှာ နာမည်သာရှိတော့ပြီး ဥယျာဉ်ကတော့ မရှိတော့ပြီ။

ထိုနေရာတစ်ဝိုက်မှာတော့ ချုံနွယ်ပိတ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖုံးအုပ်လျက်ရှိပြီး သိုက်တူးသမားများ နှိပ်စက်မှုများသော ကြောင့် ပြိုကျပျက်စီးနေပြီဖြစ်သော ဘုရားငုတ်တိုတစ်ဆူသာ ကျန်တော့သည်။

တစ်ဆူလုံး မြေခနေပြီး အောက်ခြေဖိနပ်ခုံလောက်သာ ကျန်နေတော့သည်။

ထိုနေရာမှလွန်တော့ တောစပ်တစ်နေရာ၌ ဘုန်းကြီးကျောင်းတစ်ကျောင်းကို လှမ်းမြင်ရသဖြင့် ထိုနေရာဘက်သို့ လျှောက်သွားလေသည်။ ထိုကျောင်းမှာ ကုလားရွာကလေးနှင့် သက်ဆိုင်သော ကျောင်းပင်ဖြစ်ဟန်ရှိသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားတော့ ကွပ်ပျစ်ပေါ်မှာ ထိုင်နေသော ဘုန်းတော်ကြီးတစ်ပါးကို တွေ့သဖြင့် ဝင်ရောက်ဝတ်ပြုလိုက်သည်။

"ဘယ်ကလာတာလဲ ဒကာကြီး"

"ရန်ကုန်ကလာတာပါ ဘုရား၊ ဒီနေရာတွေမရောက်ဖူးလို့ လိုက်ပြီးကြည့်နေတာပါ။ မဟာဗောဓိဘုရားနဲ့ ဘောဂဗလ စံအိမ်ဟောင်းက ဘယ်နေရာမှာလည်း ဘုရား"

"မဟာဗောဓိဘုရားကြီးကတော့ ဟိုမှာလှမ်းမြင်နေရတဲ့ ဘုရားကြီးပေါ့၊ သိုက်တူးသမားတွေ နှိပ်စက်ကြလို့ ပြိုကျနေပါပြီ၊ ဘောဂဗလ အိမ်ကြီးကတော့ အဲဒီကနေဆက်သွားရင် ကိုင်းတောတွေ သစ်ပင်တွေကြားမှာ တွေ့ရနိုင်ပါတယ်၊ ဒါပေမယ့် တစ်ယောက်တည်းတော့ မသွားပါနဲ့"





"ဘာကြောင့်လည်း ဘုရား"

"အန္တရာယ်များလို့ပါ၊ တကယ်လို့ ဒကာကြီး လေ့လာချင်တယ်ဆိုရင် နှစ်ယောက်သုံးယောက်လောက် အဖော်ပါမှ လာကြည့်တာပိုကောင်းမယ်"

"ကောင်းပါပြီဘုရား၊ ဒီလိုဆိုရင်တော့ မသွားတော့ပါဘူး အဖော်တွေပါတော့မှပဲ နောက်တစ်ခေါက် လာကြည့်ပါတော့မယ်၊ ဒါထက် ဒီနေရာမှာ ဘယ်လိုအန္တရာယ်မျိုးတွေ ရှိပါသလဲဘုရား"

ဒေါက်တာမင်းထင်ကျော်က အခွင့်သာခိုက် မေးလိုက်လေသည်။

"ဒီနေရာတစ်ဝိုက်မှာတော့ အများကြီး ရှိတာပေါ့၊ လပြည့်ရက်တွေဆိုရင် ထန်းပင်လုံးလောက်ကြီးတဲ့ မြွေကြီးတစ်ကောင် အမြဲထွက်လာပြီး မဟာဗောဓိဘုရားရှိတဲ့နေရာကို လာလေ့ရှိတယ်၊ ဘုရားခြေရင်းရောက်လို့ ပါးပျဉ်းထောင်လိုက်ရင် ထန်းပင်လောက်မြင့်ပြီး ပါးပျဉ်းက ဖျာတစ်ချပ်လောက်ကြီးတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီလို အတော်ကြာအောင် ဘုရားရှေ့မှာ ရှိနေပြီးမှ ပြန်သွားလေ့ရှိတယ်၊ တစ်ခါက မြွေအရေခွံကြီး ကျွံနေလို့ ရွာသားတွေ သွားယူပြီး ကြည့်ကြတာ မြွေအရေခွံထဲကို လူနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ချောင်ချောင်ဝင်လို့ရတယ်"

"မနည်းပါလား"

"မြွေကြီး ပြန်သွားပြီးရင်တော့ သူဌေးကြီး ဘောဂဗလနဲ့ သမီးဖြစ်တဲ့ မြလေးနွယ်တို့ ရောက်လာပြီး ဘုရားကန်တော့လေ့ရှိကြတယ်၊ ကျုပ်တို့ဆရာ ဘုန်းတော်ကြီး ရှိစဉ်တုန်းကတော့ ဒီကျောင်းကိုတောင် တစ်ခါနှစ်ခါ လာဖူးကြတယ်"

"အခုနောက်ပိုင်းမှာရော ကျောင်းကို လာကြသေးလားဘုရား"

"လပြည့်ညတွေ ဆိုရင်တော့ တစ်ခါတစ်လေ မြွေကြီးတော့ တွေ့ရတတ်သေးတယ်၊ သူဌေးကြီးနဲ့ သူ့သမီးတော့ မတွေ့ရတော့တာ ကြာပြီ"

ထိုသို့ပြောနေစဉ် နားထဲမှာ တဝီဝီ၊ တဝေါဝေါနှင့် အသံများ ကြားရသဖြင့် ကြည့်လိုက်သောအခါ ညို့မှိုင်းနေသော ကိုင်းတောကြီးဘက်မှ ကျောင်းရှိရာဘက်သို့ ပျံသန်းလာသော ပျားအုပ်ကြီးကို လှမ်းမြင်ရသည်။

နေရောင်အောက်တွင် ကိုင်းတောအတွင်းမှ ထွက်လာကြသော ပျားအုပ်ကြီးမှာ အကောင်အရေအတွက် များလှပြီး အနီရောင် သမ်းနေလေသည်။

ထိုပျားအုပ်မှာ အခြားမဟုတ်ပဲ အဆိပ်ပြင်းလှသော ပသန်ပျားအုပ်ပင်ဖြစ်သည်။ လူမဆိုထားနှင့် ကျွဲနွားများပင်





ရင်းတို့ ပိုင်းဝန်းအတုပ်ခံရပါက နေရာမှာပင် တုံးခနဲ လဲကျသေဆုံးနိုင်ပေသည်။

"ဒကာကြီး မျက်စိမှိတ်ထားပြီး မေတ္တာပို့ပေးလိုက်ပါ"

ဟု ဘုန်းကြီးက ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က မျက်စိမှိတ်ထားလိုက်ပြီး အားလုံးကို မေတ္တာပို့ပေးလိုက်သည်။

နီရဲနေသော ပသန်ပျားအုပ်ကြီးက ကျောင်းအတွင်းအပြင်မှာ ပျံဝဲနေသောကြောင့် တဝေါဝေါနှင့် အသံများကြားနေရသည်။

အချို့လည်း အနီးတွင် ပျံဝဲနေသည်သာမကပဲ လူကိုယ်ပေါ်သို့ပင် လာရောက်နားကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုကဲ့သို့သော အတွေ့အကြုံမျိုး မကြုံဖူးသေးသောကြောင့် စိတ်ကို တည်ငြိမ်အောင်ကြိုးစားပြီး ထိန်းနေရသည်။

ဘုန်းကြီးကတော့ မျက်စိမှိတ်ထားလျက် မေတ္တာပို့သသော စာများကို ရွတ်ဆိုနေလေသည်။ သူ့အနေနှင့် ထိုကဲ့သို့သော အတွေ့အကြုံမျိုး မကြာခဏ ကြုံတွေ့နေရဟန်ဖြင့် ထိတ်လန့်ကြောက်ရွံ့ဟန်တော့ မရှိပေ။

ပျားကောင်များက လူကိုယ်ပေါ်သို့ ဝင်ရောတ်နားရှိသော်လည်းကောင်း၊ အနီးပတ်ဝန်းကျင်မှာ ပျံသန်းနေကြသော်လည်း အန္တရာယ်ပေးခြင်းမျိုးတော့ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



အချိန်အတော်ကြာတော့မှ ၎င်းတို့အနီးမှ ပြန်ထွက်သွားကြလေတော့သည်။

အသံမကြားရတော့မှ မျက်စိဖွင့်ကြည့်လိုက်ရာ ပျားအုပ်ကြီးမှာ ကိုင်းတောကြီး ရှိရာဘက်သို့ ပျံဝဲသွားကြသည်ကို လှမ်းမြင်လိုက်ရပေသည်။

ထိုအခါမှ ဘုန်းကြီးက ပြောသည်။

"ဘောဂဗလစံအိမ်ကို သွားချင်တဲ့ ဒကာကြီးအတွက် လာပြီး သီလစမ်းတယ်လို့ပဲ သဘောထားလိုက်ပေါ့"

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်မှာ ဘောဂဗလစံအိမ်ရှိရာသို့ တစ်ယောက်တည်း မသွားလိုတော့သဖြင့် ဘုန်းကြီးအား ကန်တော့ပြီး ကျောင်းဝန်းအတွင်းမှ ပြန်ထွက်ခဲ့လေသည်။







# အခန်း (၂)

# လျှို့ဝှက်သော အကြံအစည်ရှိသူများ

**နောက်**တစ်နေ့မှာတော့ မြသင်းကြူတို့ မြေးအဖိုးကပင် လှေဖြင့်လိုက်ပို့ပေးသဖြင့် အင်းဝသို့ ပြန်ရလေသည်။ လှေပေါ်ရောက်တော့မှ ကျေးဇူးတင်စကား ဆိုရပေသည်။

"ကျွန်တော့်ကို အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်ရယ်၊ ကျုပ်တို့ မြေးအဖိုးက ခရီးသွားဟန်လွှဲ အကူအညီ ပေးရတယ်လို့လည်း မှတ်ပါတယ်၊ ဒါထက် နောက်ထပ်လာဖို့ ရှိသေးတယ် မဟုတ်လား"

"ကျန်တဲ့အဖော်တွေပါ ခေါ်ပြီးတော့ နောက်ထပ် တစ်ခေါက် လာခဲ့ပါဦးမယ်၊ ဒီတစ်ခါတော့ ဘောဂဗလစံအိမ် တို ရောက်အောင်သွားကြမှာပါ"

"ရွာဘက်ကိုရော လာခဲ့ကြဦးပေါ့"

"ဟုတ်ကဲ့ . . လာခဲ့ပါ့မယ်"

"အကူအညီလိုတော့လည်း ပြောပေါ့ကွယ်၊ ကျုပ်တို့ က နယ်ခံတွေဆိုတော့ တတ်နိုင်သလောက်တော့ အကူ အညီ ပေးနိုင်ပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာလှပါတယ်၊ ကျေးဇူး လည်း တင်ပါတယ်"

စကားတပြောပြောနှင့် လာကြရာ နေမြင့်ချိန်ရောက် သည်နှင့် အင်းဝဆိပ်ကမ်းသို့ ပြန်ရောက်သဖြင့် ဦးသက္ကနှင့် မြသင်းကြူတို့ကို နှုတ်ဆက်ပြီး ကမ်းပေါ်တက်ခဲ့လေသည်။

ထို့နောက် မြင်းလှည်းတစ်စင်းငှားပြီး ပြန်လာရာ ဦးဖန်ကောင်းနေအိမ်သို့ ပြန်ရောက်လာသည်။

ဦးဖန်ကောင်းနှင့် ကျော်စွာတို့က သူပြန်ရောက်လာ တော့မှ စိတ်အေးသွားကြဟန် တူလေသည်။

"မောင်ထင်ကျော် ပြန်ရောက်လာပြီလား၊ တစ်ည





နှစ်ညတောင် ကြာနေလို့ ကျုပ်တို့က စိတ်ပူနေကြတာ"

ဟု ပြောသည်။

ဒေါက်တာမင်းထင်ကျော်က မနော်ရမ္မာတွင် သူကြုံ တွေ့ခဲ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် ဘောဂဗလသိုက်ထဲကို ရောက်ခဲ့ပြီးပြီပေါ့"

"ရောက်တော့ရောက်ခဲ့တယ်၊ လူကိုယ်တိုင် ရောက် သွားတာလား၊ အိပ်မက်နဲ့ ရောက်သွားတာလားတော့ သေ သေချာချာ မသိရသေးဘူး"

"အို . . ဘယ်လိုနည်းနဲ့ပဲရောက်ရောက် ရောက်ဖို့ သာ အဓိကပဲ၊ ဒါထက် ဘောဂဗလ စံအိမ်ကြီးကိုတော့ မရောက်ခဲ့သေးဘူးပေါ့"

"အဘတို့ နှစ်ယောက်ပါမှ သွားဖို့ စိတ်ကူးထားတော့ မရောက်ခဲ့သေးဘူး"

"ကောင်းတာပေါ့ကွယ်၊ ဒါထက် ဘယ်လိုဆက်လုပ် ကြမလဲ"

"ဒီမှာ လိုအပ်တဲ့ အသုံးအဆောင် အစားအသောက် တွေဝယ်ပြီး တစ်ရက်နှစ်ရက်လောက် ဆိုရင်တော့ အဲဒီဘက် ကို သွားကြရင် ကောင်းမယ်အဘ"

"မောင်ထင်ကျော် ဆန္ဒရှိသလိုသာစီရင်ပါ၊ ကျုပ်တို့က တော့ သွားမယ်ဆိုရင် နောက်လိုက်ခဲ့ကြဖို့ အဆင်သင့်ပါ"

ဟု ဦးဖန်ကောင်းက တက်တက်ကြွကြွပင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာကလည်း အတွေ့အကြုံသစ်များနှင့် တွေ့ရတော့မည်မို့ စိတ်အားထက်သန်နေဟန်ရှိသည်။

နောက်တစ်နေ့မှာတော့ ဒေါက်တာမင်းထင်ကျော်တို့ရှိနေသောအိမ်သို့ လူနှစ်ယောက် ရောက်လာကြသည်။ တွေ့စက မမှတ်မိသော်လည်း နောက်တော့မှ ရောက်စရက်တွင် လက်ဘက်ရည်ဆိုင်တွင် အမှတ်မထင် တွေ့ခဲ့ဖူးသော ကိုထွန်းနှင့် ကျော်ကြီးတို့နှစ်ယောက်ဖြစ်မှန်း မှတ်မိလေသည်။

"ဘယ်ကလာကြတာလဲ"

"ဆရာတို့နဲ့တွေ့ဖို့ တမင်လာကြတာပါပဲ"

ကိုထွန်းဆိုသူက ပြောသည်။

"ကိစ္စရှိကြလို့လား"

"တခြားတော့မရှိပါဘူး၊ ဆရာတို့ မနော်ရမ္မာရောက်ကြပြီးပြီလား"

ဒေါက်တာမင်းထင်ကျော်က ကွယ်ဝှက်ပြီး မပြောချင်သောကြောင့် ရောက်ခဲ့ကြောင်း ပြန်ပြောလိုက်သည်။

"ဘောဂဗလ စံအိမ်ကိုရော ရောက်ကြသေးလား"

"မရောက်ခဲ့ဘူးဗျ၊ ဘာကြောင့်မေးတာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာတို့ ရောက်ခဲ့ပြီးရင် သတင်းစုံစမ်းချင်လို့ပါ။ ဒါထက် နောက်တစ်ခေါက် ထပ်သွားကြဦးမှာလား"

"သေသေချာချာတော့ မရှိသေးပါဘူး"





"တခြားကြောင့်မေးတာမဟုတ်ပါဘူး၊ ဆရာတို့သွားရင် နောက်ကလိုက်ခဲ့ချင်လို့ပါ"

"ဒီလိုတော့ အဆင်ပြေမယ် မထင်ဘူးဗျ၊ ကျွန်တော်တို့က နေရာအနှံ့ လျှောက်သွားနေကြတာဆိုတော့ ဘယ်နေရာရောက်မယ်လို့ မပြောနိုင်သေးဘူး"

ထိုသို့ပြောလိုက်တော့မှ နှစ်ယောက်သား ပြန်သွားကြလေသည်။ ထိုအခါမှ ကျော်စွာက ပြောသည်။

"ဒီလူနှစ်ယောက်ကြည့်ရတာ သိပ်မရိုးသားဘူး၊ တစ်ခုခုသိချင်လို့ ကျွန်တော်တို့ဆီလာပြီး စုံစမ်းကြတာဖြစ်မယ်ထင်တယ်"

"ဘာအတွက် ဖြစ်မယ်လို့ ထင်သလဲ"

ဦးဗန်ကောင်းက မေးလိုက်သည်။

"ဘောဂဗလ စံအိမ်ကြီးကို ကျွန်တော်တို့ စိတ်ဝင်စားသလို သူတို့လည်း စိတ်ဝင်စားနေကြပုံရတယ်"

"ဒီလိုဆိုရင်လည်း ကိုယ့်အစီအစဉ်နဲ့ကိုယ် သွားကြပေါ့၊ သူနဲ့ကိုယ်နဲ့ သိကျွမ်းတာမှမဟုတ်တာ ဘာလာပြီး စုံစမ်းစရာ ရှိလို့လည်းကွယ်"

ထို့နောက်မှာတော့ သုံးယောက်သား လိုအပ်သော ပစ္စည်းများ စုဆောင်းဝယ်ယူရန် အပြင်သို့ ထွက်လာကြလေသည်။

ဇင်းတို့ထံသို့ လာရောက်စုံစမ်းသွားကြသော ကို



www.burmeseclassic.com

www.burmeseclassic.com



ထွန်းနှင့် ကျော်ကြီးတို့မှာ ၎င်းတို့နေအိမ်သို့ ပြန်သွားရာ အိမ်ရောက်တော့ အဆင်သင့် စောင့်နေကြသည့် လူသုံးယောက်နှင့် တွေ့ရသည်။

ထိုသုံးယောက်မှာ မန္တလေးဘက်မှ လာကြသော ဧည့်သည်များ ဖြစ်ကြသည်။ အသက်အရွယ်ကြီးသူတစ်ယောက် ပါပြီး ယောဂီရောင် အင်္ကျီပုဆိုးတို့ကို ဝတ်ဆင်ထားပြီး သျှောင်ထုံးကို ထိပ်ပေါ်တင် ထုံးထားလေသည်။

ပိန်ပိန်ပါးပါး အရပ်မြင့်မြင့်နှင့် ပါးစပ်တွင်း၌ ကွမ်းကို မပြတ်ဝါးနေလေသည်။ ထိုလူကြီးမှာ ဦးသူတော်ဖြစ်ပြီး ၎င်းနှင့်အတူ ရှိနေသောနှစ်ယောက်မှာ သန်းရွှေနှင့်ထွန်းခတို့နှစ်ယောက်ပင် ဖြစ်၏။

ကျော်ကြီးတို့ပြန်ရောက်လာတော့ ဦးသူတော်ကမေးသည်။

"သူတို့နဲ့ တွေ့ခဲ့သလား"

"တွေ့ခဲ့တယ်ဆရာကြီး၊ မနော်ရမ္မာဘက် တစ်ခေါက်သွားပြီးတော့ ပြန်ရောက်နေပြီ"

"သွားတော့ ဘာတွေထူးသတဲ့လဲ"

"ဘာမှမပြောလိုက်ဘူး ဆရာကြီး၊ ပြောပုံအရတော့ ဘောဂဗလစံအိမ်ကိုတောင် ရောက်ခဲ့ပုံမရသေးဘူး"

ကျော်ကြီးစကားကြားတော့ ဦးသူတော်က ကွမ်းတမြုံ့မြုံ့ဝါးရင်းမှ အတော်ကြာအောင် စဉ်းစားနေသည်။





"သူတို့မှာလည်း အကြံအစည်တစ်ခုခု ရှိပုံရတယ်"

"ဆရာကြီးက သူတို့ကို သိုက်တူးမယ့်သူတွေလို့ ထင်နေလို့လား"

"သိုက်တူးမယ့်သူ မဟုတ်ရင်တောင် ငါတို့နဲ့ အကြံတူတွေ ဖြစ်မှာစိုးလို့ မင်းတို့ကို စုံစမ်းခိုင်းရတာပေါ့"

"ဒါထက် ဆရာကြီးကို မေးရဦးမယ်၊ ဘောဂဗလစံအိမ်ကြီးရဲ့အောက်မှာ တကယ်ရော ရွှေငွေရတနာတွေ ရှိနိုင်ပါ့မလား"

ကိုထွန်းက မေးလိုက်ခြင်း ဖြစ်သည်။

"ရှိတာပေါ့၊ မင်းတို့ အင်းဝမှာ နေကြပြီးတော့ ဒီအကြောင်းတွေ မသိဘူးလား"

"ကြားသင့်သလောက်တော့ ကြားပါတယ်၊ ဒါပေမယ့် ရွှေငွေဥစ္စာပစ္စည်းတွေကို သိုက်စောင့်တွေ ဘုမ္မစိုး၊ ရုက္ခစိုးတွေက နေရာရွှေ့ထားကြတယ်လို့ ကြားတော့ကြားမိတယ်"

"ဒီလိုရှိတော့လည်း သက်ဆိုင်ရာပညာတွေနဲ့ ဖော်ထုတ်ရင် ရနိုင်ပါတယ်"

"အားကိုးပါရစေ ဆရာကြီးရယ်၊ ဒါထက် ဘောဂဗလ စံအိမ်အောက်မှာ မြှုပ်ထားခဲ့တဲ့ ရွှေငွေရတာနာတွေက ရော အတော်များသတဲ့လား"

ကျော်ကြီးက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"များတာပေါ့ကွာ၊ ရွှေနဲ့လုပ်ထားတဲ့ အုတ်တစ်ချပ်ဆိုရင်တော့ လေးငါးပိသာလောက်ရှိတယ်၊ အဲဒီလို အုတ်ချပ်တွေက ဧစတီတစ်ဆူလောက် များတယ်ဆိုတော့ တကယ်လို့သာ မြင်ရရင် ရွှေပုံကြီးတစ်ပုံလောက် မြင်ရမှာပေါ့"

ဦးသူတော် စကားကြားတော့ အနားမှာရှိနေကြသည့် ကိုထွန်းကျော်ကြီး ထွန်းရွှေနှင့် ထွန်းခတို့ လေးယောက်မှာ ယခုလောလောဆယ်မှာ ဘာမှဖြစ်မလာသေးကြသော်လည်း အတွေးထဲမှာတော့ ရွှေပုံငွေပုံကြီးများကို မြင်ယောင်နေကြလေသည်။

"မင်းတို့သိအောင် ပြောရရင် ဘောဂဗလသိုက်ထဲမှာ သူဌေးကြီးပိုင်တဲ့ ရွှေငွေရတနာတွေအပြင် တခြား ရွှေငွေရတနာတွေပါ ရှိသေးတယ်"

"ဘယ်လိုရတနာမျိုးတွေလည်း ဆရာကြီး"

"ဥပမာပြောရရင် သိုက်ကလေးတွေမှာရှိတဲ့ ရွှေငွေရတနာတွေအပြင် တခြားပစ္စည်းတွေပါ သိုက်ကြီးတွေထဲမှာ ထားကြရတယ်"

"ဘယ်လိုကြောင့်လဲ ဆရာကြီး"

"လူ့လောကမှာ ဥစ္စာပစ္စည်း ချမ်းသာတဲ့လူတွေက ပိုလျှံတဲ့ ရွှေငွေတွေကို ငွေတိုက် ဘဏ်တိုက်တွေမှာ အပ်နှံထားသလိုမျိုး သိုက်ကလေးတွေမှာရှိကြတဲ့ ရတနာတွေကိုလည်း သိုက်ကြီးတွေမှာ သိမ်းထားတာမျိုး အပ်နှံထားတာမျိုး





ရှိကြတယ်"

"ဘယ်လိုကြောင့်လည်း ဆရာကြီး"

"သိုက်ကလေးတွေမှာထားတော့ စိတ်မချရဘူး၊ သာမန်သိုက်တူးတဲ့သူတွေက တူးဖော်ယူသွားလို့ရတယ်၊ သိုက်ကြီးတွေမှာကျတော့ လွယ်လွယ်နဲ့မရနိုင်ဘူးပေါ့၊ ဒါကြောင့် သက်ဆိုင်ရာ အစောင့်အရှောက်ပုဂ္ဂိုလ်တွေက တချို့နေရာက သိုက်ဝင်ပစ္စည်းတွေကို အထိကရ သိုက်ကြီးတွေ အတွင်းကို ပို့ပေးထားကြလေ့ရှိတယ်"

"တော်တော်ဆန်းကြယ်တာပဲ"

"ဒါကြောင့် ဖလန်နန်ရွာဘက်မှာ နန်းမတော်မယ်နုသိုဝှက်ခိုင်းတဲ့ နန်းစဉ်ရတနာတွေတောင် ဘောဂဗလသိုက်ကြီးထဲ ပို့ထားပြီးပြီလို့ သတင်းကြားရတယ်"

ဦးသူတော်က ကွမ်းယာအဟောင်းကိုထုတ်ပြီး ကွမ်းယာအသစ်တစ်ယာကိုပါ ပါးစပ်တွင်းထည့်ကာ ဝါးနေလေသည်။

"နန်းစဉ်ရတနာတွေက ဘယ်လောက်တောင် များသလဲ ဆရာကြီး"

"စိန်နဲ့လုပ်ထားတဲ့ လက်ဝတ်ရတနာတွေ၊ ပတ္တမြားနဲ့လုပ်ထားတဲ့ လက်ဝတ်ရတနာတွေ အပါအဝင် နန်းစဉ်သုံးရတနာတွေက သေတ္တာတစ်လုံးစာရှိတယ်၊ စိန်လက်စွပ်၊ မြလက်စွပ်၊ ပတ္တမြားနဲ့လုပ်ထားတဲ့ လက်စွပ်တွေဟာ နဖား



www.burmeseclassic.com

www.burmeseclassic.com



ကြိုးနဲ့ သီရင်တောင် ကြိုးတစ်ချောင်းစာမကဘူးလို့ သိရတယ်"

ဦးသူတော် စကားကြားတော့ ကျန်လေးယောက်မှာ မရသေးသော်လည်း ရနိုင်သကဲ့သို့ တွေးတောပြီး အကျေနပ်ကြီး ကျေနပ်နေကြလေသည်။

"ဒါထက် ဆရာကြီးကို မေးရဦးမယ်"

ကိုထွန်းဆိုသူက စကားစလိုက်သည်။

"ဘာများလဲ"

"ကျွန်တော်တို့ သိရသလောက်တော့ ဘောဂဗလစံအိမ်ကြီးမှာ တပ်ထားတဲ့ စက်ကြိုးယန္တယားတွေက အခုထိရှိနေသေးတယ်လို့ သတင်းကြားမိတယ်၊ ဝင်တဲ့လူတိုင်း သေကြသတဲ့ ဆရာကြီး၊ ကျွန်တော်တို့ ဝင်လို့ကော ရနိုင်ပါ့မလား"

ထိုစကားကြားတော့ ဦးသူတော်က ပါးစပ်ထဲမှ ကွမ်းတံတွေးကို ထွေးခံထဲ ထွေးချလိုက်ရင်း ပြန်ပြောသည်။

"ငါလည်း အရပ်တကာလှည့်ပြီး သိုက်တူးနေတဲ့သူပါကွာ၊ ဒါပေမယ့် ငါ့မှာရှိတဲ့ ဆေးဝါးမန္တယားတွေက သိုက်စောင့်တွေ နာနာဘာဝတွေကိုပဲ နိုင်တာကွ၊ စက်ကြိုးယန္တယားတွေနဲ့ ဆင်ထားတဲ့ အန္တရာယ်တွေကိုတော့ ငါလည်း မတတ်နိုင်ဘူး"

ထိုစကားကြားတော့ စောစောက တက်ကြွနေသော လူလေးယောက်တို့၏စိတ်မှာ လေလျော့သွားသော ပူဖောင်း





ကဲ့သို့ တဖြည်းဖြည်းနှင့် လျော့ကျသွားကြလေသည်။

"ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ဒါကြောင့် မင်းတို့ကို လေ့လာခိုင်းကြည့်နေတာပေါ့၊ အခု ဘလဲ့ဘကို ရောက်နေတဲ့ ဧည့်သည်တွေက ဘောဂဗလစံအိမ်ကို လေ့လာကြမယ့်လူတွေလို့ သတင်းကြားထားပြီးပြီ မဟုတ်လား"

"ဟုတ်တယ်ဆရာကြီး၊ ကျွန်တော်တို့ မသိမသာသွားပြီး စုံစမ်းကြည့်တော့ အဲဒီလိုပဲ ပြောလိုက်တယ်"

ကျော်ကြီးက ပြောသည်။

"သူတို့ကြည့်ရတာ ခေတ်ပညာတတ်တွေ ဖြစ်ပုံရတယ်၊ သူတို့ ဘာလုပ်တယ်ဆိုတာ စောင့်ပြီးလေ့လာကြည့်ရမယ်၊ သူတို့ အဲဒီဘက်မသွားခင် ငါတို့ အရင်ရောက်နှင့်အောင် သွားပြီး လေ့လာကြည့်ထားကြတာ ပိုကောင်းမယ်ထင်တယ်"

"ဆရာကြီး ကောင်းသလိုသာ စီစဉ်ပါ၊ ကျွန်တော်တို့ကတော့ ဆရာကြီးနောက်ကလိုက်ပြီး ဆရာကြီး ခိုင်းစေတာလုပ်ပါ့မယ်"

ဟု ပြောဆိုတိုင်ပင်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၃)

# နှစ်လေးရာကျော်က ထိတ်လန့်ဖွယ်ရာမြင်ကွင်း

**နောက်**တစ်ရက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့ ခရီးထွက်ရန် ပြင်ကြလေသည်။

လိုအပ်သောပစ္စည်းများ ဝယ်ယူစုဆောင်းကာ အိတ်များဖြင့်ထည့်ကာ တပါတည်း ယူဆောင်သွားကြသည်။

ခရီးထွက်တော့ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ကျော်စွာတို့သုံးယောက်အပြင် ဦးဗန်ကောင်းနှင့် သိကျွမ်းနေကြသော ဒေသခံသုံးယောက်ကိုပါ သင့်တော်သောငွေကြေးပေးပြီး ခေါ်သွားသဖြင့် စုစုပေါင်း(၆)ယောက် ဖြစ်သွားကြလေသည်။

ဒေသခံသုံးယောက်မှာ သံပချိုင်၊ စောထီးနှင့် ငမဲအောင်တို့ သုံးယောက်ပင် ဖြစ်၏။ သုံးယောက်စလုံး၊ လယ်သမား၊ ကိုင်းသမားများ ဖြစ်သည့်အပြင် ထိုဒေသအကြောင်းကိုလည်း စိတ်ဝင်စားကြသူများ ဖြစ်သည်။

အထူးသဖြင့် ဘောဂဗလ စံအိမ်အကြောင်းကို ပို၍ စိတ်ဝင်စားကြသော်လည်း ဦးဆောင်ခေါ်မည့်သူ မရှိသောကြောင့် မသွားဖြစ်ကြခြင်းဖြစ်ရာ ယခုမှ သွားခွင့်ကြုံကြခြင်းဖြစ်သည်။

၎င်းတို့ (၆)ယောက်သည် အထုပ်အပိုးများ သယ်ဆောင်ကာ မြစ်ကမ်းသို့ မြင်းလှည်းငှားကာ သွားကြလေသည်။

မြစ်ကမ်းရောက်တော့ လှေတစ်စင်းကို သီးခြားငှားပြီးနောက် မနော်ရမ္မာဘက်သို့ သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ မကြာသေးခင်က ထိုလမ်းကို တစ်ခေါက်သွားခဲ့ပြီးဖြစ်ရာ ယခုလို လှေဖြင့် တစ်ခေါက်သွားရသောအခါ မြသင်းကြူတို့ မြေအဖိုးကို သတိရမိလေသည်။





လမ်းရောက်တော့ လှေသမားက မေးသည်။

"ဆရာတို့ကို ဘယ်နေရာ ပို့ပေးရမလဲဗျ"

"ကျွန်တော်တို့က ဘောဂဗလစံအိမ်ကြီး ရှိတဲ့နေရာ သွားပြီး လေ့လာကြည့်ချင်လို့ပါ၊ ကမ်းနဲ့ အနီးဆုံး နေရာကိုသာ ပို့ပေးပါ"

"ကမ်းနဲ့တော့ သိပ်မဝေးလှပါဘူး၊ ဒါပေမယ့် ကြားထဲမှာတော့ ကိုင်းတောကြီး ခံနေတယ်၊ အဲဒီအထဲက ဖြတ်သွားရင် ရောက်ပါတယ်၊ ဒါထက် အရင်က လာဖူးကြသလား"

"မရောက်ဖူးပါဘူး"

"ကြားတာတော့ အဲဒီနေရာတွေက နည်းနည်းကြမ်းတယ်လို့ သတင်းကြားတယ်၊ သတိထားပြီး သွားကြပေါ့"

ထိုကဲ့သို့သော သတိပေးစကားကို မကြာခဏ ကြားနေရသောကြောင့် ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါဖြင့် အဲဒီနေရာဘက်ကို အသွားအလာ မရှိဘူးလား"

"ဒေသခံတွေကတော့ အကြောင်းမရှိပဲ သိပ်မသွားကြပါဘူး၊ တခြားက လာတဲ့လူတွေကတော့ သွားကြတယ်ဗျ၊ အများအားဖြင့်တော့ ရွှေငွေရတနာရှာချင်တဲ့လူတွေ ပြောမှာပေါ့ဗျာ၊ တစ်နေ့ကတောင် လူငါးယောက် အဲဒီကို သွားချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုလို့ ကျုပ်ပဲ လိုက်ပို့ပေးလိုက်ရသေးတယ်”

ဟု ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ ၎င်းတို့အရင် အခြားတစ်ဖွဲ့ ရောက်နေလိမ့်မည်ဟု တွေးလိုက်မိသည်။

၎င်းတို့အဖွဲ့ကို တင်ဆောင်လာသောလှေက တရွေ့ရွေ့နှင့် ဆန်တက်လာရာ ညနေပိုင်း အချိန်ရောက်မှ ကိုင်းတောကြီးရှိရာသို့ ရောက်လာကြသည်။ ထိုနေရာရောက်တော့ လှေသမားက လှေကို ကမ်းသို့ကပ်ပေးလေသည်။

“ဒီနေရာကနေ အရှေ့ဘက်ကိုတက်သွားရင် ဘောဂဗလ စံအိမ်ရှိတဲ့နေရာကို နီးတယ်”

ဟု ပြောသဖြင့် လှေသမားကို ကျသင့်ငွေပေးပြီး မိမိတို့ပါလာသော အထုပ်များကို သယ်ယူပြီး ကမ်းပေါ် တက်ကြရသည်။

သဲသောင်ပေါ် ရောက်သည်နှင့် လှေသမားက ပြန်ထွက်သွားလေသည်။

ထို့နောက် သောင်ပြင်ပေါ်မှဖြတ်ကာ ကမ်းပေါ် တက်ကြလေသည်။ ကမ်းပေါ်မှာရှိသော ကိုင်းတောကြီးမှာ အတော်ပင် ကောင်းလှလေသည်။ ရေနှင့်နီးပြီး မြေကောင်းသောနေရာ ဖြစ်သောကြောင့် ကိုင်းပင်ကြီးများကဲ့သို့ ကြီးထွားပြီး အပင်ကလည်း မြင့်မားသည်။





အရွက်ဖားဖားကြီးများက အရွက်ချင်းယှက်နေသောကြောင့် အဝေးမှကြည့်လျှင် လူတိုးမပေါက်လောက်အောင် ညို့မှိုင်းလျက် ရှိနေတော့သည်။

အချိန်ကလည်း ညနေစောင်း အချိန်သို့ ရောက်နေချေပြီ၊ အနောက်ဘက်ကမ်းမှ ဖြာတက်နေသော နေဝင်ချိန်ဆည်းဆာရောင်များက ဒုဗ္ဗာဝတီ မြစ်ရေပြင်ကို ဖြတ်လာပြီး အရှေ့ဘက်ကမ်းသို့ ရောက်နေချေသည်။

လှပသောအချိန် ဖြစ်နေသော်လည်း သူတို့က အလုပ်ကိစ္စနှင့် လာကြသူများ ဖြစ်ကြသဖြင့် ပတ်ဝန်းကျင်ကိုပင် ဂရုမစိုက်နိုင်ကြပါချေ။

ကမ်းပေါ်ရောက်တော့ ကိုင်းတောကြီး အစပ်သို့ ရောက်သွားကြသည်။ ၎င်းတို့အရင် သွားကြသူများ ခုတ်ထွင်ရှင်းလင်းထားခဲ့သော လမ်းဟောင်းအချို့ ရှိနေသော်လည်း ကိုင်းတောကြီးအတွင်းမှာတော့ မှောင်စပျိုးနေချေပြီ။

“ဘယ်လိုလုပ်ကြမလဲ”

ထိုနေရာရောက်တော့ ဦးဇန်ကောင်းက မေးလိုက်သည်။

“ကိုင်းတောထဲမှာ တစ်ညနားဖို့တော့ မဖြစ်ဘူးထင်တယ်၊ ဟိုဘက်ကိုရောက်အောင် ဖြတ်သွားပြီးမှ နားကြရင် ပိုမကောင်းဘူးလား”

“ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မျိုးမှာ ကိုင်းတောကြီးထဲက ဖြတ်သွားရင် မြွေတော့ သတိထားရမယ်”

ဟု ပြောပြီး လက်နှိပ်မီး၊ ဓား စသည်တို့ကို ထုတ်ယူပြီး ကိုင်းတောအတွင်းသို့ ဝင်ကြလေသည်။

အတွင်းမှာတော့ လူဝင်လိုက်သည်နှင့် ခြင်ရိုင်းများက တဝေါဝေါနှင့် ပျံသန်းနေကြလေသည်။

အတွင်းဘက်ရောက်တော့ ခုတ်ထွင်ရှင်း လင်းထားသော လမ်းဟောင်းများကို တွေ့ကြရသည်။ အချို့နေရာများမှာတော့ မကြာသေးခင်ကမှ ခုတ်ထွင်ထားခဲ့သော ကိုင်းပင်ပြတ်များကို တွေ့ရသည်။

“လှေသမား ပြောလိုက်တဲ့အတိုင်း ဆိုရင်တော့ ရှေ့ကသွားတဲ့လူတွေ ဒီလမ်းဟောင်းကပဲ သွားကြတာဖြစ်မယ်”

ထိုသို့ပြောရင်းသွားရာ တစ်နေရာရောက်တော့ ကိုင်းပင်များတွင် မကြာသေးခင်ကမှ စွန်းပေနေသည့် သွေးကွက်ကြီးများ ရှိနေပြီး ယင်မမည်းရိုင်းများက ဝိုင်းအုံနေကြသည်။ ၎င်းတို့အနားရောက်တော့မှ တဝေါဝေါနှင့် ထပျံကြလေသည်။

ကိုင်းတောကြီးမှာ အတော်ပင် ကျယ်ဝန်းလှပေရာ ထိုအတွင်းသို့ ရောက်နေသူတို့မှာ ထွက်လမ်းရောက်ဖို့ပင် အတော်ပင် ကြိုးစားနေရလေသည်။

ထိုသို့သွားရင်းနှင့်ပင် အမှောင်ရိပ်က ပိုများလာသ





ဖြင့် ပါလာသော လက်နှိပ်မီးများကို အသုံးချပြီး သွားကြရသည်။

တစ်နေရာရောက်တော့ အဆိပ်ပြင်းသော မြွေဟောက်တစ်ကောင်က ကိုင်းပင်များကြားမှ ထွက်လာပြီး ၎င်းတို့ရှိရာဘက်သို့ လာနေသဖြင့် စောထီးက တုတ်နှင့် ခြောက်လှန့်ပစ်တော့မှ ရှောင်သွားလေသည်။

သို့သော် တစ်မျိုးပြောင်းသွားသော်လည်း နောက်တစ်မျိုးက ရောက်လာပြန်လေသည်။ အခြားမဟုတ်ပေ။

သူတို့ ရောက်နေသော နေရာနှင့် မနီးမဝေးရှိ ကိုင်းတောကြီးအတွင်းမှ တဝေါဝေါနှင့် အသံများ ကြားလာရလေသည်။

ထိုအသံများကြားတော့ မဟာဗောဓိကုန်းမှ ဘုန်းကြီးကျောင်းသို့ ရောက်ခဲ့စဉ်က နီရဲနေကြသော ပသန်ပျားအုပ်ကြီး ရောက်လာပုံကို ပြန်လည်သတိရမိပေသည်။

ထိုအခိုက်မှာပင် တဝေါဝေါနှင့် ပျံသန်းလာကြသော ပျားအုပ်ကြီးက သူတို့ရောက်နေသည့် နေရာအပေါ် တည့်တည့်သို့ ရောက်လာလေတော့သည်။

“အသံမထွက်ကြပဲ မီးတွေပိတ်ထားပြီး ငြိမ်နေကြ”

ဟု ဦးဇန်ကောင်းက ပြောသဖြင့် ကိုင်းတောအတွင်းမှာ ငြိမ်သက်စွာ ဝပ်နေကြရလေသည်။

ပျားအုပ်ကြီးမှာ ဘုန်းကြီးကျောင်း၌ တွေ့ခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



ပျားအုပ်ကြီးပင် ဖြစ်ဟန်ရှိလေသည်။ အတော်ပင် များလှပြီး ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသည်။

လူသူဝေးပြီး ထိုမျှကြီးမားသော ကိုင်းတောကြီးထဲတွင် ပျားအုံများ ရှိနေသည်က မဆန်းသော်လည်း ထိုမျှများပြားသောပျားအုံမျိုး ရှိနေသည်ကတော့ အတော်ပင်ထူးဆန်းလှသည်။

ပျားကောင်အရေအတွက် များသည့်အပြင် ကိုင်းပင်များနှင့်လွတ်ရုံ ခေါင်းပေါ် တစ်ဝိုက်မှာပင် ပျံဝဲနေသဖြင့် အသံများက ဆူညံနေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ပျားအုပ်ကြီး မပျံမချင်း ငြိမ်သက်နေကြရပေရာ မှောင်စပျိုးသည့် အချိန်သို့ပင် ရောက်လာလေသည်။

"ပျားအုပ်ကြီး မပြန်ရင်တော့ ဒီကိုင်းတောထဲမှာတင် ညအိပ်ရမယ်နဲ့ တူတယ်"

ဟု ကျော်စွာက လေသံတိုးတိုးနှင့် ပြောသည်။

"ဘာမှစိတ်မပူပါနဲ့၊ ဒီနေရာတစ်ဝိုက်မှာရှိကြတဲ့ သိုက်စောင့်တွေက သီလ စမ်းကြည့်တယ်လို့ပဲ သဘောထားပြီး ငြိမ်ငြိမ်သာနေပါ"

ဟု ဦးဇန်ကောင်းဓာ ပြန်ပြောသဖြင့် ကျော်စွာလည်း နောက်ထပ် စကားမဆက်တော့ပေ။

ပျားအုပ်ကြီးက ကိုင်းတောအပေါ် တွင် အတော်ကြာ





အောင် တဝေါဝေါနှင့် ပျံဝဲနေကြပြီး ညဦးပိုင်းအချိန်ရောက်တော့မှ လှည့်ပျံသွားကြလေတော့သည်။

၎င်းတို့မရှိတော့ ပတ်ဝန်းကျင်မှာ အသံများ ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။ ထိုအခါမှပင် အားလုံး နေရာမှထပြီး ခရီးဆက်ကြရပြန်လေသည်။

သို့သော် မှောင်နေပြီကတစ်ကြောင်း ကိုင်းတောထဲတွင် အမှတ်အသားများ မတွေ့ရတော့သဖြင့် ကိုင်းတောအတွင်း၌ပင် ဝဲလည်နေကြသည်။

၎င်းတို့ရောက်နေသော ကိုင်းတောကလည်း သာမန်ကိုင်းတောမျိုး မဟုတ်ပေ။ မျက်စိတဆုံး ကျယ်ဝန်းလှပြီး ကိုင်းပင်များကလည်း မြင့်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို လှမ်းမမြင်နိုင်ကြပေ။

ထိုအခိုက်မှာပင် အရှေ့ဘက် ကောင်းကင်ပြင်မှာ လရောင်ထွက်လာလေသည်။ လမထွက်သေးသော်လည်း အလင်းရောင်များက တက်လာခြင်းဖြစ်ပေရာ ထိုအလင်းရောင်များကို မြင်ရတော့မှ အရှေ့ဘက်အရပ်ကို ခန့်မှန်း၍ရသွားကြသည်။

"ဒုတ္တဝတီမြစ်က ကိုင်းတောကြီးရဲ့ အနောက်ဘက်မှာရှိတယ်၊ ဘောဂဗလ စံအိမ်ကြီးက အရှေ့ဘက်မှာ ရှိတယ်လို့တော့ ကြားမိတယ်၊ လရောင်တက်လာတဲ့ဘက်က အရှေ့ဘက်ပဲ အဲဒီကိုသွားကြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတိုင်ပင်ကာ အရှေ့ဘက်သို့ ဦးတည်ပြီး လျှောက်ကြလေသည်။ ရှေ့ဘက်၌ ရေးခဲ့သည့်အတိုင်း ကိုင်း တောကြီးမှာ ကျယ်ဝန်းလှသည့်အပြင် ပျားအုပ်ကြီးက လာ ရောက်နှောက်ယှက်သဖြင့် ကိုင်းတောထဲမှာ ခေါင်းမဖော်ဝံ့ အောင် ဝပ်နေကြရသဖြင့် အချိန်နှောင့်နှေးနေကြရခြင်း ဖြစ် ပေသည်။

အရှေ့ဘက်မှ လရောင်ထွက်လာသဖြင့်. . လမ်း လျှောက်ရတာ အဆင်ပြေသည် ဆိုရသော်လည်း အမှောင် ရိပ်များ ဖုံးလွှမ်းနေသည့် ကိုင်းတောတွင်းမှာ အဆိပ်ပြင်း သော မြွေများရှိနေသဖြင့် သတိထားပြီး လျှောက်ကြရပေရာ ထင်သလောက် ခရီးမတွင်ဘဲ ရှိနေကြသည်။

ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ တိုက် တိုက်ဆိုင်ဆိုင် ပျားအုပ်ကြီး ရောက်လာခြင်းမှာ ကိုင်းတော အတွင်း၌ အချိန်နှောင့်နှေးမှုဖြစ်စေရန် အနှောက်အယှက် ပေးကြလေရော့သလားဟု ထင်နေမိသည်။

တဖြည်းဖြည်းနှင့် လျှောက်လာကြရာ တစ်နေရာ ရောက်တော့ လူသံသူသံများ ကြားကြရသဖြင့် ရပ်တံ့ကာ နားစွင့်ကြည့်လိုက်ကြသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ နေရာအနှံ့ ခရီးသွား လာနေကြရာ ထူးဆန်းသော အတွေ့အကြုံများစွာတို့လည်း ရှိကြပေသည်။





ညဘက်တွင် ကျတ်ရွာသို့ရောက်သွားပြီး နောက် တစ်နေ့မှ လူမရှိသောနေရာမှ ထပြန်ခဲ့ရသည်မှာ အကြိမ် ကြိမ် တွေ့ကြုံခဲ့ဖူးပြီ ဖြစ်သောကြောင့် ယခုကြားရသောအသံ များမှာ သာမန်မဟုတ်မှန်းတော့ သိကြပေ၏။

ထို့ကြောင့် အသံကြားသည်နှင့် ရပ်တန့်လျက် တစ် ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

ကြားနေရသော အသံများက သူတို့ရောက်နေသော နေရာနှင့် မဝေးလှသောကြောင့် သဲသဲကွဲကွဲ ကြားနေကြရ သည်။

"ခင်ဗျားတို့ ဘယ်သွားကြမှာလဲ"

တစ်နေရာမှ မေးသံကြားရသဖြင့် အားလုံးအံ့ဩ သွားကြလေသည်။

သို့သော် သူတို့ကိုမေးနေခြင်းမဟုတ်ပဲ ၎င်းတို့အချင်း ချင်း မေးနေဟန်ရှိသည်။ မေးသံဆုံးတော့ ဖြေသံကိုပါ တစ် ဆက်တည်း ကြားရသည်။

"ကျုပ်တို့က မိန်းမတောင်းဖို့ လာကြတာပါ"

"အချိန်မတော်မှ ဘယ်မိန်းမ သွားတောင်းကြမှာလဲ"

"သူဌေးကြီး ဘောဂဗလရဲ့သမီး မြလေးနွယ်ကို သွား တောင်းကြမှာပါ"

"ရာရာစစ နန်းသုံးတော်ဝင် သူဌေးတစ်ဦးရဲ့ တစ်ဦး တည်းသောသမီးကို ဆင်းရဲသားတွေက လာတောင်းကြရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့၊ အမဲရိုးမှ ဟင်းအိုးကိုမှ အားမနာကြပလေတယ်"

"ခင်ဗျား ဒီလိုတော့ မပြောပါနဲ့၊ ကျုပ်က တခြားလူ မဟုတ်ပါဘူး၊ ဘောဂဗလစံအိမ်မှ စက်ကြိုးယန္တယားတွေ တပ်ဆင်ပေးခဲ့တဲ့ စက္ကောမဆရာပါ၊ သူဌေးကြီးကိုယ်တိုင် မှာထားလို့ သွားကြမှာပါ"

"မင်းနာမည် ဘယ်သူလဲ"

"မောင်ဒီပပါ"

"ကောင်းတာပေါ့ကွာ၊ ငါတို့ သူဌေးကြီးကလည်း မင်းတို့ကို မှာသလို ငါတို့ကို သေသေချာချာ မှာထားတာ ရှိပါသေးတယ်၊ တခြားတော့ မဟုတ်ပါဘူး၊ သူ့သမီးကို တောင်းရမ်းဖို့လာကြရင် ဧည့်ခံပေးရမယ်တဲ့၊ ကဲ. . ဒီတော့ ငါတို့ကလည်း ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံပေးကြရုံပေါ့ကွာ"

ဟု ပြောဆိုနေသော အသံများတိတ်သွားပြီးနောက် ဆူဆူညံညံအသံများ ကြားရလေတော့သည်။

ကြိမ်းမောင်းသံ၊ ကြောက်လန့်တကြား အော်ဟစ်သံ၊ တောင်းပန်ပြောဆိုသံများ၊ ပြေးလွှားသံ၊ မားခုတ်သံ၊ လှံထိုးသံ၊ ငြီးငြူသံတို့ကို ကြားနေကြရသည်။

မြင်ကွင်းကို မမြင်ရသော်လည်း အအသံများကြားရရုံနှင့်ပင် စိတ်မချမ်းသာစရာ ကောင်းလှသည်။

"ဝိုင်းသတ်နေတာဖြစ်မယ်၊ သွားပြီး ကယ်ပေးရင် ကောင်းမယ်ထင်တယ်"





ကျော်စွာက ပြောလိုက်သည်။

"မင်းကယ်ချင်ပေမယ့်လည်း မရတော့ပါဘူး မောင်ကျော်စွာရယ်၊ အခု အသံကြားနေရတဲ့လူတွေ သေခဲ့ကြတာ နှစ်ပေါင်းလေးရာကျော်လောက် ရှိကရောပေါ့"

"ဟင်. ."

ဦးဗန်ကောင်း စကားကြားတော့ ကျော်စွာသာမကပဲ အခြားသူများပါ အံ့သြသွားကြလေသည်။

ခဏကြာတော့ ကြားနေရသော အသံများ တဖြည်းဖြည်းနှင့် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။

ထူးထူးခြားခြား ဘာသံမှမကြားရတော့ပဲ စောစောကအတိုင်း တိတ်ဆိတ်ငြိမ်သက်သွားသောကြောင့် ဒေါက်တာမင်းထင်ကျော်တို့မှာ ရှေ့သို့ဆက်လျှောက်လာရာ တစ်နေရာရောက်တော့ ကိုင်းပင်များ ကျိုးကြေနေပြီး ကွက်လပ်ကြီးဖြစ်နေသောနေရာသို့ ရောက်သွားကြလေသည်။

"ဟင်. ."

ထိုနေရာရောက်တော့ တွေ့မြင်ရသော မြင်ကွင်းက မကောင်းလှပေ။

အင်းဝခေတ်ကဝတ်သော အဝတ်အစားများ ဝတ်ဆင်ထားကြသော လူတစ်စုမှာ ဒဏ်ရာအသီးသီးရသော နေရာမှာတင် သေဆုံးနေကြလေသည်။

(၁၅)ယောက်ခန့်ရှိပြီး တစ်ဦးတစ်ယောက်မှ အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်နိုင်ကြတော့သည့် လက္ခဏာမျိုး မတွေ့ရတော့ပေ။

လောလောဆယ် စွန်းပေနေသော သွေးစက် သွေးကွက်များက နေရာအနှံ့၌ စွန်းပေနေကြသည်။

အားလုံး စိတ်မကောင်းစွာနှင့် ကြည့်နေကြစဉ်မှာ သေဆုံးနေသူများမှာ အိပ်ပျော်ရာမှ ပြန်ထလာသကဲ့သို့ တစ်ယောက်ပြီးတစ်ယောက် ပြန်ထလာကြလေသည်။

ထိုသို့ပြန်ထလာသောအခါ ဒဏ်ရာဒဏ်ချက်များလည်း မရှိတော့သလို သွေးကွက်သွေးစက်များလည်း မရှိတော့ပေ။

"ထကြဟေ့. . ထကြ၊ မိန်းမတောင်းပေးရမယ့် ကိစ္စက မပြီးသေးဘူး၊ သွားကြရအောင်"

ဟု အချင်းချင်းနှိုးဆော်ကြသည်နှင့် အားလုံး ပြန်ထလာကြကာ အမှောင်ဖုံးနေသော ကိုင်းတောကြီးအတွင်းသို့ အသီးသီး အလျှိုလျှို ဝင်သွားကြရာ ကြည့်နေရင်းနှင့်ပင် လူလည်းပျောက် အသံလည်း ပျောက်သွားလေတော့သည်။

"ဘယ်လိုဖြစ်တာလည်း အံ့ဩစရာ ကောင်းလိုက်တာ၊ ကျုပ်တို့လည်း အင်းဝမှာ နေကြတာ၊ အတော်ကြာပါပကောလား၊ ဒီလိုထူးဆန်းတာတွေ တစ်ခါမှ မတွေ့ဖူးသေးဘူး"

အတူပါလာသော သံပချိုင်က တအံ့တဩ ပြောလိုက်လေသည်။





"ဒါက အစပဲရှိပါသေးတယ်၊ ဒီနေရာတွေက ဘောဂဗလသိုက်ကုန်းနဲ့ ပတ်သက်တဲ့ အထိကရနေရာတွေပဲ ဒီနေရာတွေမှာ အကြောင်းအမျိုးမျိုးကြောင့် သေခဲ့ကြရတဲ့လူတွေ ဘယ်လောက်တောင် ရှိကြမယ်မသိဘူး"

"စောစောက လူတွေက ဘာတွေလဲ"

"စက္ကောမပညာရှင် မောင်ဒီပရဲ့ ဆွေမျိုးသားချင်းတွေ ဖြစ်မှာပေါ့၊ သူတို့ သေဆုံးခဲ့ကြတာ နှစ်ပေါင်းလေးရာကျော်လောက်တောင် ရှိရောပေါ့၊ ဒါပေမယ့် အမျှအတန်းဝေပေးမယ့်သူ မရှိ၊ သူတို့အတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးမယ့်သူ မရှိနဲ့ မကျွတ်မလွတ်တဲ့ ဘဝမှာပဲ ရှိကြသေးတယ်၊ နှစ်ပေါင်းလေးရာကျော်က ပရလောကသားတွေဆိုရင် မမှားဘူးပေါ့ကွယ်"

ဦးဗန်ကောင်း စကားကြားတော့ အံ့ဩသူကအံ့ဩ၊ သနားသူကသနား၊ စိတ်မကောင်းဖြစ်သူက ဖြစ်ကြရလေသည်။

ထို့နောက်မှာတော့ နောက်ထပ် ထူးထူးခြားခြား မတွေ့ကြရသဖြင့် လထွက်လာသောအခါ ကိုင်းတောကြီးအတွင်းမှ အပြင်သို့ ထွက်ကြရလေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၄)

# အိမ်ကြီးမာယာ ဝင်္ကပါ

အချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်၏။

ကောင်းကင်ပေါ်မှာ လရောင်က မြင့်တက်လာပြီဖြစ်ရာ ပတ်ဝန်းကျင်ကို သင့်တော်သလောက် လှမ်းမြင်ကြရလေသည်။

သူတို့အဖွဲ့ ထွက်လာခဲ့သော ကိုင်းတောကြီးမှာ ငွေရောင်ဆမ်းထားသည့်နှယ် ထွန်းလင်းတောက်ပနေသော လ



www.burmeseclassic.com

www.burmeseclassic.com



ရောင်အောက်မှာ လေအဖိတွင် တအိအိနှင့် မှိုင်းညို့လျက် ရှိနေပေတော့သည်။

သူတို့ရောက်သွားသောနေရာမှာ ဘောဂဗလစံအိမ် ဟောင်းကြီးရှိသောနေရာနှင့် မဝေးလှပေ။ လှမ်းကြည့်လျှင် ဝိုးတဝါး လှမ်းမြင်ရသော အနေအထားတွင် ရောက်နေကြခြင်း ဖြစ်ပေသည်။

မြူနှင်းများ ဝေ့ဆိုင်းစပြုနေသော လရောင်အောက်တွင် လှမ်းမြင်နေကြရသည်။

အဝေးမှကြည့်လျှင် တစ်ချိန်က ခမ်းနားကြီးကျယ်လှသော စံအိမ်ကြီးမှာ မကောင်းဆိုးဝါးကြီးတစ်ကောင် ထိုင်နေသည်နှင့်ပင် တူပေသည်။

၎င်းတို့ရောက်နေသည့် နေရာမှာ အုတ်ဖိုနေရာဟောင်းကြီးများရှိသော နေရာပင်ဖြစ်သည်။ သို့သော်လည်း တောင်ကုန်းတောင်ပို့နှင့် မြေတူးထားသော ချိုင့်များလောက်သာ တွေ့ရတော့သည်။ နေရာအတော်များများမှာတော့ ချုံနွယ်ပိတ်ပေါင်းများ ကိုင်းပင်များက ဖုံးအုပ်ထားကြလေရာ မူလနေရာဟောင်းများကိုပင် မတွေ့ရတော့ပေ။

အုတ်ဖုတ်သော လိုဏ်ခေါင်းအချို့ ရှိနေသေးရာ ထိုနေရာမှာတော့ မြွေပေါင်းစုံတို့ ခိုးအောင်းရာ အသိုက်အမြုံကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ထိုနေရာဘက်မှ မြွေတွန်သံများ ကြားရသည်။





"ဘယ်နေရာမှာ နားကြမလဲ"

ဦးဇန်ကောင်းက မေးသည်။

"ဒီနေရာတွေကတော့ နားလို့မသင့်ဘူး၊ အိမ်ကြီးရှိတဲ့နေရာ သွားကြရင် ပိုကောင်းမယ်ထင်တယ်"

"သွားကြတာပေါ့"

ဟုပြောကာ သွားကြလေသည်။

သူတို့သွားနေကြသော အချိန်မှာပင် အိမ်ကြီးရှိသောနေရာမှ မီးရောင်လိုလို လှမ်းမြင်ရသည်။

မနီးမဝေးနေရာ ရောက်သောအခါ ကျော်စွာက ဒေါက်တာမင်းထင်ကျော်အနီးသို့ တိုးကပ်ပြီး ပြောသည်။

"ဆရာ ဟိုအိမ်ကြီးရဲ့ အပေါ်ထပ်ကနေ အမျိုးသမီးတစ်ယောက် မတ်တတ်ရပ်ပြီး လှမ်းကြည့်နေတယ်"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က လှမ်းကြည့်လိုက်တော့ အမှောင်ရိပ်မှရပ်ကာ သူတို့ရှိရာဘက်သို့ ကြည့်နေသည့် အမျိုးသမီးတစ်ယောက်ကို ဝိုးတဝါး လှမ်းမြင်လိုက်ရသည်။

နောက်တော့ အမှောင်ရိပ်တွင်းသို့ ပြန်လှည့်ဝင်သွားလေသည်။ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာတော့ အိပ်မက်ထဲတွင် တွေ့ခဲ့ရသော မြလေးနွယ်ပင် ဖြစ်နိုင်သည်ဟု ထင်မိလေသည်။

အချိန်ကလည်း ညသီးပိုင်းအချိန် ကျော်လာခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လရောင်က မြင့်တက်လာပြီ ဆိုသော်လည်း မြူနှင်းများက ပိုမိုကျဆင်းလာသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှုန်မှိုင်းလျက် ရှိသည်။

ထို့ပြင် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေလေသည်။

တဖြည်းဖြည်းနှင့် လျှောက်လာကြရာ အိမ်ကြီးနှင့်နီးသော ပတ်ဝန်းကျင်သို့ ရောက်လာကြသည်။ ကျောက်သားကျောက်တိုင်တို့ဖြင့် အခိုင်အခန့် ပြုလုပ်ထားခဲ့သော ခြံစည်းရိုးတို့ပင် မရှိတော့၊ အချို့နေရာများတွင် ကျောက်တိုင်ငုတ်များပင် ကျန်တော့ပြီး ချုံနွယ်ပိတ်ပေါင်းများ တက်နေကြပေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ အိမ်ကြီးရှိရာသို့ ရောက်အောင် သွားကြလေသည်။ ထိုအနီးရောက်တော့ ဘာမှမတွေ့ကြရဘဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ဘောဂဗလ စံအိမ်ကြီးမှာ နှစ်ပေါင်းလေးရာကျော်က တည်ဆောက်ထားခဲ့သည်ဆိုသော်လည်း ဆိုးဆိုးဝါးဝါး ပြိုကျပျက်စီးနေခြင်းမျိုးတော့ မရှိသေးပေ။

အုတ်ချပ်ကြီးများ မိုးထားသော အမိုးသည်လည်း ကောင်း၊ ထုထည်ကြီးမားသော အုတ်ချပ်များ၊ ကျောက်ပြားချပ်များဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည့်အပြင် ကျွန်းပျဉ်းကတိုးစသော သစ်များကလည်း သံထက်ပင်တာရှည်ခံ





ကြလေသည်။

သံကမူ နှစ်ကြာလာလျှင် တဖြည်းဖြည်း သံချေးတက်ပြီး ဆွေးမြေ့သွားနိုင်သော်လည်း ကျွန်းနှင့် ပျဉ်းကတိုးသစ်များကတော့ နှစ်ပေါင်းများစွာ ကြာသည်အထိ ခိုင်ခန့်ကြပေသည်။

အိမ်ကြီးမှာ လေးဖက်လေးတန် ကျယ်လှပြီး နှစ်ထပ်အိမ်အမျိုးအစား ဖြစ်သည်။

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က ရှေ့သို့တိုးသွားပြီး လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သည်။

ဝင်ပေါက်တံခါးမှာ ကျွန်းသားဖြင့် ပြုလုပ်ထားခြင်းဖြစ်ကာ ထုထည်ကြီးမားလှလေသည်။

ကျွန်းတံခါးချပ်ကြီးနှစ်ချပ်မှာ အတွင်းဘက်မှ ပိတ်ထားခြင်းမရှိပဲ စေ့ရုံသာစေ့ထားဟန် ရှိလေသည်။ လေတိုက်သည့်အခါ တကျွီကျွီနှင့် လှုပ်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ချက်ချင်းမဖွင့်ဝံ့သေးပေ။ အကယ်၍ ထောင်ချောက်တပ်ဆင်ထားသော တံခါးမျိုးဖြစ်ပါက နေရာမှာတင် အသက်ပျောက်သွားပေလိမ့်မည်။

သို့ကြောင့် နောက်သို့ပြန်ဆုတ်ပြီး တုတ်ရှည်တစ်ချောင်းဖြင့် တံခါးချပ်ကို ထိုးဖွင့်လိုက်သည်။

"ကျွီ . . ကျွီ . ."

ဟူသောအသံ ပေါ်ထွက်လာပြီး တံခါးချပ်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com



က အတွင်းသို့ ပွင့်သွားလေသည်။

"ဟင်. ."

"ဟာ ဘယ့်နှယ်ဟာကြီးပါလိမ့်"

ဟု အသီးသီး အာမေဍိတ်သံများ ပေါ်ထွက်သွားကြသည်။

တံခါးပွင့်သွားသောအခါ အမှောင်ရိပ်အတွင်းမှာ လူတစ်ယောက် ရပ်နေသည်ကို တွေ့ကြရသည်။ အမှောင်ရိပ်များ ရှိနေသော်လည်း ထိုလူ၏ ပုံပန်းသဏ္ဍာန်ကိုတော့ မြင်နေကြရသည်။

အပေါက်ဝ၌ ရပ်နေသူမှာ ဦးခေါင်းမရှိတော့ပေ။

ဦးခေါင်းမရှိတော့သလို အသက်လည်း မရှိတော့ပဲ တောင့်တောင့်ကြီး ရပ်နေခြင်း ဖြစ်သည်။

"ခေါင်းမရှိတော့ပါလား"

သံပချိုင်က ရေရွတ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ သေဆုံးနေသူမှာ ယောကျ်ားတစ်ယောက်ဖြစ်ပြီး သူ၏ဦးခေါင်းက ကြမ်းပြင်ပေါ်သို့ကျကာ အတော်ဝေးဝေးသို့ပင် ရောက်နေလေသည်။

သေဆုံးခဲ့သည်မှာ အတော်ကြာခဲ့ဟန်ဖြင့် ကမ္ဗဏ္ဍာန်းရုပ်ကဲ့သို့ဖြစ်ကာ အရိုးပြိုင်းပြိုင်းဘဝ ရောက်နေပေပြီ။

ဒေါက်တာမင်းထင်ကျော်က ရှေ့သို့တိုးသွားပြီး မတ်





တပ်ရပ်လျက်သား ဖြစ်နေသော အရိုးစုကို တုတ်ဖြင့် ထိုးချလိုက်တော့မှ ကြမ်းပြင်ပေါ်သို့ ပြိုလဲကျသွားလေတော့သည်။

"ဝုန်း. ."

ထိုကဲ့သို့ ကြမ်းပြင်ပေါ် ကျသွားသည်နှင့် တစ်နေရာမှ ဖြတ်ထွက်လာသော ဓားစက်တစ်ခုကို မီးရောင်ဖြင့် မြင်လိုက်ရလေသည်။

အလင်းရောင်တစ်ချက် လက်ခနဲ ဖြစ်သွားရုံသာ မြင်လိုက်ရပြီး နောက်တော့ မူလနေရာသို့ ပြန်ဝင်သွားလေတော့သည်။

"ဘယ်လိုမျိုးလည်း ကြောက်စရာ ကောင်းလိုက်တာ"

စောထီးက ပြောလိုက်သည်။

"ဒီအိမ်ကြီးမှာ စက်ကြောမပညာနဲ့ တပ်ဆင်ထားတဲ့ ထောင်ချောက်တွေရှိတယ်၊ ဒါတွေကို မသိပဲနဲ့ စွတ်ဝင်သွားရင်တော့ ဟိုလူလိုပဲ ခေါင်းပြတ်ပြီး သေဖို့များတယ်"

"ကြောက်စရာကောင်းလိုက်တာ၊ ကျွန်တော်တို့ရော အတွင်းဝင်လို့ ရပါ့မလား"

"ရပါတယ်၊ ထောင်ချောက်တပ်ဆင်ထားတဲ့နေရာကို သိမှတော့ သတိထားပြီး ကျော်ဝင်ရင် ရနိုင်ပါတယ်"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ်ကျနေသည့် လူအရိုးစုများရှိသောနေရာကို မနှင်းမိစေ



www.burmeseclassic.com

www.burmeseclassic.com



ရန် သတိကြီးစွာထားပြီး အတွင်းသို့ ကျော်ဝင်လိုက်လေသည်။ သူအတွင်းရောက်သွားတော့ ဘယ်လိုမှ ဘေးအန္တရာယ်နှင့် မတွေ့ရပေ။

ထိုအခါမှ နောက်မှ ကျန်နေသူများလည်း ဒေါက်တာမင်းထင်ကျော် ဝင်သည့်အတိုင်း အရိုးစုရှိသောနေရာကို ကျော်ပြီး ဝင်လာကြရာ မည်သူမှ အန္တရာယ်နှင့် မတွေ့ရပဲ အတွင်းသို့ ရောက်သွားကြလေသည်။

အတွင်းသို့ရောက်တော့မှ တံခါးချပ်ကြီးများ ကွယ်နေသော နောက်ဖက်တွင် ဦးခေါင်းမရှိတော့သည့် အရိုးစုအတော်များများကို တွေ့ကြရလေသည်။

"တံခါးပေါက်ဝမှာ တပ်ဆင်ထားတဲ့ ထောင်ချောက်တွေကိုမသိပဲ စွတ်ဝင်ရင်တော့ ဒီလူတွေလိုပဲ ဦးခေါင်းနဲ့ကိုယ်နဲ့ အိုးစားကွဲကြမှာ မုချပဲ"

ပြောပြောဆိုဆိုနှင့် မီးရောင်ဖြင့် ထိုးကြည့်သောအခါ ဖုံများတက်နေသည့် ကြမ်းပြင်ပေါ်တွင် အရိုးစုဘဝ ရောက်နေသော ဦးခေါင်းပြတ်အချို့ကိုပါ ထပ်တွေ့ကြရသည်။

ထို့နောက် ပါလာသောမီးအိမ်ကို မီးထွန်းလိုက်သောအခါမှ အတွင်းအနေအထားကို တွေ့မြင်ကြရလေသည်။

အပြင်ဘက်အခြေအနေမှာ ပျက်စီးမှုရှိသင့်သလောက် ရှိနေသော်လည်း အတွင်းအခြေအနေကတော့ မိုးလုံလေလုံ ရှိနေသောကြောင့် ယိုယွင်းပျက်စီးမှု သိပ်မရှိလှပေ။





အပေါ်ထပ်တက်သော ကျွန်းလှေခါးကြီးများပင်မူလတပ်ဆင်ထားသော အနေအထားအတိုင်းပင် ရှိကြသေးသည်။

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲဆရာ"

"ဒီညတော့ ဒီထဲမှာပဲ နားကြမယ်လေ၊ မနက်လင်းတော့မှ အတွင်းအပြင် လိုက်ကြည့်ကြတာပေါ့"

"ဒီအတွင်းမှာ နေလို့သင့်ပါ့မလား ဆရာ၊ မတော်လို့ ထောင်ချောက်နင်းမိတာနဲ့ သေမယ်ထင်တယ်"

ငမဲအောင်က ပြောလိုက်သည်။

"ဒီလောက် မကြောက်ပါနဲ့ကွာ၊ ထောင်ချောက်ဆိုတာ နေရာတိုင်းမှာ မထားပါဘူး၊ ဒီလိုထားရင် ဒီအိမ်မှာနေခဲ့တဲ့သူတွေ အန္တရာယ်နဲ့တွေ့ပြီး သေကုန်မှာပေါ့"

"အင်း . . ဒါလည်း ဟုတ်ပေတာပဲ၊ ဒါဖြင့် ဘယ်လိုနေရာမျိုးတွေမှာ တပ်ဆင်ထားသလဲ ဆရာ"

"ဝင်ပေါက်ထွက်ပေါက်တွေနဲ့ တံခါးရှိတဲ့ နေရာမျိုးတွေမှာ တပ်ဆင်ထားလေ့ရှိတယ်၊ အထူးသဖြင့် ရွှေငွေရတနာတွေထားတဲ့ နေရာမျိုးတွေမှာတော့ အများကြီး ရှိနိုင်တာပေါ့"

ဟု ပြောပြတော့မှ သဘောပေါက်သွားလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က အားလုံးနှင့် တိုင်ပင်ပြီး ပြောလိုက်သည်။

"ဒီညတော့ ဒီအိမ်ကြီးထဲမှာပဲ တစ်ညနေကြမယ်၊

www.burmeseclassic.com



တကယ်လို့ ဒီအိမ်ကြီးထဲမှာရှိတဲ့ ပရလောကသားတွေတွေ့ရင်လည်း မကြောက်ကြပါနဲ့၊ ကြောက်လန့်ပြီး ဟိုပြေးဒီပြေးလုပ်မိရင် သူတို့လက်ချက်နဲ့ မသေပဲ ထောင်ချောက်တွေနဲ့တွေ့ပြီး သေကြလိမ့်မယ်"

"တ. . တကယ်လို့. . တွေ့ရင် ဘယ်လိုလုပ်ရမလဲဆရာ"

စောထီးက ကြောက်ရွံ့နေသော အသံဖြင့် မေးလိုက်သည်။

"မျက်စိမှိတ်ထားပြီး မေတ္တာများများ ပို့ပေးလိုက်ပေါ့"

ထိုသို့ပြောဆိုပြီး သူ့လူများကို မီးဖိုဟောင်းရှိသောနေရာတွင် နေရာချပေးလိုက်သည်။ မီးဖိုနံဘေးနားတွင် ထင်းခြောက်တုံးများလည်း ရှိနေသဖြင့် အချမ်းသက်သာစေရန် မီးမွေးထားလိုက်သည်။

မီးအရှိန်ရလာသောအခါ ရေနွေးကျိုခြင်း၊ အစားအစာများကို သင့်တော်သလောက် စီစဉ်ပြီး ဝမ်းပြည့်အောင်စားသောက်ကြသည်။

အပြင်ဘက်တွင် အမှောင်ရိပ်များ ဖုံးနေပြီဖြစ်သော်လည်း အိမ်ကြီးအတွင်းမှာတော့ မီးအိမ်တစ်လုံး ထွန်းထားသည်ကတစ်ကြောင်း မီးဖိုကလည်း ရှိနေသည်ကတစ်ကြောင်းကြောင့် အလင်းရောင်များ ရနေသည်။

စားသောက်ပြီးတော့ ဦးဗန်ကောင်းက. . .





"ကျုပ် ဘုရားခန်းထဲဝင်ပြီး ပုတီးစိပ်လိုက်ဦးမယ်"

ဟုပြောကာ ခေါင်းရင်းဘက်အခန်းသို့ ဝင်သွားလေသည်။ ထိုအခါ ဒေါက်တာမင်းထင်ကျော်ကလည်း လက်နှိပ်ဓါတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်တို့ကိုယူ၍ နေရာမှ ထလိုက်သည်။

"ဆရာ ဘယ်သွားမလို့လဲ"

"အပေါ်ထပ်တက်ပြီး လေ့လာကြည့်လိုက်ဦးမယ်၊ သိက်ဆိုင်ရာပုဂ္ဂိုလ်တွေနဲ့ တွေ့လို့တွေ့ငြားပေါ့"

ကျော်စွာက အံ့ဩသွားဟန် ရှိလေသည်။

"ဒီအိမ်ကြီးမှာ ဘယ်ကသက်ဆိုင်တဲ့သူတွေ ရှိနေသေးလို့လည်းဆရာ"

"သူဌေးကြီးဘောဂဗလနဲ့ အဆက်အနွယ်တွေ ကွယ်လွန်သွားကြတာ အတော်ကြာခဲ့ပြီပဲ၊ သူတို့တော့ ဘယ်ရှိပါတော့မလဲ၊ ဒါပေမယ့် သက်ဆိုင်ရာ ဝိညာဉ်တွေကတော့ ဒီအိမ်ကြီးမှာ ရှိကောင်းရှိကြဦးမှာပေါ့"

ဟု ပြောဆိုပြီး ကျွန်းလှေခါးကြီးအတိုင်း အပေါ်ထပ်သို့ တက်လာလေသည်။ ကျွန်းလှေခါးကြီးမှာ ထုထည်ကြီးမားစွာဖြင့် တည်ဆောက်ထားခဲ့ခြင်း ဖြစ်သောကြောင့် နှစ်ပရိစ္ဆေဒကြာခဲ့ပြီ ဖြစ်သော်လည်း မူလအခြေအနေကဲ့သို့ပင် ရှိနေသေးသည်။

ဒေါက်တာမင်းထင်ကျော်က လှေခါးထိပ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သည်။ အခြား ဌထွေထွေထူးထူး မတွေ့ရသော်လည်း ဖုံများဒုတက်နေသော ကြမ်းပြင်ပေါ်မှာတော့ ခြေရာအချို့ကို တွေ့ရသည်။

ခြေရာများမှာ လတ်လတ်ဆတ်ဆတ်ပင် ရှိနေသေးပြီး မကြာသေးခင်ကမှ လျှောက်သွားထားဟန်ရှိသည်။ ဒေါက်တာ မင်းထင်ကျော်က စိတ်ဝင်စားသဖြင့် ခြေရာများ အနီးမှာထိုင်၍ လေ့လာကြည့်ရာ ထင်နေသည့် ခြေရာများမှာ ယောကျ်ားတစ်ယောက် ခြေရာမျိုးမဟုတ်ပဲ မိန်းမတစ်ယောက် ခြေရာမျိုးဖြစ်သည်ကိုတော့ လောလောဆယ် သိရပေသည်။

ခြေရာများက တက်သွားသော ခြေရာကိုသာ တွေ့ရပြီး ပြန်ဆင်းလာသော ခြေရာကိုတော့ မတွေ့ရပေ။

သို့ကြောင့် အပေါ်ထပ်သို့ တက်လာလေသည်။

လှေခါးမှာ တစ်ဆစ်ချိုးဖြစ်သောကြောင့် ပထမဆင့်ရောက်တော့ အပေါ်ဆင့်သို့ မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်ရာ ဒုတက်နေသော ဖုံများကိုသာ တွေ့ရပြီး တက်သွားသော ခြေရာကိုတော့ မတွေ့ရတော့ပေ။

ဒေါက်တာမင်းထင်ကျော်က သူရောက်နေသော နေရာပတ်ဝန်းကျင်ကို မီးရောင်ဖြင့် သေသေချာချာ ထိုးကြည့်သော်လည်း ထူးခြားမှုတော့ မတွေ့ရပေ။

ခြေရာဆုံးသွားသော နေရာတွင် နံရံကြီးသာ ရှိနေပြီး





ဝင်ပေါက်ထွက်ပေါက်မရှိပေ။

သို့ကြောင့် နောက်တစ်ကြိမ် မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါမှာတော့ ဖုံများပေါ်တွင် လူတစ်ယောက် နင်းလျှောက်သွားသော ခြေရာအချို့ကို တွေ့လိုက်ရပြီး ချက်ချင်းပြန်ပျောက်သွားလေသည်။ ခြေရာများမှာ နင်းလျှောက်သွားစဉ်ကပေါ်ပြီး နောက်တော့ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်သွားခြင်း ဖြစ်ပေသည်။

ခြေရာကိုသာ တွေ့ရသော်လည်း ခြေရာရှင်ကိုတော့ မတွေ့ရပေ။ သို့ကြောင့် လှေခါးအတိုင်း အပေါ်ဆင့်သို့ တက်လာခဲ့ပေသည်။

အပေါ်ထပ်မှာတော့ တံခါးချပ်များ ပိတ်ထားသောကြောင့် မှောင်နေသည်။ လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်တော့ ဘာမှမတွေ့ရပေ။

သို့ကြောင့် ပါလာသော ဖယောင်းတိုင် တစ်တိုင်ကိုမီးထွန်းလိုက်ရာ အလင်းရောင် ရလာလေသည်။

ပျဉ်းကတိုးသားများဖြင့် ခင်းထားသော ကြမ်းပြင်ပေါ်မှာတော့ ဖုံများက ထုတက်နေသည်။ ဖုံများပေါ်တွင် အနှံ့အပြား လျှောက်ထားသော ခြေရာအချို့လည်း တွေ့ရသည်။

ဥစ္စာရှာဖွေသူတို့တက်ပြီး ရှာဖွေကြရသည်မှာ ထင်စရာရှိသော်လည်း တွေ့ရသော ခြေရာများက ယောကျ်ား

www.burmeseclassic.com



ခြေရာမဟုတ်ပဲ, အမျိုးသမီးတစ်ယောက် ခြေရာမျိုး ဖြစ်နေသည်ကတော့ အံ့ဩစရာဖြစ်သည်။

မီးရောင်ဖြင့် ကြည့်တော့မှ နှစ်ပေါင်းလေးရာကျော်အထိ ရှိနေသေးသော ဘောဂဗလစံအိမ်ကြီး၏ ခမ်းနားမှုခိုင်ခန့်မှုများကို တွေ့ရသည်။

ကျောက်သားနံရံများမှာ အင်္ဂတေများ ကွာသည့်နေရာ ကွာနေပြီဖြစ်သော်လည်း အတွင်း၌စီထားသော အုတ်ချပ်ကြီးများက ကြီးမားခိုင်ခန့်ခဲ့လှသည်။

အသုံးပြုသော ကျွန်းတိုင်၊ ပျဉ်းကတိုးတိုင်များကလည်း မူလအရောင်အသွေးအတိုင်းပင် ရှိကြသေးသည်။

အချို့တိုင်ကြီးများမှာ ကနုပ်ပန်းများဖြင့် ထွင်းထုထားလေသည်။ ယခင်ကတော့ ရွှေချထားဟန်ရှိသော်လည်း ယခုအခြေအနေမှာတော့ အစအနလောက်သာ တွေ့ရလေတော့သည်။

အပေါ်ထပ်မှာလည်း ပိတ်ထားသော အခန်းများရှိသည်။ အရှေ့ဘက်မှာတော့ အခန်းကျယ်ကြီးတစ်ခန်းလည်း ရှိနေသေးသည်။

ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်ပေါ်၌ ထင်နေသော ခြေရာများကို လိုက်လံကြည့်ရှုရာ အချို့ခြေရာများက ပိတ်ထားသော အခန်းရှိရာသို့ ဦးတည်သွားပြီး အချို့ခြေရာများက ဝရံတာရှိရာဘက်သို့ ဦးတည်သွားသည်ကို





တွေ့ရသည်။

အခန်းတွင်းတော့ ဝင်မကြည့်တော့ပဲ ဝရံတာဘက်သို့ လျှောက်လာလေသည်။

ဝရံတာမှာ အတော်ပင်ကျယ်ဝန်းပြီး လေသာဆောင်သဘောမျိုး ပြုလုပ်ထားခြင်း ဖြစ်ပေသည်။ လေသာဆောင်မှာ အတော်ပင် ခိုင်ခန့်မှုရှိနေသေးပြီး ထိုနေရာမှာလည်း ခြေရာများကို ထပ်မံတွေ့ရသည်။

လေသာဆောင်မှကြည့်လျှင် ပတ်ဝန်းကျင် အခြေအနေကို အားလုံးလှမ်းမြင်နိုင်ပြီး သူတို့အဖွဲ့ ခြံဝန်းထဲ ဝင်လာစဉ်က အမျိုးသမီးတစ်ယောက် ရပ်နေသည်ဆိုသော နေရာမှာ ထိုနေရာပင် ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က အမှောင်ရိပ်ဖုံးနေသော ပတ်ဝန်းကျင်ကို လှမ်းကြည့်ရာ ဟိုးအဝေးမှာ မြူနှင်းများ ဖုံးလွှမ်းစပြုနေသော ကိုင်းတောကြီးကို တမျှော်တခေါ် လှမ်းမြင်ရလေသည်။

လရောင်ကြောင့် ပတ်ဝန်းကျင်ကို အတော်အသင့် မြင်နိုင်ပေရာ ခြံဝန်းအတွင်းမှာတော့ ထူးထူးခြားခြား ဘာမှ မတွေ့ရသဖြင့် အတွင်းသို့ ပြန်ဝင်လာလေသည်။

အတွင်းရောက်တော့ ခြေရာများက ဝင်သွားသော အခန်းရှိရာသို့ လျှောက်သွားပြီး အခြေအနေကြည့်သည်။ တံခါးမှာ စေ့ရုံသာရှိသဖြင့် တလှုပ်လှုပ်နှင့် ဖြစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အသာတွန်းဖွင့်လိုက်သည်။

"ကျွီ"ခနဲ တစ်ချက်အသံမြည်သွားပြီး တံခါးချပ်က အတွင်းသို့ ပွင့်သွားသည်။

အတွင်းမှာ မှောင်နေသဖြင့် မီးရောင်ဖြင့် ထိုးကြည့်လိုက်ရာ လူတော့မတွေ့ရပေ။

နံရံဘေးမှာ ချထားသော ကုတင်ဟောင်းတစ်လုံး နံရံကပ် ဗီရိုတစ်လုံးသာ ရှိနေပြီး ကြမ်းပြင်ပေါ်မှာတော့ လူအရိုးစုအချို့ ရှိနေသဖြင့် တံခါးချပ်ကို ပြန်ပိတ်ထားလိုက်သည်။

ထို့နောက် ခေါင်းရင်းဘက်တွင်ရှိသော အခန်းကျယ်ကြီးရှိရာဘက်သို့ လျှောက်လာသည်။

ထိုအခန်းမှာ ဘုရားခန်းဖြစ်ပုံရပြီး ရုပ်ပွားတော်တော့ မတွေ့ရပေ။

ဘုရားစင်ရှိသော နေရာတစ်ဝိုက်မှာတော့ ပင့်ကူမျှင်များ ရှုပ်ထွေးနေပြီး ဖုံများကလည်း ထုတက်နေပေသည်။

ဒေါက်တာမင်းထင်ကျော်က ပင့်ကူမျှင်များကို သုတ်သင်ရှင်းလင်းပြီး စင်ပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းထားလိုက်ရာ အခန်းတစ်ခန်းလုံး အလင်းရောင် ရနေလေသည်။

ဒေါက်တာမင်းထင်ကျော်က သင့်တော်သောနေရာတွင်ထိုင်ပြီး ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်၊ ပရိတ်တော်များ ရွတ်





ဆိုခြင်း၊ ပဋ္ဌာန်းဂုဏ်တော်ကို ရွတ်ဆိုပူဇော်ခြင်း၊ အရပ်ရှစ်မျက်နှာသို့ မေတ္တာပို့ခြင်း၊ အိမ်ကြီးအတွင်းမှာ ရှိကြသော သက်ဆိုင်ရာပုဂ္ဂိုလ်များ မကျွတ်မလွတ်သေးသော ဝိညာဉ်များကို မေတ္တာပို့ခြင်း၊ အမျှအတန်းပေးဝေခြင်းများ ပြုလုပ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၅)

# သူဌေးကြီး ဘောဂဗလနှင့် တွေ့ခွင့်ရခြင်း

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့ နှစ်ယောက်က အောက်ထပ်၊ အပေါ်ထပ် ဘုရားခန်းသို့ ရောက်နေကြစဉ် အိမ်ကြီး၏ အောက်ထပ်အခန်းမှာတော့ လေးယောက်ကျန်နေခဲ့ကြလေသည်။

ကျော်စွာ၊ သံပချိုင်၊ စောထီး၊ ငမဲအောင်တို့ လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်ကြသည်။ ဝင်းလေးယောက်စလုံး သတ္တိနည်းသူများ မဟုတ်ကြစေကာမူ ဒေါက်တာမင်းထင်ကျော်တို့ မရှိစဉ်အချိန်မှာတော့ စိတ်ထဲတွင် တစ်မျိုးဖြစ်နေကြသည်။

"ဒီအိမ်ကြီး သတင်းတော့ ကြားမိတာ အတော်ကြာလှပါပြီ၊ အခုမှပဲ ကိုယ်တိုင်ကိုယ်ကျရောက်ဖူးပေတော့တယ်"

ဟု သဲပချိုင်က စကားစလိုက်သည်။

"ဘယ်လိုသတင်းကြားတာလဲ"

ကျော်စွာက မေးလိုက်သည်။

"တခြားဟုတ်ပါရိုးလား ဆရာရယ်၊ ဒီအိမ်ကြီးကိုရောက်လာတဲ့သူတိုင်း ပြန်လမ်းမရှိပဲ သေကြတဲ့ သတင်းပေါ့ဗျာ၊ အခု ဆရာကိုယ်တိုင် ရောက်လာပြီး လက်တွေ့မြင်ရတော့ ကြောက်စရာမကောင်းဘူးလား"

"နှစ်ပေါင်းများစွာ လူမနေတဲ့ အိမ်ကြီးဆိုတော့လည်း ကြောက်စရာကောင်းတာပေါ့ဗျာ၊ ဒါပေမယ့် အခုအချိန်ထိတော့ ဘာမှ အန္တရာယ် မတွေ့ရသေးဘူးနော်"

"စိတ်မပူပါနဲ့ ဆရာရယ်၊ အချိန်တန်တော့လည်း တွေ့ရမှာပါ"

ထိုသို့ပြောနေစဉ် ကိုင်းတောကြီး ရှိရာဘက်မှ ခွေးအူသံ၊ ခွေးဟောင်သံများ စတင်ကြားရသည်။ တဆက်တည်းမှာပင် လူသံသူသံများပါ ကြားကြရသည်။

"အပြင်ဘက်က လူသံတွေ ကြားရတယ်"





"ဒီအချိန်မျိုးမှာတော့ ဒီနေရာတွေကို ဘယ်သူမှလာဝံ့ကြမယ် မထင်ဘူး၊ လူတွေတော့ ဟုတ်မယ်မထင်ဘူး"

ထိုသို့ ပြောနေစဉ် ပိတ်နေသော ဝင်ပေါက်တံခါးကြီးက ကျွီခနဲ အသံမြည်ကာ အလိုအလျောက် ပွင့်သွားလေတော့သည်။

"တံခါးက သူ့အလိုလို ပွင့်သွားပါလား"

စောထီးက တိုးတိုးပြောလိုက်သည်။

ပွင့်သွားသောတံခါးမှ နှင်းမှုံများကို သယ်ဆောင်လာသော လေများက တိုးဝင်လာရာ အေးစိမ့်သွားသည်။ လေတိုက်သဖြင့် ထွန်းထားသော ရေနံဆီမီးအိမ်က ငြိမ်းသွားသည်။ သို့သော် မီးဖိုမှ မီးရောင်ရှိနေသေးသောကြောင့် အလင်းရောင်တော့ ရနေသေးသည်။

အပြင်ဘက်မှာတော့ ကြားနေရသော ခွေးဟောင်သံများနှင့် လူသံသူသံများက ပိုနီးလာသည်။

နောက်တော့ တဖြည်းဖြည်းနှင့် ခြံစည်းရိုးနားသို့ နီးလာသော မည်းမည်းသဏ္ဍာန်များကို လှမ်းမြင်ရသည်။

ဒယိမ်းဒယိုင်ဖြင့် လျှောက်လာသော မည်းမည်းသဏ္ဍာန်များမှာ လူပုံပန်းသဏ္ဍာန် ဖြစ်သော်လည်း လူတွေတော့ မဟုတ်ကြပေ။

"တစ္ဆေသရဲတွေထင်တယ်"

ငမဲအောင်က ရေရွတ်ပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကျန်သုံးယောက်က အသံမထွက်စေရန် သတိပေးလိုက်ကြသည်။

ကိုင်းတောဘက်မှ အိမ်ကြီးရှိရာဘက်သို့ လာနေကြသော မည်းမည်းသဏ္ဌာန်များက ခြံစည်းရိုးနားရောက်တော့ ရပ်တုံ့သွားကြသည်။

ရှေ့ဆက်တိုးမလာတော့ပဲ အပေါက်ဝ၌ပင် စုပြုံရပ်ကာ ဝူးဝူးဝါးဝါးအသံမျိုးဖြင့် လှမ်းပြောနေကြသည်။

"ငါတို့ကို ပြန်ပို့ပေးပါ"

"ငါတို့ကို ပြန်ပို့ပေးပါ"

ဟူသော အသံများကို အိမ်ထဲမှ ကြားနေကြရသည်။

"သူတို့က ဘယ်သူတွေလဲ၊ ဘယ်ကို ပြန်ပို့ခိုင်းနေတာလဲ"

ဟု ကျော်စွာက တိုးတိုးမေးလိုက်သည်။

ကျန်သုံးယောက်ကလည်း ဒေသခံများ ဖြစ်သော်လည်း ဂယနဏ မသိကြသဖြင့် ဘာမှပြန်မပြောကြပေ။

ထိုအခိုက်မှာပင် အော်ဟစ်ညည်းညူနေသော လူတစ်စု၊ နောက်မှ တုတ်ဓါးများကိုင်ထားသော လူများက ထပ်ရောက်လာပြီး တုတ်းနှင့်ရိုက် ဓားဖြင့်ခုတ်ကာ သတ်ဖြတ်နေသည်ကို လှမ်းမြင်ကြရလေသည်။

"အား. . သေပါပြီ၊ ကယ်ကြပါဦး"

ဟူသောအသံများလည်း ကြားရသော်လည်း ဘာမှ





မတတ်နိုင်ကြပေ။ အတန်ကြာသောအခါ လာရောက်သတ်ဖြတ်သူများက သေဆုံးနေသော အလောင်းများကို ဖြစ်သလို ဆွဲယူသွားကြလေသည်။

အတန်ကြာတော့ အသံများတိတ်ဆိတ်ကာ မြင်ကွင်းများလည်း ပျောက်ကွယ်သွားလေတော့သည်။

ထိုမြင်ကွင်းများ ပျောက်ကွယ်သွားပြီး နောက်မှာတော့ စောစောကပွင့်နေသော တံခါးချပ်တို့မှာလည်း အလိုအလျောက် ပြန်ပိတ်သွားကြလေသည်။

ထိုအခြေအနေကိုတော့ အိမ်အောက်ထပ် ဘုရားခန်းထဲ ရောက်နေသည့် ဦးဗန်ကောင်းမှာ မသိလိုက် မကြားလိုက်ပဲ ပရိတ်တရားတော်များကို ရွတ်ဆိုပြီး ပုတီးစိပ်နေလေသည်။

အတန်ကြာတော့ နောက်ဘက်မှ တရှပ်ရှပ်နှင့် လျှောက်လာသော ခြေသံလိုလို ကြားလိုက်ရသဖြင့် ရွတ်ဆိုနေခြင်းများကို ရပ်တန့်လိုက်သည်။

ကျောဘက်မှာတော့ ရေခဲတုံးကြီးတစ်တုံး နေရာရွေ့လာသကဲ့သို့ အေးစမ့်လာလေသည်။ ထိုအေးခြင်းက သာမန်မဟုတ်ပဲ ကိုယ်ခန္ဓာအတွင်းသို့ ဝင်ရောက်လာသကဲ့သို့ စိမ့်တက်လာခြင်း ဖြစ်လေသည်။

သို့သော်လည်း လှည့်မကြည့်ဝံ့ပေ။

"ဘာကြောင့် ဒီနေရာကိုလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



တိုးညင်းသော မေးသံမျိုး ကြားရသော်လည်း ရုတ်တရက် ဘာမှပြန်မပြောဖြစ်ပေ။

"ရွှေငွေရတနာတွေ အလိုရှိလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ကျုပ်တို့ကို ရန်ပြုချင်လို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး၊ မိတ်ဆွေသဘောနဲ့ လာခြင်းဖြစ်ပါတယ်"

"ဒီနေရာတွေရဲ့ အကြောင်းကိုရော သိကြရဲ့ မဟုတ်လား"

"သိသင့်သလောက်တော့ သိပါတယ်"

နောက်ဘက်မှ မေးနေသော အသံက သူ့နားအနီးသို့ ပါးစပ်ဖြင့်ကပ်ကာ မေးနေသောအသံမျိုး ဖြစ်သော်လည်း မျက်စိဖွင့်မကြည့်တော့ပေ။

"ဒီပတ်ဝန်းကျင်မှာ သာမန်လူတွေ မရှိကြဘူး . . ၊ မကျွတ်မလွတ်တဲ့ဘဝနဲ့ ပရလောကရောက်နေတဲ့ သူတွေပဲ ရှိကြတယ်၊ ဒါကြောင့် ကျုပ်တို့နဲ့ မိတ်ဆွေဖွဲ့ချင်တဲ့စိတ် ရှိတယ်ဆိုရင် ပရိတ်တရားတော်တွေ ဂါထာမန္တာန်တွေ ရွတ်ဆိုနေတာနဲ့ မေတ္တာပို့ အမျှအတန်း ဝေပေးတာက ကျုပ်တို့အတွက် ပိုပြီးကောင်းပါတယ်"

ထိုစကားကြားတော့မှ သဘောပေါက်သွားလေသည်။ သို့သော် ထပ်မေးလိုက်သည်။





"ပရိတ်တရားတော်တွေကို မနှစ်သက်လို့လား"

"နှစ်သက်ပါတယ်၊ ဒါပေမယ့် ပရလောကသားတွေက ပရိတ်တရားတော်တွေကြားရင် အနီးပတ်ဝန်းကျင်မှာ နေလို့မရကြပါဘူး၊ ခင်ဗျားတို့ ရွတ်ဆိုနေတာ မပြီးမချင်း ဟိုးအဝေးမှာ နေကြရပါတယ်"

"ဒီစကားကြားရတာ တကယ်ပဲ စိတ်မကောင်းပါဘူး၊ ဒီလိုဖြစ်စေလိုတဲ့ဆန္ဒနဲ့ ရည်ရွယ်ပြီး ရွတ်ဆိုနေခြင်း မဟုတ်ပါဘူး၊ အခုလိုဆိုတော့ ဧည့်သည်က အိမ်ရှင်ကို အနှောက်အယှက်ပေးနေသလို ဖြစ်နေတဲ့အတွက် တောင်းပန်ပါတယ်"

ထိုသို့ပြောလိုက်ရာ နောက်ဘက်မှ အသံမကြားရတော့ပဲ ငြိမ်သက်သွားလေသည်။ ကျောဘက်တွင် ဇာပ်နေသည့် အအေးလှိုင်းကြီးမှာလည်း တဖြည်းဖြည်း လျော့သွားကာ ပြန်လည်ပူနွေးလာပေတော့သည်။

ထိုအခါမှ ဦးဇင်းကောင်းက နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ လှည့်လိုက်သည့်အချိန်တွင် ဘုရားခန်းအတွင်းမှ အပြင်ဘက်သို့ တရွေ့ရွေ့ ပြန်ထွက်သွားသော ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခုကို ဝိုးတဝါး လှမ်းမြင်လိုက်ရလေသည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်က အပေါ်ထပ် ဘုရားခန်း၌ ရှိနေလေသည်။

သူသည် ဘုရားစင်ပေါ်တွင် ဖယောင်းတိုင်တစ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ထွန်းထားပြီး ငြိမ်သက်စွာဖြင့် ရှိနေလေသည်။

တစ်အိမ်လုံးမှာလည်း ထူးထူးခြားခြား ငြိမ်သက်နေလေသည်။

စိတ်ထဲမှာတော့ လွန်ခဲ့သည့် နှစ်ပေါင်းလေးရာကျော်က သေဆုံးသွားခဲ့ကြသော သူဌေးကြီး ဘောဂဗလနှင့် အခြားသူများကို ရည်မှန်းပြီး မေတ္တာပို့ပေးနေလေသည်။

နောက်တော့ နှာခေါင်းထဲမှာ သင်းပျံ့သော ရနံ့တစ်မျိုး ဝင်လာလေသည်။ သာမန်အသုံးပြုနေသော ရေမွှေးနံ့ ပန်းရနံ့မျိုးမဟုတ်ပဲ ရှေးအခါက အသုံးပြုလေ့ရှိကြသည့် နံ့သာနီ၊ နံ့သာဖြူ အနှစ်မှထွက်သော ရနံ့မျိုးပင် ဖြစ်ပေသည်။

ထိုရနံ့ကိုရတော့ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားပြီး ထိုင်လျှက်နှင့်ပင် အိပ်ပျော်သွားသလို သတိလစ်သွားသလိုမျိုး ဖြစ်သွားလေသည်။

သို့သော်လည်း အခြေအနေများကိုတော့ စိတ်ထဲမှ သိနေလေသည်။

"ကျွန်မ ရောက်နေပါပြီ"

ဟူသော အသံကြားရသဖြင့် မျက်စိဖွင့်ကြည့်လိုက်သည်။ ဖယောင်းတိုင်မီးရောင် မရှိတော့သဖြင့် အခန်းတွင်းမှာ မှောင်နေလေသည်။ ပြတင်းပေါက်အချို့မှ ဝင်နေသော လရောင်ကြောင့် အတော်အသင့်တော့ မြင်နေရသည်။

ပတ်ဝန်းကျင်မှာတော့ ဖယောင်းတိုင် မီးခိုးငွေ့များ





ကဲ့သို့ အခိုးအငွေ့များ ဝေ့ဆိုင်းနေသည်။

သူနှင့်မနီးမဝေးမှာတော့ အမျိုးသမီးတစ်ယောက် ထိုင်နေသည်။

ထူးထူးခြားခြား ရနံ့သင်းလှသည့် အခိုးအငွေ့များ ရှိနေသဖြင့် ဝိုးတဝါးသာ မြင်ရသည်။

သို့သော် စိတ်တွင်းမှာတော့ ကောင်းစွာ မှတ်မိနေသည်။ တစ်ကြိမ် အိပ်မက်မက်ပြီး ဘောဂဗလ သိုက်ကြီးအတွင်းသို့ ရောက်သွားစဉ် တွေ့ခဲ့ဖူးသော မြလေးနွယ်၏ ပုံရိပ်ပင် ဖြစ်လေသည်။

"မြလေးနွယ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"တစ်ခါတုန်းက အိပ်မက်ထဲမှာ တွေ့ရတယ်၊ ဒီတစ်ခါရော ကျွန်တော် အိပ်မက်မက်နေတာလား"

"ဘဝဟောင်းရောက်နေတဲ့ လူတစ်ယောက်ကို သာမန်တွေ့ရဖို့တော့ မရှိပါဘူး၊ ဒါပေမယ့် တွေ့ခွင့်ရှိလို့ တွေ့ရတယ်လို့ပဲ သဘောထားလိုက်ပါ"

"အခုလို တွေ့ခွင့်ရတာ ဝမ်းသာပါတယ်"

"အခု ကျွန်မတို့နေတဲ့အိမ်ကို ဘာအတွက် ရောက်လာကြတာလဲ မောင်ကြီး"

"ကျွန်တော်တို့က ရွှေငွေရတနာတွေလိုချင်လို့ လာကြတာမဟုတ်ပါဘူး၊ ဒီမှာတပ်ဆင်ထားတဲ့ စက်ကြိုးယန္တယား

www.burmeseclassic.com



တွေကို လေ့လာချင်လို့ လာကြတာပါ”

“ဒါတွေက မသိပဲနဲ့လေ့လာရင် အတော်ကလေး အန္တရာယ်များပါတယ်၊ နောက်ပြီး ဒီလျှို့ဝှက်ချက်တွေကို လည်း ဘယ်သူ့ကိုမှ အသိမပေးချင်ဘူး”

ဒေါက်တာမင်းထင်ကျော်က အတော်ကြာအောင် စဉ်းစားနေသောအခါ မြလေးနွယ်က ဆက်ပြောသည်။

“ဘာကြောင့်လည်းဆိုတော့ ကျွန်မတို့က ပရလောက ရောက်နေတဲ့သူတွေပါ။ သင့်တော်သလောက်တော့ဖြင့် ကမ္ဘ ဇိတ္တိတန်ခိုး ရှိကြပါတယ်၊ ဒါပေမယ့် ကျွန်မတို့ထက် အစွမ်း ထက်တဲ့ ဆရာတွေနဲ့တွေ့ရင်တော့ အရှုံးပေးကြရပါတယ်”

ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

“ဆရာတွေက ဆေးဝါးဂါထာမန္တန်တွေ အင်းချပ်တွေ ကြောင့် ကျွန်မတို့ကို နိုင်ကြပေမယ့် ကိုဒီပ တပ်ဆင်ထားတဲ့ စက်ကြိုးယန္တယားတွေရဲ့ အကြောင်းကိုတော့ မသိကြဘူး၊ သူတို့တတ်တဲ့ပညာတွေနဲ့လည်း စက်ယန္တယားတွေ ရပ်တန့် သွားအောင် လုပ်လို့မရပါဘူး”

“မှန်ပါတယ်”

“ဒါကြောင့် ဒီလျှို့ဝှက်ချက်တွေကို တခြားသူတွေ သိ ခွင့်မပေးတာ ဖြစ်ပါတယ်”

“ကျွန်တော် သဘောပေါက်ပါပြီ၊ ကျွန်တော်တို့က





တခြားရည်ရွယ်ချက်တော့ မရှိပါဘူး၊ အခုလို ပြောပြပေးတာ လည်း ကျေးဇူးတင်ပါတယ်”

“မောင်ကြီးသဘောကိုတော့ သိပြီးပါပြီ”

“ကျွန်တော့်စိတ်ထဲမှာ ရှိတာပြောရရင် မြလေးနွယ် တို့အတွက် တတ်နိုင်သလောက် အကူအညီပေးချင်ပါတယ်”

“ဒီလိုဆိုရင်တော့ ဖေဖေနဲ့ တွေ့သင့်တယ်လို့ ထင်ပါ တယ်၊ ဖေဖေက ယုံကြည်စိတ်ချရမယ့် သူမျိုးတွေ့ရင် အကူ အညီတောင်းရမယ့်ကိစ္စတွေ ရှိတယ်လို့တော့ ပြောထားပါ တယ်”

“ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီပေးပါ့မယ်”

“ဒီလိုဆိုရင် မောင်ကြီး ခဏစောင့်နေပါ၊ မကြာခင် ဖေဖေရောက်လာပါလိမ့်မယ်”

ဟု ပြောဆိုနေရင်း မြလေးနွယ်၏ ပုံရိပ်မှာ တဖြည်း ဖြည်းနှင့် မှုံဝါးကွယ်ပျောက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ မျက်စိကို ပြန်မှိတ်ထားပြီး တွေ့ပို့ခြင်း အမျှအတန်းဝေခြင်းများကို ဆက်လက်ပြုလုပ်နေလေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းသို့ ရောက်လာလေသည်။

ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်နေလေ သည်။ အပြင်ဘက်မှာတော့ လရောင်က တဖြည်းဖြည်း မြင့်



www.burmeseclassic.com

www.burmeseclassic.com



တက်လာသလို အအေးဓါတ်ကလည်း ပိုများလာသည်။

ဟနေသော ပြတင်းပေါက်များမှ တိုးဝင်လာသော လေက အအေးဓါတ်ကိုပါ တပါတည်း သယ်ဆောင်လာခြင်း ဖြစ်ရာ အခန်းထဲတွင် စိမ့်နေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဂျာကင်ထူထူ တစ်ထည် ထပ်ဝတ်ထားသောကြောင့် အတန်အသင့် အအေးဒဏ်ကို ကာကွယ်ပေးထားသကဲ့သို့ ဖြစ်နေသည်။

အတန်ကြာတော့ နောက်မှ ခြေသံကြားရပြီး မနီးမဝေးမှာ လူတစ်ယောက် ရောက်လာသောအသံမျိုး ကြားရသည်။

ကိုယ်ခန္ဓာမှာလည်း ပူနွေးလာသကဲ့သို့ ဖြစ်လာလေသည်။ သို့ကြောင့် စိတ်ထဲမှာ အံ့ဩသွားစဉ်မှာ နားထဲ၌ အသံကြားရလေသည်။

"မျက်စိဖွင့်ကြည့်လို့ရပါပြီ မောင်ရင်"

ထိုအသံကြားမှ မျက်စိဖွင့်ကြည့်လိုက်ရာ သူရောက်နေသောနေရာမှာ အိမ်ကြီးပေါ်မှ လူသူမရှိသော ဘုရားခန်းထဲ၌ မဟုတ်တော့ပေ။

ဧည့်ခန်းတစ်ခုအတွင်းသို့ ရောက်နေလေသည်။

မနီးမဝေးမှာ မီးဖိုတစ်ဖိုရှိနေပြီး ရှေးခေတ် အသုံးအဆောင် ပစ္စည်းများနှင့် ပြင်ဆင်ထားသော ဧည့်ခန်းတစ်ခုအတွင်းသို့ ရောက်နေခြင်းဖြစ်သည်။





ရှေ့မှာတော့ ရှေးခေတ်အစားများနှင့် လူကြီးတစ်ယောက် ထိုင်နေလေသည်။ အိပ်မက်ထဲတွင် တစ်ခါမြင်ဖူးသော သူဌေးကြီးဘောဂဗလပင် ဖြစ်ပေသည်။

"သမီးပြောပြလို့ မောင်ရင်ရဲ့ စိတ်သဘောထားကို သိတန်သလောက် သိထားပြီးပါပြီ၊ ဒါကြောင့်လည်း အရင်တစ်ကြိမ်ကတည်းက မောင့်ရဲ့ ကိုယ်ပွားဝိညာဉ်ကို လက်ခံတွေ့ခဲ့တာ ဖြစ်ပါတယ်"

"ဒါဖြင့် ကျွန်တော်တို့ တွေ့ကြတာ နှစ်ကြိမ်ရှိပြီပေါ့နော်"

"မှန်ပါတယ်၊ ပထမတစ်ကြိမ်က ကိုယ်ပွားဝိညာဉ်အနေနဲ့ တွေ့ရတာပါ၊ အခု တွေ့ရတာက လူကိုယ်တိုင်ရောက်နေတာပါ"

"ဒါ ဘယ်နေရာလည်းဟင်"

"ကျုပ်တို့နေကြတဲ့ ဘောဂဗလ သိုက်ကြီးထဲမှာပါ"

"အခုလိုတွေ့ရတဲ့အတွက် ဝမ်းသာပါတယ် သူဌေးကြီး"

"ကျုပ်ကလည်း မောင့်လို စိတ်ထားဖြောင့်မတ်တဲ့သူမျိုးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ အခုလိုတွေ့ရတာ တခြားမဟုတ်ပါဘူး၊ အကူအညီတောင်းစရာလေး ရှိလို့ပါ"

"ဟုတ်ကဲ့ ကျွန်တော် တတ်နိုင်တာဆိုရင် ဘာမဆို အကူအညီ ပေးမှာပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားတော့ မဟုတ်ပါဘူး၊ ကျုပ်ကိုယ်တိုင် ဟိုးနှစ်ပေါင်းလေးရာကျော်လောက်က တည်ထားခဲ့တဲ့ မဟာဗောဓိဘုရားကြီးကို အသစ်ပြန်တည်ချင်လို့ပါ"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ဝမ်းသာသွားလေသည်။

"ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဒီလိုလုပ်ပေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပြီးမြောက်အောင် ဆောင်ရွက်ပေးပါ့မယ်"

"ဘုရားတည်ဖို့အတွက် ကုန်ကျမယ့်ရွှေငွေနဲ့ ဌာပနာတည်ဖို့ ရတနာပစ္စည်းတွေကိုလည်း လိုသလောက် ပေးပါ့မယ်၊ နောက်တစ်ချက်က ဘုရားပြုပြင်တဲ့ ကိစ္စကို ကိုယ့်သဘောနဲ့ကိုယ် ကုသိုလ်လိုချင်လို့ လုပ်တယ်လို့ပဲ လူသိပါစေ"

"ကောင်းပါပြီ သူဌေးကြီးနဲ့ ပတ်သက်တဲ့အကြောင်းတွေကို လျှို့ဝှက်ထားပေးပါ့မယ်"

သူဌေးကြီးက ခေါင်းညိတ်ပြပြီးမှ ဆက်ပြောသည်။

"နောက်တစ်ခုက ဘုရားတည်တဲ့ကိစ္စမှာ လိုအပ်တာမှန်သမျှ အကူအညီပေးမယ့်သူတွေ ရှိပါတယ်၊ သူတို့က မနော်ရမ္မာရွာမှာ နေကြပါတယ်"

"ဦးသက္ကတို့ကို ပြောတာထင်ပါတယ်"

"ဟုတ်ပါတယ်၊ သူတို့အပါအဝင် မနော်ရမ္မာရွာမှာ နေကြတဲ့သူတွေက ကျုပ်တို့နဲ့ အဆက်အသွယ်ရှိကြတဲ့သူ





တွေ များပါတယ်"

"ကျွန်တော် သူတို့နဲ့တွေ့ပြီး တိုင်ပင်ပါ့မယ်"

"နောက်တစ်ခု သတိပေးစရာ ကျန်ပါသေးတယ်၊ ဘုရားတည်နေတဲ့ ရက်တွေမှာ အနှောက်အယှက်တွေ ရောက်လာ ကြလိမ့်မယ်၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ ဖယ်ရှားပစ်ပါ"

"ဒီအတွက်တော့ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ တာဝန်ယူပြီး ဖြေရှင်းပေးပါ့မယ်"

"ကောင်းပါပြီ ဒီလိုဆိုရင် ရွှေငွေရတနာတွေထားတဲ့နေရာကို ဘယ်လိုရောက်အောင်ဝင်ပြီး ဘယ်လိုပြန်ထွက်ရတယ်ဆိုတာ မောင်ဒီပက လိုက်ပြပေးပါလိမ့်မယ်"

ဟု ပြောဆိုကာ သူဌေးကြီး၏ပုံရိပ်သဏ္ဍာန်မှာ တဖြည်းဖြည်းနှင့် မှုံဝါးပျောက်ကွယ်သွားလေတော့သည်။

နောက်တော့ ဒေါက်တာမင်းထင်ကျော်မှာလည်း အိပ်ပျော်နေရာမှ ပြန်နိုးလာသကဲ့သို့ဖြစ်ကာ ကြည့်လိုက်တော့ မူလထိုင်နေခဲ့သော ဘုရားခန်းအတွင်း၌ပင် ရှိနေသည်ကို တွေ့ရလေသည်။

အချိန်ကတော့ သန်းခေါင်ယံအချိန်ပင် ကျော်ခဲ့လေပြီ



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၆)

# ဘောဂဗလ ရတနာသိုက်

**နောက်** တစ်နေ့ နံနက်စောစောအချိန်မှာတော့ ဒေါက်တာမင်းထင်ကျော်မှာ ကျော်စွာကိုပါ အဖော်ခေါ်ပြီး မနော်ရမ္မာရွာသို့ ထွက်ခဲ့ကြလေသည်။

မနော်ရမ္မာရွာ ရှိသောနေရာမှာ ဘောဂဗလစံအိမ် ရှိသောနေရာနှင့် တစ်မိုင်ကျော်ကျော်ခန့်သာ ဝေးလေသည်။

သို့သော်လည်း ကြားထဲတွင် သစ်တောများ ကိုင်း



www.burmeseclassic.com

www.burmeseclassic.com



တောကြီးများ ခြားနေသောကြောင့် မမြင်ရပေ။

နှင်းမကွဲသေးသော လမ်းများတွင် လျှောက်ကြရသည်ဖြစ်သဖြင့် ခြေထောက်ဓအောက်ပိုင်း ဘောင်းဘီအနားစများပင် နှင်းစက်တို့ဖြင့် စိုရွှဲနေကြလေသည်။

"အခုသွားမယ့်နေရာက ဘယ်နေရာလည်းဆရာ"

"မနော်ရမ္မာရွာကို သွားကြမှာ ကိုကျော်ဇွာရဲ့"

"ဆရာရောက်ဖူးတယ် မဟုတ်လား"

"တစ်ခေါက်တော့ ရောက်ဖူးပါတယ်"

"ရွာထဲမှာ သိတဲ့လူတွေ ရှိသလား"

"အရင်တစ်ခေါက်လာတုန်းက တည်းတဲ့အိမ်ကိုပဲ သွားမှာဆိုတော့ စိတ်မပူရပါဘူး"

ထိုသို့ပြောပြီး လျှောက်လာကြရာ နေအတော်မြင့်လာပြီး နှင်းကွဲသွားသော အချိန်တွင် ရွာသို့ ရောက်သွားကြလေသည်။

ဦးသက္ကတို့ နေသောအိမ်သို့ တစ်ခေါက်ရောက်ဖူးခဲ့ပြီး ဖြစ်သောကြောင့် ထိုအိမ်သို့ပင် သွားကြလေသည်။

ထိုအိမ်သို့ ရောက်သောအခါ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ နေပူစာလှုံရင်း လက်ဘက်ရည်သောက်နေကြသည့် မြေးအဖိုး နှစ်ယောက်စလုံးကို တွေ့ရလေသည်။

သူတို့ကို မြင်တော့ မြသင်းကြူက နေရာမှထလာပြီး ခြံတံခါး လာဖွင့်ပေးသည်။





"အစ်ကိုတို့ ရောက်လာကြပြီလား၊ အဘက အစ်ကိုတို့ ရောက်လာမှာသိလို့ လက်ဘက်ရည်ကြမ်းနဲ့ ကောက်ညှင်းပေါင်း ပူပူလေး အဆင်သင့်ပြင်ထားတယ်"

ထိုစကားကြားတော့ အံ့ဩသွားကြသည်။

"ကျွန်တော်တို့ လာမယ်ဆိုတာ ဘယ်လိုများ သိနေလို့ပါလိမ့်"

"ကျွန်မလည်း မသိပါဘူး၊ အစားအသောက်တွေ စီစဉ်ခိုင်းလို့မို့ မလင်းခင်ကတည်းက စီစဉ်ထားပေးရတယ်၊ လာကြ"

ဟု ခေါ်သွားသဖြင့် ဦးသက္ကထိုင်နေသော ကွပ်ပျစ်ရှိရာသို့ သွားကြလေသည်။ ထိုနေရာရောက်တော့ ဦးသက္ကက နေရာထိုင်ခင်းပေးပြီး လက်ဘက်ရည်တစ်ခွက်စီ ပေးသဖြင့် သောက်ကြရသည်။

စောစောစီးစီး နှင်းတောထဲမှ ဖြတ်လျှောက်လာကြရာ လက်ဘက်ရည်ကြမ်းပူပူ သောက်ရသောအခါ အတော်ပင် နေသာထိုင်သာ ရှိသွားကြလေသည်။

"အဘက ကျွန်တော်တို့ လာမှာကို ကြိုသိနေသလိုပဲ"

"သိတန်သလောက်တော့ သိပါတယ်"

ဦးသက္ကက လက်ဘက်ရည်သောက်ရင်း ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုသိတာမျှားပါလိမ့်"

"သက်ဆိုင်ရာပုဂ္ဂိုလ်တွေ လာပြောပြလို့ သိနေရတာပါ"

ထိုစကားကြားတော့မှ သဘောပေါက်သွားကြသည်။

ဦးသက္ကက သောက်လက်စ လက်ဘက်ရည်ပန်းကန်ကို ပြန်ချထားရင်း မေးသည်။

"ဘောဂဗလ စံအိမ်ကို ရောက်ခဲ့ကြပြီ မဟုတ်လား"

"ညကတည်းက ရောက်နေကြတာပါ"

"တွေ့သင့်တဲ့လူတွေနဲ့ရော တွေ့ခဲ့ရပြီးပြီလား"

"တွေ့ရပါတယ်၊ သူတို့ အကူအညီတောင်းတဲ့ကိစ္စအတွက်ပဲ ဒီကိုလာကြတာပါ"

ဦးသက္ကက ခေါင်းညိတ်ပြသဖြင့် ဒေါက်တာမင်းထင်ကျော်က ညကကြုံတွေ့ရသော အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

"မှန်ပါတယ်၊ မဟာဗောဓိစေတီဆိုတာ သူဌေးကြီးရဲ့ ကောင်းမှုတော်ပဲ၊ ဌာပနာတိုက်ထဲမှာ တန်ဖိုးရှိတဲ့ ရတနာပစ္စည်းတွေ အများကြီးရှိတယ်၊ ဒီတော့ သာမန် ယုံကြည်စိတ်ချရတဲ့ လူမျိုးလောက်ကိုတော့ ဒီတာဝန်မျိုး ဘယ်ပေးဝံ့ပါ့မလဲ"

ဒေါက်တာမင်းထင်ကျော်ကတော့ ထွေထွေထူးထူး





ဘာမှပြန်မပြောပေ။

"မောင်ရင်က ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"ကျွန်တော်တို့ကတော့ လုပ်ပေးချင်တဲ့ စိတ်ရှိလို့သာ ကတိပေးလိုက်ပေမယ့် ဒီနယ်တွေအကြောင်းတော့ သိပ်မသိသေးပါဘူး၊ ဒါကြောင့် ဒီကိစ္စကို အဘကပဲ ဦးဆောင်ပြီး လုပ်ပေးပါ"

"လုပ်ပေးရတာတော့ ဝန်မလေးပါဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီအကြောင်းတွေကိုတော့ တခြားဘယ်သူမှ အသိခံလို့ မဖြစ်ဘူး"

"စိတ်ချပါ၊ ကျွန်တော်တို့ အဖွဲ့တွေကလွဲပြီး တခြားဘယ်သူမှ မသိစေရပါဘူး"

"နောက်တစ်ခုက အလုပ်သမားတွေကိုလည်း တခြားကသုံးလို့ မဖြစ်ဘူး၊ ဒီရွာကပဲ ရှိတဲ့လူတွေနဲ့ လုပ်ကြမှဖြစ်မယ်"

"ဒါကတော့ အဘ ကောင်းသလိုပဲ စီစဉ်ပါ"

"အရေးကြီးတာက ကျုပ်တို့လုပ်တဲ့အချိန်မှာ အနှောက်အယှက်တွေ ရှိလာနိုင်တယ်၊ သူတို့ကို အရင်သုတ်သင်ဖယ်ရှားပြီးမှ လုပ်ကြမှသင့်မယ်"

"ဘယ်လိုအနှောက်အယှက်တွေလည်း အဘ"

"တစ်နေ့က ဒီအိမ်ကို လူငါးယောက် ရောက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ်အထင်တော့ သိုက်ဆရာတွေ ဖြစ်မယ်ထင်တာပါပဲ၊ သူတို့က ဒီအိမ်ရောက်လာပြီး ဘောဂဗလသိုက်အကြောင်းနဲ့ ဘောဂဗလအိမ်ကြီး အကြောင်းတွေကို လာပြီး မေးမြန်းစုံစမ်းကြတယ်"

"ဒီတော့ အဘက ဘယ်လိုပြန်ပြောလိုက်သလဲ"

"ဘာမှမသိပါဘူးလို့ပဲ ပြန်ပြောလိုက်တော့ ပြန်သွားကြတယ်၊ သူတို့ကြည့်ရတာ ချက်ချင်းတော့ ပြန်သွားကြမယ် မထင်ဘူး၊ ကျုပ်တို့ လုပ်ငန်းစတော့မှဝင်ပြီး အနှောက်အယှက်ပေးမှာ စိုးရတယ်"

"ဒီလောက် မစိုးရိမ်ရပါဘူး အဘ၊ ကျွန်တော်တို့လည်း လူအင်အားများပါတယ်"

ဦးသက္ကက ကျေနပ်သော အမူအယာဖြင့် ခေါင်းညိတ်ပြလေသည်။

မြသင်းကြူကတော့ အနားမှာထိုင်ရင်း ကောက်ညှင်းပေါင်းနှင့် ငါးကြော်တို့ကို အတင်းကျွေးနေသဖြင့် နှစ်ယောက်သား စားသောက်ကြရလေသည်။

နံနက်စောစော အအေးဓါတ် မပြယ်သေးသော အချိန်တွင် ကောက်ညှင်းပေါင်း ငါးကြော်၊ လက်ဘက်ရည်ကြမ်း ပူပူနွေးနွေးတို့ကို စားသောက်ရသည်မှာ များစွာအရသာရှိလှပေသည်။

"ဒါထက် သူဌေးကြီးနဲ့တွေ့တော့ သူက ဘာပြောသ





လဲ"

"ဘုရားတည်တဲ့အခါ သုံးစွဲရမယ့် ငွေကြေးတွေကို သိုက်ထဲက ထုတ်ယူပြီး သုံးစွဲခွင့်ပြုတယ်လို့ ပြောတယ်"

"ဒါပေမယ့် စက်ကြိုးယန္တယားတွေ တပ်ဆင်ထားတော့ ဝင်လို့ဖြစ်ပါ့မလား"

"အန္တရာယ်ရှိတဲ့နေရာတွေကို ပြပေးထားမယ်လို့တော့ ပြောပါတယ်"

"ဒီလိုဆိုတော့ဖြင့် ကောင်းတာပေါ့ကွယ်၊ ကဲ.. ဒီရောက်မှတော့ အေးအေးဆေးဆေးပေါ့၊ ညနေစာပါ စားသောက်ပြီးမှပဲ နေအေးမှပြန်ကြပေါ့၊ ကျုပ်တော့ အလုပ်သမားတွေစီစဉ်ဖို့ ရွာထဲသွားလိုက်ဦးမယ်"

ဟု ပြောဆိုကာ တံဘက်တစ်ထည် ခေါင်းပေါ်တင်ပြီး အပြင်ထွက်သွားလေတော့သည်။

ကျော်စွာကလည်း ခြံဝန်းထဲ ဆင်းသွားသောကြောင့် အိမ်ပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့သာ ကျန်ခဲ့သည်။

"အစ်ကိုတို့က ဘုရားပြီးမှ ပြန်သွားကြမှာလားဟင်"

"ဟုတ်တယ် ကတိပေးပြီးမှတော့ ပြီးတဲ့အထိ လုပ်ပေးရမှာပေါ့"

"ဒီလိုလုပ်ပေးခွင့်ရတာ အစ်ကို့အတွက် ကံကောင်းတယ်လို့ ပြောရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲ"

"မဟာဗောဓိဘုရားကြီးက ပျက်စီးနေတာကြာပြီ၊ ဒီဘုရားကြီးကို ပြုပြင်ဖို့ ကြိုးစားခဲ့ကြတဲ့ သူတွေလည်း ရှိကြတယ်၊ ဒါပေမယ့် မူလဘုရားဒါယကာဖြစ်တဲ့ သူဌေးကြီးက ဘယ်သူ့ကိုမှ ပြုပြင်ခွင့် မပေးခဲ့ဘူး"

"ဘုရားကြီးရဲ့ ဌာပနာတိုက်ထဲမှာ တန်ဖိုးရှိတဲ့ စိန်ရွှေရတနာတွေ ဌာပနာထားတော့ မှသမာတဲ့စိတ်နဲ့ ယူကြမှာစိုးလို့ ဖြစ်မှာပါ"

"မှန်ပါတယ်၊ လူက သာမန်အခြေအနေမှာ စိတ်ခိုင်တယ်ထင်ရပေမယ့် ကာမတဏှာနဲ့ပဲတွေ့တွေ့၊ စိန်ရွှေရတနာတွေနဲ့ပဲတွေ့တွေ့၊ ထိတ်လန့်ကြောက်ရွံ့စရာနဲ့ပဲတွေ့တွေ့ ချက်ချင်း စိတ်ပြောင်းသွားလေ့ရှိတတ်တယ်၊ ဒါကို သာမန်လူတွေက မသိကြပေမယ့် ပရလောကသားတွေနဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက သိကြပါတယ်"

ဒေါက်တာမင်းထင်ကျော်က မြသင်းကြူထံမှ ထိုကဲ့သို့သောစကားမျိုး ကြားရသောကြောင့် စိတ်ထဲမှာ အံ့သြနေမိလေသည်။

"မြသင်းကြူပြောတာမှန်ပါတယ်၊ ပရလောကသားတွေ မသိခင် ကာယကံရှင်က ကိုယ့်စိတ်ကို ကိုယ်အရင်ဆုံး သိတာက ပိုကောင်းပါတယ်"

ထိုစကားကြားတော့ မြသင်းကြူက တစ်ချက်ပြုံး





လိုက်သည်။

"ဘာပဲဖြစ်ဖြစ် အစ်ကိုဒီရောက်လာတာ သာမန်တိုက်ဆိုင်မှုမျိုး အခြေအနေမျိုးနဲ့ ရောက်လာတာမဟုတ်ဘူးဆိုတာတော့ ကျွန်မသိပါတယ်"

"မြသင်းကြူပြောတဲ့ ရည်ရွယ်ချက်က ကျွန်တော့်ကို ဘောဂဗလသိုက်ထဲမှာရှိတဲ့လူတွေနဲ့ ရွှေဘဝဟောင်းက အတိတ်ရေစက်ပါတယ်လို့ ဆိုချင်တာလား"

"ဒီသဘောပါပဲ၊ တကယ်လို့ မပါဘူးဆိုရင် သူတို့စေခိုင်းတဲ့ ဘုရားကြီးပြုပြင်ဖို့ မဆိုထားနဲ့ သူတို့နဲ့တောင် အခုလို တွေ့ခွင့်ရမှာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အခုလို လုပ်ပေးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်၊ မြသင်းကြူကရော"

"ကျွန်မလည်း အစ်ကိုတို့နဲ့အတူတူ လက်တွဲလုပ်ခွင့်ရတာကို ဝမ်းသာပါတယ်"

"ရွှေရေစက် ရှိတယ်လို့ရော မထင်မိဘူးလား"

ထိုစကားကြောင့် မြသင်းကြူ မျက်နှာပေါ်မှာ ပန်းနုရောင်သွေး ယှက်သန်းသွားလေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ပြောလက်စစကားကို ဆုံးအောင်ဆက်ပြောသည်။

"ကျွန်တော်ထင်တာတော့ ဒီလို အတူလက်တွဲ လုပ်ခွင့်ရတာဟာ ကျွန်တော်တစ်ယောက်တည်း ရေစက်ပါလို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တန်ဘူး၊ လက်တွဲလုပ်ခွင့်ရတဲ့သူတွေလည်း ဒီလိုပဲ ရေစက်ပါလို့ပဲ ထင်ပါတယ်"

ထိုစကားကြောင့် မြသင်းကြူက ခေါင်းတစ်ချက်ညိတ်ပြပြီး ခေါင်းငုံ့သွားလေသည်။

ထိုအခိုက်မှာပင် ကျော်စွာပြန်ရောက်လာသောကြောင့် စကားပြတ်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့လည်း မြသင်းကြူတို့အိမ်မှာ တစ်နေကုန်နေကြပြီး အလုပ်ကိစ္စများ ဆွေးနွေးတိုင်ပင်ကြလေသည်။

ထို့နောက် ညနေပိုင်းအချိန်ရောက်တော့မှ ဘောဂဗလ စံအိမ်ရှိရာသို့ ပြန်လာကြလေသည်။

စံအိမ်ဟောင်းကြီး အတွင်းမှာ ကျန်နေခဲ့သော ဦးဗန်ကောင်းတို့အဖွဲ့ကတော့ ဒေါက်တာမင်းထင်ကျော်တို့ကို မျှော်နေကြရာ ပြန်ရောက်လာသည်နှင့် အခြေအနေကို မေးမြန်းကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကလည်း ဦးသက္ကတို့နှင့် တွေ့ပြီး စီစဉ်ခဲ့ပုံများအကြောင်းကို ပြန်ပြောပြလိုက်လေသည်။

"ဒါဖြင့် ဘုရားတည်ဖို့ ရွှေငွေတွေရပြီဆိုတာနဲ့ ကျုပ်တို့ အလုပ်စလို့ရပြီပေါ့"

ဦးဗန်ကောင်းက မေးသည်။





"ဟုတ်ပါတယ်. .၊ ဒီကိစ္စတွေကို မနော်ရမ္မာရွာက ဦးသက္ကတို့ မြေးအဖိုးတလည်း ကြိုသိနေကြပုံရတယ်"

"သိမှာပေါ့၊ သူတို့ချင်းက အမြဲတမ်း အဆက်အသွယ် ရှိနေကြတဲ့ပုံ ရှိပါတယ်"

ဟု မှတ်ချက်ချသည်။

ထိုအခါ ခုံဘေးနားမှာ ရှိနေသည့် သံပချိုင်က ဝင်မေးသည်။

"သိုက်ထဲမှာ စက်ကြီးယန္တယားတွေ တပ်ဆင်ထားတာဆိုတော့ ဝင်လို့ရပ့ါမလားဆရာ"

"ဒီလိုပဲ ကြိုးစားရမှာပေ့ါ၊ ဒါတွေက သူတို့ပြပေးမှ သိရမှာဆိုတော့ သူတို့ကို စောင့်ကြရမယ်"

"စိတ်ဝင်စားစရာပါပဲ"

သံပချိုင်က အတော်ပင် စိတ်ဝင်စားနေဟန်ရှိသည်။

ဤသို့ဖြင့် အိမ်ကြီးအတွင်း၌ စောင့်နေကြစဉ် ညဦးပိုင်းအချိန်ရောက်တော့ သူတို့ရှိရာသို့ လူတစ်ယောက် ရောက်လာလေသည်။

ရှေးအခါ အင်းဝခေတ်၌ ဝတ်ဆင်သော အဝတ်အစားများ ဝတ်ဆင်ထားကာ သျှောင်တစ်စောင်း ထုံးထားလေသည်။ မျက်နှာအမူအယာက တည်ကြည်ခန့်ညားမှုရှိပြီး အသက်(၃၀)ကျော် အရွယ်ခန့်သာ ရှိသေးသည်။

၎င်းက အိမ်ကြီးတစ်နေရာမှ ထွက်လာခြင်းဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်နှင့် မနီးမဝေးနေရာရောက်တော့ ရပ်တုံ့သွားသည်။

"ကိုဒီပ မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဟုတ်ပါတယ်"

"ဘာအတွက် ရောက်လာတာပါလဲ"

"ဒီအိမ်ကြီးထဲ ရောက်နေတဲ့သူတွေဆိုရင် ကျွန်တော်တို့ရဲ့ မိတ်ဆွေတွေလို့ပဲ သတ်မှတ်ပါတယ်၊ အခုလိုတွေ့ရတာလည်း ဝမ်းသာပါတယ်"

ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဘာမှပြန်မပြောပဲ သူ့ကိုသာ စိုက်ကြည့်နေကြလေသည်။

"ကျွန်တော်လာတာ တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့ကို ဒီအိမ်ကြီးထဲမှာ တပ်ဆင်ထားတဲ့ ယန္တယားထောင်ချောက်တွေရဲ့ လျှို့ဝှက်ချက်တွေကို ပြပေးဖို့နဲ့ ရတနာသိုက်ထဲကို ခေါ်သွားဖို့ ဖြစ်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ အထဲက တစ်ယောက်ကိုပဲ ခေါ်သွားခွင့်ရှိပါတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှလွဲပြီး ကျန်ငါးယောက်မှာ မျှော်လင့်ချက်နှင့် မကိုက်ပဲ ခဲလေသမျှ သဲရေကျ ဖြစ်သွားကြသကဲ့သို့ မသိမသာ သင်ပြင်းချလိုက်ကြလေ သည်။

"ဘယ်သူ့ကို ခေါ်သွားလိုပါသလဲ"

ဦးဗန်ကောင်းက မေးလိုက်တော့ . မောင်ဒီပက





ဒေါက်တာမင်းထင်ကျော်အား လက်ညှိုးထိုးပြလေသည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပဲ မောင်ဒီပခေါ်ရာ နောက်သို့ လိုက်ခဲ့ပေတော့သည်။

မောင်ဒီပက သူ့ကို အိမ်ကြီးအတွင်းသို့ ခေါ်သွားလေသည်။

အတွင်းဘက်မှာတော့ သာမန်စက်ယန္တယားများသာ တွေ့ရပေသည်။ ၎င်းက လျှို့ဝှက်ချက်များကို ပြောပြသဖြင့် ဒေါက်တာမင်းထင်ကျော်က မမေ့ပျောက်မသွားစေရန် အသေအချာ ရေးမှတ်ထားလေသည်။

တစ်နေရာရောက်တော့ တိုင်ကြီးတစ်လုံး၌ တပ်ဆင်ထားသော ကနုတ်ပန်းခက်များထဲတွင် ကြေးဖြင့်ပြုလုပ်တပ်ဆင်ထားသော ကနုပ်ပန်းခက်တစ်ခုကို စီချလိုက်ရာ အခန်းထောင့်တစ်နေရာမှ အံဝှက်တစ်ခုမှာ အလိုအလျောက် ပွင့်သွားလေတော့သည်။

ညဘက် မှောင်နေသောအချိန် ဖြစ်သော်လည်း သူ့အနီးတွင် မောင်ဒီပ ရှိနေသဖြင့် နေ့အချိန်ကဲ့သို့ မြင်တွေ့နေရသည်။

ပွင့်သွားသော နေရာမှအောက်သို့ ကြည့်လိုက်ရာ ကျောက်လှေခါးကိုးထစ်ကို တွေ့ရသည်။

အဖြူရောင် အနက်ရောင်များ ပြောက်ပနေသည့်

www.burmeseclassic.com



ကျောက်လှေခါးများဖြစ်သည်။

"ဒီလှေခါးကဆင်းရင် အနက်ရောင်လှေခါးကို မနင်းရပါဘူး။ နင်းမိရင် ဘယ်လိုအန္တရာယ်နဲ့ ကြုံတွေ့ရမယ်ဆိုတာ လက်တွေ့ပြပါမယ်"

မောင်ဒီပက ကျောက်လှေခါး အနက်ရောင်ပေါ်သို့ နင်းချလိုက်ရာ နံဘေးမှထွက်လာသော ဓားစက်တစ်ခုက ဝေါခနဲ ဖြတ်ထွက်လာပြီး သူ့ခန္ဓာကိုယ်ကို ဖြတ်ချလိုက်လေသည်။ သို့သော် မောင်ဒီပကတော့ ဘာမှမဖြစ်ပေ။

အရိပ်တစ်ခုပေါ်သို့ ဖြတ်သွားသလိုမျိုးဖြစ်ကာ အသွားထက်လှသော ဓားစက်က မူလနေရာသို့ ပြန်ဝင်သွားလေတော့သည်။ အကယ်၍သာ မောင်ဒီပနေရာတွင် သူသာဆိုပါက နှစ်ပိုင်းပြတ်သွားလောက်ပေပြီ။

ထို့နောက် အဖြူရောင် ကျောက်လှေခါးများပေါ်မှ သတိဖြင့်နင်း၍ ဆင်းသွားသောအခါ မြေအောက်ခန်းတွင်းသို့ ရောက်သွားလေသည်။

မြေအောက်ခန်းမှာ ကျောက်သားများဖြင့် လေးဘက်လေးတန် ကာရံထားသော အခန်းမျိုး ဖြစ်သော်လည်း အတွင်း၌ အလင်းရောင်ရရှိနေသည်။

ထိုမြေအောက်ခန်းထဲမှာတော့ ရွှေငွေရတနာများ မရှိပေ။ သို့သော် ပိတ်ထားသော ကျောက်တံခါးချပ် လေးချပ်တော့ရှိသည်။





ပထမတံခါးချပ်ကိုဖွင့်ရန် ခလုတ်ကို နှိပ်သောအခါ ခလုတ်နှိပ်လိုက်သည်နှင့် အတွင်းမှထွက်လာသော လှံချွန်များကထိုးသဖြင့် ခလုတ်ဖွင့်သူ သေစေနိုင်အောင် စီမံထားလေသည်။

ဒုတိယတံခါးကို ဖွင့်သည်နှင့် တစ်နေရာမှထွက်လာသော မြွေးတံများက ထိုနေရာတစ်ဝိုက်သို့ လာရောက်စိုက်ဝင်ကြလေသည်။

မြားတံတို့က နေရာအနှံ့မှ ထွက်လာခြင်းဖြစ်ရာ မြေအောက်အခန်းထဲတွင် ရောက်နေသူများအားလုံး ထိမှန်စေရန် စီမံထားခြင်းဖြစ်ပေသည်။

မောင်ဒီပ ရှိနေသောကြောင့်လား မသိပေ။ အဆိပ်ငွေ့များဖြင့် ထိသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှမဖြစ်ပေ။

နောက်တစ်ခန်းမှာတော့ တံခါးပွင့်သွားသည်နှင့် သံလျက်နှင့် ဓားကိုင်ထားသော စက်ရုပ်က အပြင်ထွက်လာသည်။

ဒေါက်တာမင်းထင်ကျော်ကိုမြင်တော့ ထိုးခုတ်ရန်လာချေပြီ။

ဒီတစ်ခါတော့ ဒုက္ခတွေ့ပြီဟု တွေးလိုက်မိသည်နှင့် ယန္တယားရုပ်က အနားရောက်လာပြီး ထိုးရန်၊ ခုတ်ရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မြင်တော့မှ မောင်ဒီပက အမိန့်ပေးလိုက်ရာ သံပါတ်ကုန်သွားသကဲ့သို့ ရပ်တန့်သွားတော့သည်။

ထိုအခါမှပင် သက်ပြင်းချနိုင်တော့သည်။

စက်ရုပ်ရပ်သွားသောအခါ ထိုအခန်းတွင်းသို့ ဝင်သွားကြရာ နေရာမလပ် လည်ပတ်နေသော ယန္တယားများကို တွေ့ရသည်။

သာမန်စက်ယန္တယားများ မဟုတ်ကြပဲ ဓားစက်၊ လှံစက်များပင် ဖြစ်ပေတော့သည်။

ထိုစက်ယန္တယားအားလုံးကို ရပ်တံ့ရန် အမိန့်ပေးလိုက်သောအခါမှ ရပ်တန့်သွားကြရာ အတွင်းသို့ ဝင်နိုင်ပေတော့သည်။

အတွင်းမှာတော့ ကျယ်ဝန်းသော အခန်းကျယ်ကြီး အတွင်း၌ မြောက်များလှစွာသော ရွှေငွေရတနာများကို တွေ့မြင်ရပေတော့သည်။

သူဌေးကြီး ဘောဂဗလပိုင်ဆိုင်သော ဘောဂဗလ သိုက်ကြီးပင် ဖြစ်ပေတော့သည်။

အခန်းထောင့်တွင် ရွှေနှင့်ငွေများကို ရွှေအုတ်ချပ်၊ ငွေအုတ်ချပ်ကြီးများ ပြုလုပ်ထပ်ထားသည်မှာ တောင်ပုံရာပုံ ဖြစ်သည်။

ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ရွှေမန်ကျည်းတောင့်၊ ငွေမန်ကျည်းတောင့်များကိုလည်း သူ့နေရာနှင့်သူ ပုံထားသည်။





ထို့ပြင် ပတ္တမြားများ၊ စိန်များ၊ မြများကိုလည်း သပ်သပ်စီ သူ့သေတ္တာနှင့်သူ ထည့်ထားလေသည်။

နန်းစဉ်ရတနာများနှင့် လက်ဝတ်ရတနာတို့မှာလည်း သေတ္တာကြီးငယ်တို့ဖြင့် သီးခြားထည့်ထားကြသည်။

အခန်းတစ်ခုလုံးမှာ ရွှေငွေရတနာအပုံများ၊ ရတနာထည့်ထားသော သေတ္တာများဖြင့် ပြည့်နေပေတော့သည်။

ဒေါက်တာမင်းထင်ကျော် အဖို့မှာတော့ ထိုမျှများပြားသော ရွှေငွေရတနာများကို မမြင်ဖူးသေးပေ။

"ဟိုဘက်မှာပုံထားတဲ့ ရွှေဒင်္ဂါးပုံ၊ ငွေဒင်္ဂါးပုံတွေက ဘုရားတည်ရင် အသုံးပြုဖို့ပါ၊ ခင်ဗျားယူပြီး အသုံးပြုခွင့် ရှိပါတယ်"

"ဒါပေမယ့် ဒီနေရာရောက်အောင် ဝင်လာဖို့က မလွယ်လှဘူး၊ ဝင်လာလို့ ရတယ်ပဲထားပါဦး၊ စက်ရုပ်တွေနဲ့ စက်ယန္တယားတွေကို ရပ်တန့်ဖို့ဆိုတာတော့ မလွယ်လှဘူး"

"သူတို့ကို အမိန့်ပေးပြီး ရပ်တံ့လို့ရအောင် စီစဉ်ထားတာပါ၊ အမိန့်ပေးတဲ့ ဂါထာမန္တာန်ကို ခင်ဗျားကို ပေးပါ့မယ်၊ ဒါက စက်ရုပ်တွေကို နှိုးထစေတဲ့မန္တာန်၊ ဒါက စက်ရုပ်တွေကို ရပ်တန့်သွားစေတဲ့ မန္တန်ပါ၊ ခင်ဗျားအသုံးပြုဖို့ လက်ဝါးမှာ တူးပေးလိုက်ပါ့မယ်၊ ခင်ဗျား လက်ဝါးနှစ်ဘက်ဖြန့်ပါ"

ဟု ပြောသဖြင့် ဖြန့်ပေးလိုက်ရာ မောင်ဒီပက၏ ၎င်းလက်ဝါးနှစ်ဘက်ဖြင့် အပ်ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂါထာမန္တာန်နှစ်ပုဒ်က ၎င်းလက်ဝါးနှစ်ဘက်ပေါ်၌ ထင်ကျန်နေခဲ့လေသည်။

"ခင်ဗျား အသုံးလိုတဲ့အခါ ပေါ်နေပြီး အသုံးမလိုတဲ့အခါ ပျောက်နေပါလိမ့်မယ်၊ အထူးသဖြင့်တော့ ဒီအကြောင်းတွေကို ဘယ်သူမှ မသိပါစေနဲ့"

"ကောင်းပါပြီ"

ထို့နောက် မောင်ဒီပနှင့် ပြန်ထွက်လာကြရာ စက်ယန္တယားများ စက်ရုပ်များက မူလအတိုင်း ပြန်လည်လှုပ်ရှားနေကြပြီး တံခါးချပ်များလည်း ပြန်ပိတ်သွားလေတော့သည်။







## အခန်း (၇)

# အထိကရသိုက်ကုန်းမှ အပြစ်ဆိုး

အချိန်က ညဦးပိုင်းအချိန်ကျော်လာခဲ့ပေပြီ။

မဟာဗောဓိဘုရားကုန်း တစ်ဝိုက်မှာတော့ အမှောင်ရိပ်များ ဖုံးလွှမ်းလျက် ရှိနေပေပြီ။ လဆုတ်ရက် ဖြစ်လာပြီဖြစ်သဖြင့် ညဦးပိုင်း လရောင်မရှိပေ။ သို့ကြောင့် အလင်းရောင်မရှိပဲ အမှောင်ရိပ်များက ပိုပြီးဖုံးလွှမ်းထားသကဲ့သို့ ရှိလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုအချိန်ရောက်မှ မဟာဗောဓိကုန်းတစ်ဝိုက်သို့ လူအချို့ ရောက်လာကြလေသည်။ ဦးသူတော် ခေါင်းဆောင်လာသော သိုက်တူးကြမည့်သူများပင် ဖြစ်ကြလေသည်။

ဦးသူတော်နောက်တွင် တပည့်အဖြစ် လိုက်ပါလာသူတို့မှာ သန်းရွှေ၊ ကျော်ကြီး၊ ကိုထွန်းနှင့် ထွန်းခတို့လေးယောက်ဖြစ်သည်။

သန်းရွှေနှင့် ထွန်းခတို့မှာ ဦးသူတော်၏ တပည့်နှစ်ယောက်ဖြစ်ပြီး ကျော်ကြီးနှင့် ကိုထွန်းဆိုသူတို့မှာ အင်းဝမှ လိုက်လာကြသူများ ဖြစ်ကြသည်။

၎င်းတို့သည် သိုက်တူးဖော်ရန်အတွက် ထိုနေရာဘက်သို့ ရောက်နေကြခြင်း ဖြစ်သည်။

"ဟိုလူတွေလည်း ဒီဘက်ကို ရောက်နေကြလောက်ရောပေါ့"

ဦးသူတော်က ပြောလိုက်သည်။

"ရောက်နေပြီထင်တယ်၊ သူတို့လာရင် ဒီဘက်ကိုတော့ လာကြမယ်မထင်ဘူး၊ ဘောဂဗလ အိမ်ကြီးဘက်ကိုပဲ သွားကြဖို့များတယ်"

ကိုထွန်းက ပြောပြလိုက်သည်။

"ဒါထက် နေပါဦး၊ သူတို့က ဘာကြောင့် ဒီနေရာအထိ လာကြတာတဲ့လဲ"





"ကျွန်တော်တို့ စုံစမ်းရသလောက်တော့ သိုက်ဆရာတွေတော့ မဟုတ်ကြဘူး၊ ဆရာကြီး၊ သိုက်တူးဖို့လည်း လာကြတာ ဟုတ်ပုံမရဘူး"

"ဘာအတွက် လာတာတဲ့လဲ"

"ဘောဂဗလ စံအိမ်ကြီးမှာရှိတဲ့ စက်ကြိုးယန္တယားတွေ လေ့လာကြမယ်လို့တော့ ကျွန်တော်တို့နဲ့တွေ့တော့ ပြောပြလိုက်တယ်"

ဟု ကျော်ကြီးက ပြောသည်။

"ကောင်းတာပေါ့ကွာ၊ သူတို့ စက်ယန္တယားတွေ ရှာဖွေပြီး ဖယ်လိုက်ပြီးတော့လည်း ငါတို့အတွက် ပိုကောင်းတာပေါ့၊ အိမ်ကြီးထဲကို လွယ်လွယ်ကူကူ ဝင်လို့ရတာပေါ့၊ ဒီညတော့ မဟာဗောဓိစေတီရဲ့ ဌာပနာတိုက်ကို စတူးကြတာပေါ့"

"ဒီနေရာက အရင်လည်း သိုက်ဆရာတွေ လာတူးကြတယ် ဆရာကြီး၊ ဒါပေမယ့် ဘယ်သူမှတော့ ရကြတယ် မကြားမိသေးဘူး၊ သိုက်စောင့်တွေက အတော်ကြမ်းတယ်လို့ သတင်းကြားမိတယ်"

ကိုထွန်းစကားကြားတော့ ဦးသူတော်က သဘောကျစွာ ပြုံးလိုက်ကာ ပါးစပ်တွင်းမှ ကွမ်းဖတ်များကို ထွေးထုတ်လိုက်သည်။

"လာကြတဲ့ ဆရာတွေက ဆရာအမည်ခံသားပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ပညာကတော့ မတောက်တခေါက်လောက်ပဲ ရှိလို့ ဖြစ်မှာပေါ့ကွာ၊ သိုက်ဆိုတာ အမျိုးမျိုး ရှိကြတာပဲ၊ သာမန်သိုက်ကလေးတွေကိုတော့ သာမန်ပညာလောက်နဲ့ ရချင်ရမှာပေါ့။ အထိကရသိုက်ကြီးတွေကျတော့ သာမန်ပညာလောက်နဲ့ မရဘူးကွ၊ သူတို့ကိုနိုင်လောက်တဲ့ ပညာရှိမှရတာ”

ဦးသူတော် စကားကြားတော့ တပည့်လေးယောက်က များစွာအထင်ကြီးသော အကြည့်မျိုးဖြင့် ကြည့်လိုက်ကြလေသည်။

“အားကိုးပါရစေ ဆရာကြီးရယ်၊ ဒီလိုဆိုရင်တော့ ခိုင်းချင့်တာသာ ခိုင်းပါစေတော့၊ ဆင်းရဲတဲ့ဘဝက လွတ်မြောက်ရင် ကျေနပ်ပါပြီ”

“အေးလေ ချမ်းသာတော့မယ့်အချိန်ရောက်လို့ ငါနဲ့တွေ့ကြတယ်လို့သာ သဘောထားကြပေါ့။ ကဲ. . ကဲ. . လုပ်စရာရှိတာ လုပ်ကြရအောင်”

ဟု ပြောဆိုကာ ဘုရားကြီး ပတ်ဝန်းကျင်တစ်ဝိုက်မှာ နေရာယူပြီး ပြုလုပ်စရာများကို စတင်လုပ်ကြလေသည်။

ဦးသူတော်က ဆေးအစီအရင်များဖြင့် ပြုလုပ်ထားသော ရာဇမတ်များကို စေတီဟောင်းကြီးတစ်ဝိုက်သို့ပတ်ကာခိုင်းသည်။ သို့ကြောင့် တပည့်များက သစ်သားတိုင်များ ဝါးတိုင်များစိုက်ကာ ရာဇမတ်များပြုလုပ်ကာ ကာရံကြလေသည်။





ထိုနေရာတစ်ဝိုက်မှာ ဝါးပင်များ ပေါသဖြင့် တွေ့သမျှဝါးပင်များကို ခုတ်သူကခုတ်ပေး၊ ခွဲစိတ်ပြီး ကပ်ယက်သူကယက်ဖြင့် ပြုလုပ်ကြရာ အကာအရံ ပြုလုပ်ရန်အတွက် ဝါးကပ်များ ပြုလုပ်ကြခြင်း ဖြစ်ပေသည်။

တက်ညီလက်ညီပြုလုပ်ရာ အတော်ကြာတော့ ဝါးကပ်အတော်များများရသဖြင့် ရာဇမတ်ကဲ့သို့ စေတီတော်ပတ်လည်ကို လိုက်လံကာရံကြခြင်း ဖြစ်သည်။

ထိုသို့ပြုလုပ်ရင်းနှင့်ပင် ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာကြလေသည်။

ဦးသူတော်ကတော့ ကာရံပြီးသော ရာဇမတ်များအပေါ်သို့ ပရိတ်ချည် ပရိတ်ကြိုးများ တင်ခြင်း၊ အောက်ခြေတွင် အင်းချပ်များ မြှုပ်နှံခြင်းများ လိုက်လံပြုလုပ်လေသည်။

ဘုရားကြီးမှာ မူလတည်စဉ်က အတော်အတန် ကြီးမားလှပေရာ နှစ်ပရိစ္ဆေဒရကြာမြင့်ပြီ ဖြစ်သဖြင့် ပြိုကျနေသည်ကတစ်ကြောင်း သိုက်တူးသမားတို့ ဖြိုဖျက်တူးဖော်ကြသည်ကတစ်ကြောင်းကြောင့် စေတီပုံသဏ္ဌာန်ပင် သိပ်မရှိတော့ပဲ တောင်ပို့တစ်ခုကဲ့သို့သော်လည်းကောင်း၊ အုတ်ပုံကြီးတစ်ခုကဲ့သို့သော်လည်းကောင်း၊ အခြေအနေဖြစ်နေရာ ပတ်လည်ကာရံမိသည်အထိ အတော်ပြုလုပ်ကြရလေသည်။

ဝါးကပ်များလည်း အတော်ပင်ကုန်သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်တော့ ကောင်းကင်၌ လ



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ရက် ထွက်သောလက တစ်ဝက်တစ်ပျက်နှင့် ထွက်လာရာ အလင်းရောင်အချို့ ရလာလေသည်။

သို့သော် မြူနှင်းများ ရှိနေသောကြောင့် မှုံဝါးဝါးသာဖြစ်နေသည်။ ထိုအချိန်တွင် ကိုင်းတောများရှိသော နေရာဘက်မှ ခွေးဟောင်သံများ သဲ့သဲ့ကြားရသည်။

မရှေးမနှောင်းမှာပင် ဘောဂဗလ စံအိမ်ကြီးရှိသောနေရာဘက်မှ လူရိပ်သဏ္ဌာန်တစ်ခုထွက်လာပြီး မဟာဗောဓိစေတီရှိသော နေရာဘက်သို့ တရွေ့ရွေ့ လျှောက်လာလေသည်။

မနီးမဝေးရောက်လာတော့မှ ဆံပင်ဖားလျား ချထားသော အမျိုးသမီးတစ်ယောက်ဖြစ်မှန်း သိကြရသည်။

"ဆရာကြီး ဟိုမှာ မိန်းမတစ်ယောက် ဒီဘက်လာနေတယ်"

သန်းရွှေက ပြောလိုက်သည်။

"လာပစေပေါ့ကွာ၊ သက်ဆိုင်တဲ့သူတွေ လာတာဖြစ်မှာပေါ့"

ဦးသူတော်ကတော့ ပေါ့ပေါ့တန်တန်ပင် ပြောလိုက်လေသည်။ ထိုသို့ပြောနေစဉ်မှာ အင်းဝခေတ်က ဝတ်ဆင်သော အဝတ်အစားများကို ဝတ်ဆင်ထားပြီး ဆံပင်ဖားလျားချထားသော အမျိုးသမီးက သူတို့ရှိသောနေရာနှင့် မနီးမဝေးသို့ ရောက်လာပြီး ရပ်လိုက်သည်။





"ဘာလုပ်နေတာလဲ"

အသံမာမာနှင့် လှမ်းမေးလိုက်သည်။

"ရာဇမတ်ကာနေတာလေ၊ နင်မမြင်ဘူးလား"

ဦးသူတော်က ပြန်ပြောလိုက်သည်။

"မြင်တယ်လေ၊ မြင်လို့လာမေးတာပေါ့၊ ကိုယ့်သဘောနဲ့ကိုယ် ရာဇမတ်ကာနေကြရအောင် ဒီဘုရားမှာ မူလဘုရားဒါယကာ ရှိတယ်ဆိုတာ မသိဘူးလား"

"ဘုရားဒါယကာက ဘယ်သူလဲ၊ သူဌေးကြီး ဘောဂဗလကို ပြောတာမဟုတ်လား၊ ဒါတော့ သိတာပေါ့၊ သူဌေးကြီး မရှိတော့တာပဲ နှစ်ပေါင်းလေးရာကျော်ပြီ"

"နှစ်ပေါင်းလေးရာကျော်ပေမယ့် ဒီနေရာမှာ ရှိနေသေးတယ်၊ ငါက သူဌေးကြီးရဲ့သမီး မြလေးနွယ်ပဲ"

ဟု ပြောသည်။

"မြလေးနွယ်ဆိုရင်လည်း ဝေးဝေးမှာနေ၊ ငါတို့ကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ဘူး၊ ကြောက်လည်းမကြောက်ဘူး၊ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ"

"ဒါကတော့ ကိုယ့်သဘောပေါ့လေ၊ ငါကတော့ မသေသင့်တာ မသေအောင် လာပြီးသတိပေးရတာပဲ၊ တစ်ခုတော့ သတိပေးလိုက်မယ်၊ ဒီနေရာမှာရှိတဲ့ ရွှေငွေရတနာပစ္စည်းတွေကို ငါတို့ ခွင့်မပေးရင် ကြေးပြားတစ်ချပ်တောင် ယူလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို ဒီလိုလာပြီး ခြောက်လှန့်လို့ကတော့ မရဘူး၊ နင်တို့ မပေးချင်တဲ့ ပစ္စည်းတွေကို ငါကတော့ မရရအောင် ယူပြမယ်"

"ဒါကတော့ သဘောပေါ့လေ၊ ငါတို့တာဝန်ကတော့ ကုန်ပါပြီ၊ နင်တို့ လုပ်ချင်တာသာ ဆက်လုပ်ကြပေါ့"

ဟု ပြောဆိုကာ အမှောင်ရိပ်အတွင်းသို့ ဝင်ရောက် ကွယ်ပျောက်သွားလေတော့သည်။

"ဘယ်ကမိန်းမလည်း ဆရာကြီး"

"မင်းတို့ မကြားလိုက်ဘူးလား၊ သူဌေးကြီး ဧဘာဂ ဗလရဲ့ သမီးလို့ ပြောသွားတယ်လေ၊ ဘယ်သူပဲဖြစ်ဖြစ် ပေါ့ကွာ၊ ဂရုစိုက်စရာ မလိုပါဘူး၊ ကဲ. . ကဲ. . အချိန်ရှိတုန်း လုပ်စရာရှိတာ ဆက်လုပ်ကြဟေ့"

ဟု ပြောဆိုကာ ရာဇမတ်ကာသောအလုပ်ကို ဆက် လုပ်ကြလေသည်။

ထိုသို့ပြုလုပ်သော်လည်း ညဉ့်နက်ပိုင်းအချိန် ရောက် သည်အထိတော့ မပြီးကြသေးပေ။

အဘယ်ကြောင့်ဆိုသော် မြေ၌တိုင်စိုက်ပြီး ထောင် ထားသော ရာဇမတ်များမှာ မကြာခဏဆိုသလို လေပြင်း တိုက်သလိုဖြစ်ပြီး ပြိုလဲကျသောကြောင့် ဖြစ်သည်။

"ဆရာကြီး ရာဇမတ်ကွက်တွေကို တွန်းလှဲနေတာ လား မသိဘူး၊ တဝုန်းဝုန်းလဲကျနေတယ်"





"မဟုတ်ပါဘူးကွာ၊ အင်းချပ်တွေ မြှုပ်ထားတာပဲ၊ ဒီ နေရာကို မကောင်းဆိုးဝါးတွေ မကပ်နိုင်ပါဘူး၊ လေတိုက်လို့ လဲတာဖြစ်မှာပါ"

ဦးသူတော်ကသာ 'လေတိုက်သည်'ဟု ပြောသော် လည်း ပတ်ဝန်းကျင်မှာတော့ လေမတိုက်ပဲ ငြိမ်သက်နေလေ သည်။ ထိုကဲ့သို့ မကြာခဏ ပြန်ထောင်နေရသောကြောင့် တော်တော်နှင့်မပြီးပဲ ရှိနေကြသည်။

သန်းခေါင်ယံကျော်တော့ ထိုနေရာသို့ မည်းမည်း သဏ္ဌာန်အချို့ရောက်လာပြီး ဦးသူတော် မြှုပ်ထားသော အင်းချပ်များကို ယူပြီး ပစ်ပေါက်ကစားနေကြသည်။

"ဆရာကြီးမြှုပ်ထားတဲ့ အင်းချပ်တွေကိုယူပြီး က စားနေကြတာဗျ"

ထွန်းခက ပြောလိုက်သဖြင့် ဦးသူတော်မှာ မျက်စိ မျက်နှာ ပျက်သွားလေသည်။

ကြောက်စရာကောင်းသည့် ပုံသဏ္ဌာန်ရှိကြသော သရဲသဘက်အချို့က အင်းချပ်များမြင်လျှင် ကြောက်လန့် ပြေးရမည့်အစား မပြေးပဲ ထိုအင်းချပ်များနှင့်ပင် ကစားနေကြ သည်။

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

"အဲဒါ ရာဇမတ်တွေ အချိန်မီပြီးအောင် မ[illegible]နိုင်လို့ ညည်းပေါက်နေလို့ အခုလိုဖြစ်တာ၊ ဒီညတော့ ရှုပ်စေတော့၊



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတော့မှ ရာဇမတ်တွေကို အပြီးကာရမယ်”

ဟု ပြောကာ တစ်နေရာ၌ စုထိုင်နေကြရလေသည်။

မနီးမဝေးမှာ လာရောက်နေကြသည့် သရဲသဘက်များကတော့ သူတို့ရှိနေသည်ကိုပင် ဂရုမစိုက်ပဲ အင်းချပ်များဖြင့် ပစ်ပေါက်ကစားလိုက် ရာဇမတ်များကို တွန်းလှဲလိုက်နှင့် အချိန်အတော်ကြာအောင် ပြုလုပ်နေကြပြီး အရှေ့ဘက်မှ အရုဏ်ဦးအလင်းရောင်အချို့ ပေါ်ပေါက်လာတော့မှ ပျောက်ကွယ်သွားကြလေသည်။

ဦးသူတော်တို့အဖို့တော့ အိပ်ရေးပျက်သည်သာ အဖတ်တင်ပြီး တစ်ညလုံး ဘာမှအလုပ်မဖြစ်ကြပေ။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်တော့ ပါလာသော အစားအသောက်အချို့ကို ဖြစ်သလိုစားသောက်ပြီး အရိပ်ကောင်းသော သစ်ပင်အောက်၌ တစ်ရေးတစ်မောအိပ်ကြသည်။

နေ့လည်ပိုင်းအချိန်ရောက်တော့မှ ပြန်နိုးလာကြပြီး ဝါးများကို ထပ်မံရှာဖွေပြီး စေတီဟောင်းကြီး ပတ်လည်ကို ရာဇမတ်များ ကာမိဆက်မိအောင် ပြုလုပ်ကြလေသည်။

နေ့လည်ဘက်အချိန်ဖြစ်သဖြင့် အနှောက်အယှက်များ မတွေ့ရသောကြောင့် ရာဇမတ်ကာရံသောကိစ္စကို ပြီးအောင်ပြုလုပ်နိုင်ကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ဦးသူတော်က နောက်





ထပ်အင်းချပ်များ ထပ်မံပြုလုပ်ပြီး ရာဇမတ်ထောင့် နေရာများတွင် မြှုပ်နှံထားပြန်လေသည်။

“ဒီညတော့ တွေ့ကြရောပေါ့၊ လာဝံ့လာကြပစေ”

ဟုလည်း ကြိတ်ပြီး ရေရွတ်ပြောဆိုနေလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ ထောင့်လေးထောင့်တွင် အမွှေးတိုင် ဖယောင်းတိုင်များ ထွန်းကာ စောင့်ကြည့်ကြသည်။

ရာဇမတ်များ ပြီးစီးအောင် ကာမိသွား၍လား မပြောတတ်ပေ။ ညဦးပိုင်းအချိန် ရောက်သည်အထိတော့ မည်သည့်အနှောက်အယှက်မျိုးမှ ရောက်မလာကြပေ။

“အခုတော့ ငါ့အကြောင်း သိသွားကြပြီ မဟုတ်လား။ ဘာမှမကြောက်ကြနဲ့ တပည့်တို့ တူးစရာရှိတာသာ တူးကြပေတော့”

ဟု ပြောသဖြင့် တပည့်လေးယောက်က အသင့်ယူဆောင်လာသော တူရွင်း၊ ပေါက်တူး၊ ဂေါ်ပြားစသည်တို့ကို အသုံးပြုကာ တူးဖော်ခြင်းလုပ်ငန်းစကြလေသည်။

ထိုနေရာတစ်ဝိုက်မှာရှိသောမြေမှာ မြေကျစ်မြေစေးမျိုးမဟုတ်ပေ၊ မြေပွအမျိုးအစား ဖြစ်သောကြောင့် တူးရသည်မှာ မခက်ခဲလှပေ။

ထို့ပြင် ထိုနေရာတစ်ဝိုက်မှာ ယခင်တူးဖော်ထားသော ကျင်းဟောင်းများလည်း ရှိနေသောကြောင့် တူးဖော်



www.burmeseclassic.com

www.burmeseclassic.com



ရသည်မှာ လွယ်ကူသကဲ့သို့ ရှိလေသည်။

ညဦးပိုင်း အချိန်ရောက်သည်အထိတော့ ပြင်ပအနှောက်အယှက်များ မတွေ့ရပဲ စေတီဟောင်းအောက်၌ရှိသော ဌာပနာတိုက်ရှိရာသို့ပင်ရောက်အောင် တူးနိုင်ခဲ့ကြလေသည်။

မြေတိုက်(ဌာပနာတိုက်)မှာ လေးထောင့်စိုသဏ္ဍာန်ဖြစ်ပြီး ခိုင်ခံ့သောအုတ်ချပ်၊ ကျောက်ချပ်ကြီးများဖြင့် အခိုင်အခံ့ပြုလုပ်ထားလေသည်။

"ဌာပနာတိုက်တော့ တွေ့ပြီဟေ့၊ သူဌေးကြီး ဌာပနာတည်ထားခဲ့တဲ့ ရွှေငွေရတနာတွေ ဒီအထဲမှာ ရှိမယ်ထင်တယ်"

"ဒီလောက်ခိုင်တဲ့ ကျောက်သားထုတွေကို ဘယ်လိုခွဲကြမလဲ"

"တူနဲ့ထုခွဲရင် ပြိုကျသွားမှာပါ"

ဟု ပြောပြီး ဌာပနာတိုက်ကို ပါလာသောတူဖြင့် ထုကြလေသည်။

တိတ်ဆိတ်နေသောအချိန်ဖြစ်သောကြောင့် တူထုသောအသံက တဒုန်းဒုန်းဖြင့် ထွက်ပေါ်လာလေသည်။

ထုရိုက်အား ပြင်းထန်သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ သိမ့်သိမ့်တုန်နေလေသည်။

မြေကြီးများမှာလည်း မြေငလျင်လှုပ်သကဲ့သို့ လှုပ်





နေခြင်းဖြစ်သည်ကို သတိပြုမိကြသည်။

"ဟေ့. . ဟေ့. . နေကြဦး၊ နေကြဦး မြေကြီးတွေ လှုပ်နေတာ၊ ငါတို့ တူထုလို့ မဟုတ်ဘူးဟ"

ထိုသို့ပြောပြီး ထုရိုက်ခြင်းကို ရပ်လိုက်သောအခါမှာလည်း မြေကြီးများက လှုပ်နေပြီး တူးဖယ်ထားသော မြေသားများပင် ပြိုကျလာလေသည်။

သို့ကြောင့် တွင်းထဲ ရောက်နေသူများပင် အပေါ်ပြန်တက်ပြီး အခြေအနေ ကြည့်ကြသည်။

"ဟို. . ဟိုမှာ"

"ဘာလဲ သရဲတွေ လာပြန်ပလား"

"ဒီတစ်ခါ သရဲမဟုတ်ဘူး၊ သရဲထက် ကြောက်စရာကောင်းတယ်"

ဟု ပြောဆိုကာ တစ်ယောက်က လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်သော အခါမှာတော့ ကြီးမားသော မြွေကြီးတစ်ကောင်မှာ သူတို့ရှိနေသော နေရာဘက်သို့ တရွေ့ရွေ့လာနေသည်ကို တွေ့ရလေသည်။

"ဘာကြီးလဲ၊ မြွေကြီးလား"

"ဟုတ်တယ် ထန်းပင်လုံးလောက်ကြီးတဲ့ မြွေကြီးပဲ၊ ငါတို့ဘက်လာနေတာကွ"

"ဆရာကြီး လုပ်ပါဦးဗျ၊ ဟိုမှာ မြွေကြီးလာနေပြီ"

"လာပစေပေါ့ကွာ၊ ပရလောကသားတွေပဲကွာ. ."



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ကြီးကြီး ဖန်ဆင်းလို့ရတာပဲ၊ စည်းနားရောက်တော့ ထန်းပင်လုံးလောက်ကနေ တီကောင်လောက် ဖြစ်သွားလိမ့်မယ်၊ မင်းတို့ကြည့်နေ"

ဦးသူတော်က ပြောသဖြင့် တပည့်လေးယောက်က လုပ်လက်စအလုပ်များကို ရပ်တန့်ကာ တရွေ့ရွေ့လာနေသော မြွေကြီးကို လှမ်းကြည့်နေကြလေသည်။

စေတီပျက်ရှိသောနေရာနှင့် မနီးမဝေး ရောက်သောအခါမှာတော့ ဦးသူတော်ပြောသကဲ့သို့ တဖြည်းဖြည်း သေးငယ်သွားခြင်းမရှိပဲ ပိုပြီးကြီးလာသကဲ့သို့ ဖြစ်လာလေသည်။

မနီးမဝေးရောက်တော့ ရပ်တန့်သွားပြီး သူတို့ရှိရာဘက်သို့ ခေါင်းထောင်ကြည့်လိုက်သည်။

ဦးခေါင်းမှာ တင်းတောင်းအရွယ်ထက် ပိုကြီးပြီး မျက်လုံးနှစ်လုံးမှာ လင်ကွင်းငယ်လောက် ရှိပေသည်။ အမှောင်ထဲမှာပင် မျက်လုံးမှ နီရဲသော အလင်းရောင်များ ထွက်နေလေသည်။

"ရှူး. . "

ထိုသို့အသံကြီးပေါ်ထွက်လာပြီး ပါးပျဉ်းထောင်လိုက်ရာ ထန်းပင်လောက် မြင့်တက်သွားလေသည်။

ပါးပျဉ်အကျယ်မှာလည်း ဖျာတစ်ချပ်စာလောက် ကျယ်ပြန့်လှပေသည်။

မြွေကြီးက အောက်မှလာခြင်း မဟုတ်ပဲ အပေါ်မှ





မိုးဝင်လာခြင်း ဖြစ်လေသည်။

"သူ. . သူက အောက်ကလာတာမဟုတ်ဘူး၊ အပေါ်ကလာတာ"

ဟု ပြောနေစဉ် ပါးပျဉ်းဖြင့် အပေါ်မှ အုပ်မိုးထားသကဲ့သို့ ဖြစ်လာလေသည်။

"ဆ. . ဆရာကြီး လုပ်ပါဦး၊ အပေါ်က ပေါက်ချတော့မယ်"

ပြောနေရင်းမှာပင် မြွေကြီးက ပေါက်ချလိုက်ရာ. . ကြောက်ကြောက်လန့်လန့်နှင့် ရှောင်ပြေးကြသော်လည်း တစ်ယောက်ကတော့ မြွေပါးစပ်အတွင်းသို့ ခြေကားရား လက်ကားရား ပါသွားလေသည်။

ပါသွားသူမှာ သန်းရွှေဖြစ်သည်။

"အား. . ကယ်ကြပါဦး၊ လုပ်ကြပါဦး"

ဦးသူတော် အပါအဝင် ကျန်လေးယောက်က သူ့အသက် ကိုယ့်အသက်လုပြီး နေရာမှထွက်ပြေးကြသောကြောင့် မကယ်နိုင်တော့ပေ။

မြွေကြီးက ပါးစပ်အတွင်းမှာ ပါလာသော သန်းရွှေကို အလွယ်တကူ မြိုချလိုက်ကာ ထိုနေရာမှာပင် လူးလိမ့်ပစ်လိုက်လေတော့သည်။

ကြီးမားသော မြွေကြီးတစ်ကောင် လူးလိမ့်နေသောကြောင့် စေတီပရဝုဏ်အတွင်း ကာရံထားသော နာဂမတ်



www.burmeseclassic.com

www.burmeseclassic.com



များ တစ်ချပ်မကျန် လွင့်စင်ထွက်သွားကြပြီး တူးထားသော မြေကြီးများမှာလည်း ‘တွင်းများအတွင်းသို့ ပြန်ကျသွားလေ ရာ အတော်ကြာသောအခါ လူများပြန်ဖို့လိုက်သကဲ့သို့ဖြစ် ကာ တညီတည်း မူလမြေအနေအထားအတိုင်း ပြန်ဖြစ်သွား လေတော့သည်။

နောက်တော့ ကြီးမားသော မြွေကြီးမှာ ထိုနေရာမှ တရွေ့ရွေ့နှင့် ပြန်ထွက်သွားလေရာ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းအ ချိန်သို့ ရောက်ခဲ့ပေပြီ။







## အခန်း (၈)

# ဖုတ်သွင်းထားသော အလုပ်သမားများ

ဒေါက်တာမင်းထင်ကျော်မှာ သူဌေးကြီး ဘောဂ ဗလနှင့် တွေ့ပြီးနောက် မဟာဗောဓိစေတီဟောင်းကို တည် ရန် ကတိပေးခဲ့ပြီးနောက် ထိုအိမ်ကြီးမှာပင် နေကြရပေ သည်။

လိုအပ်သော အစားအသောက်များကိုသော်လည်း ကောင်း၊ ပစ္စည်းများကိုသော်လည်းကောင်း၊ ဦးသ[illegible]နှင့် မြ



www.burmeseclassic.com

www.burmeseclassic.com



သင်းကြူတို့ မြေးအဖိုးက မကြာခဏ လာရောက်ပို့ပေးကြသည်။

သို့ကြောင့်လည်း ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့မှာလည်း ပိုမိုခင်မင်ရင်းနှီးမှု ရှိလာလေသည်။

ထိုရက်များမှာတော့ စေတီတော်ကြီး ပြုပြင်ရန် လှူသူစုဆောင်းခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများ ပြုလုပ်ကြရလေသည်။

တစ်နေ့တော့ ဦးသက္ကက လူအတော်များများကို စုဆောင်းခေါ်ယူလာလေသည်။ လူနှစ်ဆယ်ခန့်ရှိပြီး သာမန်တောသူတောင်းသား ပုံစံများ ဖြစ်ကြလေသည်။ သို့သော်လည်း စကားတစ်လုံးမှ မပြောကြပဲ မျက်နှာသေများဖြင့်သာ ထိုင်နေကြခြင်း ဖြစ်သည်။

သို့သော်လည်း ရင်းတို့သည် ကြောင်တောင်တောင် မျက်လုံးများနှင့် တွေ့သမျှလူကို လိုက်ကြည့်နေကြသည်။

ထိုအခြေအနေကို ဦးစန်ကောင်းက အကဲခတ်မိသဖြင့် ဦးသက္ကကို တိုးတိုးတိတ်တိတ် ကပ်မေးလေသည်။

"ဦးသက္က တစ်ခုလောက် မေးပါရစေ"

"မေးလေဗျာ"

"ဒါထက် ခင်ဗျားခေါ်လာတဲ့ သူတွေက လူတွေရောဟုတ်ရဲ့လားဗျ"

ထိုစကားကြားတော့ ဦးသက္ကက ကွမ်းတမြုံ့မြုံ့ဝါး





ရင်းမှ ပြန်မေးလိုက်သည်။

"ခင်ဗျားက ဘယ်လိုများ ထင်လို့လဲ"

"ကျုပ်လည်း သိတန်သလောက်တော့ သိပါတယ်၊ ပုံပန်းသဏ္ဌာန်နဲ့ ဟန်အမူအရာတွေ ကြည့်ရုံနဲ့ လူတွေမဟုတ်လောက်ဘူးဆိုတာ သိပါတယ်"

"အင်း. . ခင်ဗျားလည်း ပညာအခံ မနည်းလှပါဘူး၊ မှန်ပါတယ်. . . ဒီလူတွေက လူအစစ်တွေ မဟုတ်ပါဘူး၊ ဘူတာဝါဟနပညာနဲ့ အသက်သွင်းထားတဲ့ သူတွေပါ"

ထိုစကားကြားတော့ စိတ်ထဲမှာ အံ့ဩသလို ဖြစ်မိသွားသည်။

"ဒီပညာမျိုးတွေ ရှိတယ်ဆိုတာတော့ ကြားဖူးပါရဲ့၊ ဒါပေမယ့် အခုအချိန်အထိ တတ်ကျွမ်းတဲ့ ပညာရှင်တွေ ရှိနေသေးတာတော့ အံ့ဩစရာပဲ၊ ဒါဖြင့် ဒီပညာတွေကို ခင်ဗျားတတ်တယ်ပေါ့"

ဦးသက္ကက ခေါင်းညိတ်ပြသည်။

"ဒါထက် မေးပါရစေဦး၊ ဘယ်သူ့ဆီက ဘယ်လိုများသင်ယူခဲ့တာလဲဗျ"

"တခြားသူဆီက သင်တာမဟုတ်ပါဘူး၊ မောင်ဒီပဆိုတဲ့သူဆီက သင်ယူတာပါ။ ဒီနယ်မှာတော့ ဒီပညာမျိုးတတ်ကျွမ်းတဲ့သူ မရှိပါဘူး"

"မောင်ဒီပဆိုတာ ဘောဂဗလသိုက်ထဲရောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



စက္ကောမပညာရှင်ကို ပြောတာမဟုတ်လား"

"ဟုတ်ပါတယ်"

"သူက ခင်ဗျားတို့နဲ့ ဘယ်လိုအဆက်အသွယ် ရှိနေတာလဲ"

"ရှိတာပေါ့ဗျာ၊ ကျုပ်တို့အပါအဝင် တစ်ရွာလုံးက လူတွေပါ သူတို့မိသားစုတွေနဲ့ အဆက်အသွယ် ရှိကြပါတယ်၊ သူတို့ကလည်း လိုတာရှိရင်ပေး၊ ကျုပ်တို့ကလည်း သူတို့ခိုင်းတာတွေ လုပ်ပေးရတာပေါ့"

ဟု ပြောပြသည်။

"မောင်ဒီပက ခင်ဗျားကို ဘာကြောင့်သင်ပေးတာလဲ"

"အခုလို အကြောင်းရှိတဲ့အခါ အသုံးချရအောင် သင်ပေးထားတာပေါ့ဗျာ၊ ဒါ့အပြင် ရှိသေးတယ်ဗျ"

"ဘာများလဲဗျ၊ ပြောပါဦး"

"မြေပေါ်မြေအောက်မှာရှိကြတဲ့ ရွှေငွေရတနာတွေကို ရှာဖွေပေးနိုင်တဲ့ 'အဟိဗာလစက်၊ ရတနဂဗ္ဘစက်' ဆိုတဲ့ ပညာတွေ ရှိတယ်ဆိုတာရော၊ ကြားဖူးသလား"

"ကြားဖူးရုံတော့ ရှိပါတယ်၊ ဒီကျမ်းတွေက ဟိုးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တဲ့ကျမ်းတွေ မဟုတ်လား၊ ဒါထက် မေးစမ်းပါရစေဦး၊ ဒီလိုမေးပုံထောက်တော့ ခင်ဗျားဆီမှာများ ရှိနေရော့သလား"





ဦးသက္ကက ခေါင်းညိတ်ပြသည်။

"ရှိပါတယ် ခင်ဗျားစိတ်ဝင်စားရင် နောက်တော့ အိမ်ကိုခေါ်သွားပြီး ပြပေးပါ့မယ်"

"ဟန်ကျလိုက်ပလေး မိတ်ဆွေကြီးရယ်၊ ကျုပ်ကလည်း ဒီပညာမျိုးတွေ စုဆောင်းရှာဖွေနေတာ အတော်ကြာပြီ၊ အခု ခင်ဗျားနဲ့ တွေ့မှပဲ အဆင်ပြေတယ်လို့ ဆိုရတော့မှာပဲ၊ ဒါထက် ဒီမှတ်တမ်းတွေကရော ဘယ်သူပေးတာလဲ၊ မောင်ဒီပဲ ပေးတာပဲလား"

ဦးသက္ကက ခေါင်းညိတ်ပြသည်။

"မှန်ပါတယ်၊ သူပေးတာပါပဲ"

ဟု ပြောဆိုပြီး စကားဖြတ်လိုက်လေသည်။

ဦးဗန်ကောင်းက ထိုအကြောင်းများကို ဒေါက်တာမင်းထင်ကျော်အား ပြန်ပြောပြလိုက်သောအခါ ထူးထူးခြားခြား အံ့ဩသွားခြင်းမျိုး မရှိပေ။

"ကျွန်တော်လည်း ရိပ်မိတန်သလောက်တော့ ရိပ်မိပါတယ်၊ မနော်ရမ္မာရွာကို ပထမတစ်ခေါက် ရောက်ကတည်းက သိသင့်သလောက် သိခဲ့ပြီးသားပါ"

"ဦးသက္ကက လူတွေကို ဘာကြောင့်မသုံးတာလဲ"

"လူတွေက စိတ်မချရဘူး၊ တစ်ခုခု လျှို့ဝှက်ချက်ကို သိတာနဲ့ အချင်းချင်းလက်တို့ပြီး ပြောချင်ကြတယ်၊ ဒီလူတွေကတော့ ဒီလိုပြောမှာ မပူရတော့ဘူး၊ စကားတစ်ခွန်းမှ



www.burmeseclassic.com

www.burmeseclassic.com



မပြောကြပဲ ကျွေးတာစားပြီး ခိုင်းတာလုပ်ကြမယ့် သူတွေပဲ"

"ဂမ္ဘီရနဲ့သက်ဆိုင်တဲ့ ပညာတွေက အတော်ကလေး ဆန်းကြယ်တာပဲ"

"သိပ်တော့ မထူးဆန်းလှပါဘူး အဘရယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးရာကျော်လောက်က ဒီဘောဂဗလ စံအိမ်ကြီး ဆောက်တော့ မောင်ဒီပက ဒေသခံအလုပ်သမားတွေကို ခေါ်မသုံးပဲ သူကအလုပ်သမားတွေနဲ့သူ ခေါ်လာပြီး လုပ်ခဲ့တယ် မဟုတ်လား"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"အဲဒီအချိန်တုန်းက မောင်ဒီပ ခေါ်လာတဲ့ အလုပ်သမားတွေကလည်း ဘူတာဝါဟန အတတ်ပညာနဲ့ အသက်သွင်းထားတဲ့ အလုပ်သမားတွေချည်းပါပဲ"

"ဟင်. . မောင်ထင်ကျော်က ဒီအကြောင်းတွေကို ဘယ်လိုသိနေတာလဲ"

"မောင်ဒီပနဲ့တွေ့တုန်းက သူပြောလိုက်လို့ သိရတာပါ၊ အခု ဒီလိုဖြစ်လာတယ်ဆိုတာလည်း တိုက်ဆိုင်မှုတော့ ဟုတ်မယ်မထင်ဘူး၊ သူတို့ စီစဉ်ပေးနေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ဦးဇန်ကောင်းက လက်ခံသည့်အနေဖြင့် ခေါင်းညိတ်ပြသည်။

"ကောင်းတာပေါ့၊ လူတွေကမှ စကားများနေဦးမယ်၊





သူတို့ကတော့ ခိုင်းတဲ့အတိုင်း လုပ်ကြမယ့်ပုံပဲ"

ထိုသို့ပြောပြီးသည့်နောက် စေတီတော်ကြီး ပြုပြင်ရန် လုပ်ငန်းများကို စတင်လုပ်ကိုင်ကြလေသည်။

လုပ်ငန်းကိုတော့ ဒေါက်တာမင်းထင်ကျော်၊ ဦးဇန်ကောင်းနှင့် ဦးသက္ကတို့က ဦးဆောင်ပြီး လုပ်ကိုင်ကြသည်။

ဦးစွာ စေတီဟောင်းကြီးရှိသော နေရာတစ်ဝိုက်၌ ရှိနေကြသော ချုံနွယ်ပိတ်ပေါင်းများ၊ ကိုင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်းကြသည်။

ဦးသက္ကခေါ်လာသော အလုပ်သမား(၂၀)တို့မှာ စေခိုင်းသည့်အတိုင်း တသွေမတိမ်း လုပ်နိုင်ကြသူများဖြစ်သည်။

၎င်းတို့အတွက် သီးခြားနေနိုင်ရန် လူတွေနှင့်ဝေးသော နေရာတွင် တဲများထိုးပေးထားရသည်။

ကျွေးစရာရှိတာကျွေး၊ ခိုင်းစရာရှိတာ ခိုင်းစေပြီးလျှင် ထိုတဲများ၌ သွားနေကြသည်။

ဘူတာဝါဟနပညာဖြင့် အသက်သွင်းထားသူတို့မှာ စားချိန်နှင့် အလုပ်လုပ်ချိန်သာရှိပြီး ကျန်တာ ဘာမှမရှိပေ။

ညအချိန်ဆိုလျှင်လည်း လူများက အိပ်ကြသော်လည်း သူတို့ကတော့ မအိပ်ကြပဲ တဲအတွင်းမှာ ငုတ်တုတ် ထိုင်နေကြလေသည်။

သို့ကြောင့် အလုပ်ရှိပါက နေ့ညမရွေး ခေါ်ခိုင်း၍ ရလေသည်။ ၎င်းတို့အတွက် ဘာမှမလိုပဲ စေခိုင်းမည့်သူရှိပါ



www.burmeseclassic.com

www.burmeseclassic.com



က လုပ်ပေးရန်သာ စောင့်ဆိုင်းနေကြဟန်ရှိသည်။

အလုပ်လုပ်နေသော အဖွဲ့တွင် ဒေါက်တာမင်းထင်ကျော်တို့က ခြောက်ယောက်နှင့် ဦးသက္ကတို့ မြေအဖိုးက နှစ်ယောက်ပေါင်းလျှင် ရှစ်ယောက်သာ လူသားစင်စစ်ရှိကြပြီး ကျန်အလုပ်သမား (၂၀)ယောက်ကတော့ ဘူတာဝါဟန ပညာနှင့် အသက်သွင်းထားသော အလုပ်သမားများသာ ဖြစ်ကြလေသည်။

ပထမတော့ ထိုအကြောင်းကို သိပ်မသိကြသေးသော ကျော်စွာ၊ စောထီး၊ ငမဲအောင်၊ သံပချိုင်တို့က ကြောက်လန့်ကြလေသည်။ နောက်ပိုင်း ရက်အနည်းငယ်ကြာတော့မှ နေသား ကျသွားကြလေတော့သည်။

"တခြားအလုပ်သမားတွေကိုခေါ်ရင် လုပ်အားခ ငွေကြေးတွေ ပေးရဦးမယ်၊ ကျုပ်ခေါ်လာတဲ့ အလုပ်သမားတွေက ထမင်းဟင်း ကျွေးရုံကလွဲပြီး တခြားဘာမှ ပေးစရာမလိုဘူး၊ ကြိုက်သလောက် ခိုင်းလို့ရတယ်"

ဦးသက္ကစကားကြားတော့ သံပချိုင်က ဝင်မေးသည်။

"ဒါ . . ဒါဖြင့် အဘခေါ်လာတဲ့လူတွေက လူတွေမဟုတ်ဘူးလားဟင်"

ထိုသို့မေးတော့ ဦးသက္ကက တစ်ချက်ကြည့်ပြီး ပြန်ပြောလေသည်။

"လူတွေပါပဲ"





ထိုသို့ပြောပြီး နေရာမှ ထသွားသဖြင့် သံပချိုင်လည်း ဆက်မမေးသာတော့ပေ။

နောက်ပိုင်းရက်များမှာတော့ ချုံနွယ်ပိတ်ပေါင်းများ၊ ကိုင်းတောများ၊ ခုတ်ထွင်ရှင်းလင်းပြီးသောအခါ စေတီပျက်ကြီးတစ်ဝိုက်ကို ရှင်းလင်းကြရပြန်သည်။

အားလုံးရှင်းပြီးတော့မှ ထိုနေရာနှင့် အတော်အသင့်ဝေးသောနေရာတွင် ယာယီတဲများထိုးပြီး နေကြသည်။

အလုပ်သမားများကို အုတ်ဖုတ်ခိုင်းထားသောကြောင့် မီးဖိုကြီးများပြုလုပ်ကာ အုတ်ဖုတ်ကြလေသည်။

၎င်း အုတ်ဖိုပြုလုပ်သောနေရာမှာ ရှေးနှစ်ပေါင်းလေးရာကျော်က မဟာဗောဓိစေတီတော်တည်စဉ်က အသုံးပြုရန် အုတ်များဖုတ်သော နေရာပင်ဖြစ်ပေသည်။

ထိုနေရာတွင် ခြုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ဖယ်ရှားလိုက်သောအခါ ယခင်ကရှိခဲ့ဖူးသော အုတ်ဖိုဟောင်းကြီးများကို တွေ့ကြရသည်။

ထိုအုတ်ဖိုဟောင်းကြီးများ ရှိသောနေရာကိုတော့ အလုပ်သမားများက ၎င်းတို့ဖာသာ ရှာဖွေတူးဖော်ကြခြင်းဖြစ်ပေသည်။

၎င်းတို့အတွက် လိုအပ်သော ကိစ္စများကိုတော့ ကျော်စွာတို့က စီမံဆောင်ရွက်ပေးကြရသည်။

အလုပ်သမားများက ဘုရားရှိသော နေရာတစ်ဝိုက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လာ၍မရကြသဖြင့် ထိုအလုပ်များကိုတော့ သာမန်လူများက လုပ်ကိုင်ဆောင်ရွက်ပေးကြရပေသည်။

အလုပ်သမားများ စားသောက်ရန် အစားအသောက်များကိုတော့ မြသင်းကြူကပင် ဒိုင်ခံပြုလုပ်ပေးသည်။

သူမကို ဝိုင်းကူပေးရန်အတွက် ရွာထဲမှ မိန်းမပျို သုံးယောက်ပါ ခေါ်ထားသဖြင့် စောထီးနှင့် ငမဲအောင်တို့အတွက်ကတော့ စိတ်လှုပ်ရှားစရာ ဖြစ်နေတော့သည်။

မိန်းမပျို သုံးယောက်စလုံးမှာ အချောအလှကလေးများချည်း ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ရာ ဖြစ်စေသည်။

စောထီးနှင့် ငမဲအောင်တိုပမှာ ထင်းခွဲရေခပ်စသော အလုပ်များကို လုပ်ပေးရင်း ၎င်းတို့နားမှာ လုပ်ကိုင်ပေးနေရသည်ကိုပင် အကျေနပ်ကြီး ကျေနပ်နေကြလေသည်။

"မြသင်းကြူ"

"ဘာလဲ"

"နင့်ကို မေးစရာရှိလို့"

"ဘာမေးမှာလဲ"

မြသင်းကြူက လေသံမာမာဖြင့် ပြန်ပြောလိုက်သဖြင့် စောထီးမှာ တွန့်ခနဲ ဖြစ်သွားသည်။ ပြီးမှ အရဲစွန့်ကာ မေးလိုက်သည်။

"ဟို . . ဟို . . သုံးယောက်က . လူ . . လူတွေလား၊





ဖုတ်သွင်းထားတာတွေလားဟင်"

"လူတွေမဟုတ်ဘူး၊ အဘက ငါ့ကို အကူအညီပေးဖို့ ဖုတ်သွင်းပြီး ခေါ်လာတာ"

ထိုစကားကြားတော့ စောထီးက စိတ်ပျက်သွားသောအမူအယာဖြင့် ခေါင်းကုပ်လိုက်သည်။ စောထီးအမူအယာကြည့်ပြီး မြသင်းကြူက မသိမသာ ပြုံးလိုက်သည်။

"ဘာလဲ နင်က သူတို့ကို စိတ်ဝင်စားနေလို့လား"

"မ . . မဟုတ်ပါဘူး"

"စိတ်ဝင်စားရင် သွားပြောပေါ့"

"ကြောက်စရာကြီး"

"ဘာကြောက်စရာ ရှိလို့လဲ"

"နင်ပြောသလို ဖုတ်ကောင်ဖြစ်နေရင် ငါ့ကို သတ်မှာပေါ့"

ထိုစကားကြောင့် မြသင်းကြူက သဘောကျစွာ ရယ်လိုက်သည်။

"ဒီလိုတော့လည်း အကြောက်တတ်သားပဲ၊ ငါက နင့်ကိုခင်လို့ တမင်စတာပါ၊ သူတို့ သုံးယောက်က ဖုတ်သွင်းထားတာတွေ မဟုတ်ပါဘူး . . လူတွေပါ၊ ငါနဲ့ဝိုင်းကူဖို့ ရွာထဲက ခေါ်လာတဲ့ ငါ့သူငယ်ချင်းတွေပါ၊ နင် သဘောကျတဲ့သူရှိရင် သွားပြောပေါ့"

ထိုစကားကြားတော့မှ စိတ်ပေါ့ပါးသွားလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဟီး . . ငါက ဒီလောက်သတ္တိမရှိပါဘူးဟာ၊ မိန်းကလေးတွေဆိုရင် ကြောက်တတ်တယ်"

"မိန်းကလေးတွေက ကိုက်စားမှာမို့လား၊ ငါတို့ မိန်းကလေးတွေက တစ္ဆေသရဲတွေလောက် ကြောက်ဖို့ကောင်းကြ . လို့လား"

"ဒီလိုတော့ မဟုတ်ပါဘူး . . ၊ မိန်းကလေးတွေကို ကြောက်တာ တစ္ဆေသရဲတွေကိုကြောက်တာမျိုးနဲ့ မတူဘူးဟ၊ တစ်မျိုးကြီးပဲ"

ဟု ပြောဆိုကာ နေရာမှထွက်သွားလေသည်။

မြသင်းကြူကတော့ စောထီးကျောပြင်ကိုကြည့်ကာ

"သူတို့ ကြောက်ချင်တော့လည်း ကြောက်နေတာပဲ၊ မကြောက်ပြန်တော့လည်း မိန်းကလေးတွေက သူတို့ကို ပြန်ကြောက်ကြရတယ်"

ဟု ခတ်တိုးတိုး ရေရွတ်ပြောဆိုကာ လုပ်စရာများ ဆက်လုပ်နေပေတော့သည်။

ထိုနေရာမှာ အလုပ်လုပ်ကြသည်မှာ အနှောက်အယှက်ကင်းသောကြောင့် အတော်ပင် ခရီးတွင်လှပေသည်။

အုတ်ဖုတ်သော အဖွဲ့များလည်း မီးဖိုကြီးများဖြင့် နေ့ရောညပါ ဖုတ်ပေးကြရာ အုတ်ချပ်ကြီးများ အမြောက်အများ စုဆောင်းရကြလေသည်။





သူတို့ အလုပ်လုပ်နေကြသော နေရာသို့ ညအချိန်ရောက်လာလျှင် သူဌေးကြီးဘောဂဗလ အပါအဝင် ၎င်းတို့၏ မိသားစုများ လာရောက်ကြည့်ရှုကြသည်။

မိသားစုများဆိုရာတွင် သမီးဖြစ်သူ မြလေးနွယ်၊ ဦးရီးတော် ဦးဒိဗ္ဗနှင့် စက္ကောမပညာရှင် မောင်ဒီပတို့ပင် ဖြစ်ကြပြီး အခြားသူများတော့ မပါကြပေ။

ဒေါက်တာမင်းထင်ကျော်တို့ လိုအပ်သော ရွှေငွေတို့ကိုလည်း မောင်ဒီပနှင့် မြလေးနွယ်တို့ကိုယ်တိုင် သိုက်အတွင်းမှ ထုတ်ပေးလေသည်။

ထိုအခြေအနေကို သူတို့အဖွဲ့တွင် ပါလာသော သံပချိုင်က တတစေ့တစောင်း ကြည့်ရှုထားလေသည်။

ဘောဂဗလ သိုက်ကြီးအတွင်းမှ ရွှေငွေတို့ကို လိုသလောက် ထုတ်ယူ၍ ရနေသည်ကိုလည်း စိတ်ဝင်စားနေလေသည်။ တကယ်တော့ သံပချိုင်မှာ ထိုခရီးကို အလုပ်လုပ်ရန် လိုက်လာသည်ဆိုသော်လည်း အလုပ်ကိုစိတ်ဝင်စားသူတော့ မဟုတ်ပေ။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ သွားလာလုပ်ကိုင်သမျှတို့ကို ကြည့်ရှုလေ့လာကာ မှတ်သားထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ လိုအပ်သော ပစ္စည်းများကို အင်းဝသာမကပဲ အမရပူရ၊ မန္တလေး စသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ကာ ဝယ်ယူကြကာ လှေကြီးများဖြင့် မနော်ရမ္မာ ရောက်သည်အထိ သယ်ယူကြရလေသည်။

ထိုသို့ ပစ္စည်းဝယ်ယူရသည်မှာ လိုအပ်သော ပစ္စည်းများကို လိုသလောက် လွယ်လွယ်ကူကူ ဝယ်ယူရရှိကြသည်တော့မဟုတ်ပေ။ ဗြိတိသျှနယ်ချဲ့များ သိမ်းပိုက်အုပ်ချုပ်သော အချိန်ဖြစ်သဖြင့် ကုန်ပစ္စည်းများ ရှားပါးလှသည်။

သို့ကြောင့် ကုန်ပစ္စည်း ဝယ်ယူရန်အတွက် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ သွားလေ့ရှိကြသည်။ အခြားသူများလည်း လိုက်သည့်အခါ လိုက်ကြသည်။

တစ်နေ့တော့ အင်းဝသို့ ဈေးဝယ်သွားရာ လူစုံတက်စုံ လိုက်လာကြသည်။ ကုန်ပစ္စည်း ဝယ်ယူပြီး ပြန်ဖို့ပြင်သောအခါ တစ်ယောက်က လှေရှိရာသို့ ပြန်မလာတော့ပေ။

အခြားသူတော့ မဟုတ်ပေ။

သံပချိုင်ပင် ဖြစ်ပေတော့သည်။







## အခန်း (၉)

# အဟိဗလတက်နှင့် ရတနာဂူတက်

**တစ်**နေ့သ၌ ဦးသက္ကတစ်ယောက် ရွာမှပြန်ရောက်လာသောအခါ ကတ္တီပါစဖြင့်ပတ်ကာ ပိုးကြိုးများဖြင့် ချည်ထားသော အထုပ်တစ်ထုပ်ပါလာလေသည်။ မဟာဗောဓိကုန်းမှ တဲများသို့ ပြန်ရောက်လာသောအခါ ထိုအထုပ်ကို ဦးဗန်ကောင်းလက်သို့ ပေးလေသည်။

"ဘာများလည်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြေကြည့်ပါဦး၊ ဖြေကြည့်တော့ သိပေမပေါ့"

ဟု ပြောသဖြင့် ပိုးကြိုးများကို ဖြုတ်ပြီး ကတ္တီပါစကို ဖယ်ကြည့်လိုက်သည့်အခါ ပြောင်လက်နေသည့် ယွန်းသေတ္တာတစ်လုံးကို တွေ့ရလေသည်။

အလျား တစ်ပေခန့်ရှိပြီး၊ အနံ ခြောက်လက်မခန့်လောက်သာ ရှိပေသည်။ ထိုယွန်းသေတ္တာကို အဖုံးဖွင့်ကြည့်သောအခါ အတွင်း၌ ဇာတာနှင့်တူသော ပေရွက်များကို တွေ့ရလေသည်။

"ဒါတွေက တခြားမဟုတ်ပါဘူး. . .၊ မြေပေါ်မြေအောက်မှာ ရွှေငွေရတနာတွေ ဘယ်နေရာမှာရှိတယ်၊ မရှိဘူးဆိုတာ တွက်ချက်ကြည့်နိုင်တဲ့ ပညာရပ်တွေကို ရေးမှတ်ထားတဲ့ 'အဟိဗလစက်၊ ရတနဂမ္ဘစက်'ဆိုတဲ့ ဒကဂ္ဂလကျမ်းကို သက္ကတဘာသာက ပြန်ဆိုထားတဲ့ ကျမ်းစာပေရွက်တွေပါ"

ဟု ပြောပြရာ ဦးဇန်ကောင်းမှာ များစွာဝမ်းသာသွားလေတော့သည်။ ထို့နောက် ဆီမွှေးရနံ့များ သင်းနေသော ပေရွက်များကို တစ်ရွက်ချင်းထုတ်ကာ ကြည့်ရှုလေတော့သည်။

ပေရွက်ပေါ်၌ ရေးသားထားသော လက်ရေးများမှာ ရှေးလက်ရာများ ဖြစ်သော်လည်း ကောင်းစွာဖတ်ရှု၍ ရပေရာ အောက်ပါအတိုင်း တွေ့ရလေတော့သည်။





မိဘဘိုးဘေး စသောရှေးဟောင်းလူတို့ မြေတွင်မြှုပ်နှံထားခဲ့သော ပစ္စည်းဥစ္စာတို့ကို နောင်လာနောက်သားတို့ လက်ထက်တွင် မြှုပ်နှံရာနေရာကို အတိအကျမသိရ၍ ရှာဖွေမရနိုင်တတ်ပေ။

ကိုယ်တိုင်မြှုပ်နှံရာဖြစ်သော်လည်း ကာလကြာမြင့်ပါက ဖုတ်၊ ပြိတ္တာ၊ မြေဘုတ်ဘီလူး၊ ဥစ္စာစောင့် စသည်တို့က ရွှေ့ပြောင်းထားသဖြင့် ရှာဖွေ၍မရနိုင်သည်လည်း ရှိတတ်သည်။ ထိုအခြေအနေများ တွေ့ကြုံရသောအခါ ပျောက်ဆုံးသွားသော ပစ္စည်းဥစ္စာတို့ကို တူးဖော်ရရှိနိုင်ရန် တတ်ကျွမ်းနားလည်သော ဆရာများထံ၌ အကူအညီတောင်းခံကြရသည်။

ဆရာတို့ကလည်း ရှေးဟောင်းသူတို့ အစီအရင်ထုံးစံအတိုင်း မန္တန်ရွတ်ဖတ်ခြင်း၊ အင်းစည်းခြင်း၊ အင်းမြှုပ်ကြည့်ခြင်း၊ ဆန်မန်းပက်ခြင်း အစရှိသော ရှေးဟောင်းနည်းတို့ဖြင့် မိမိတို့ကျွမ်းကျင်သလို ဥစ္စာဟောင်းများ ပြန်လည်ရရှိစေရန် အကူအညီ ပေးကြလေသည်။

အိန္ဒိယနိုင်ငံ၌ကား ဥစ္စာရှင်တို့ မေးမြန်းလာသောအခါ အချိန်အခါကို တိကျစွာမှတ်သား၍ ဂြိုလ်လက်တို့ကို အစင်အကြယ်တွက်ယူပြီးလျှင် ထိုဂြိုလ်လက်တို့၏ နက္ခတ်နဝင်းကို ကြည့်ရှု၍ မိမိတို့လိုသည့်နေရာ၌ ဥစ္စာရှိ၍ရှိ။ ဥစ္စာရှိခဲ့သော် ရ,မရ။ ထိုဥစ္စာသည် မြေအောက်အတွင်း အ



www.burmeseclassic.com

www.burmeseclassic.com



တောင်အနက် မည်မျှရှိမည်။ အရေအတွက် မည်မျှရှိမည်။ ၎င်းဥစ္စာကို ဖုတ်၊ ပြိတ္တာ၊ မြေဘုတ်ဘီလူး၊ ဥစ္စာစောင့် စသည်တို့တွင် မည်သူက စောင့်ရှောက်နေသည် စသည်ဖြင့် တိကျမှန်ကန်စွာ ပိုင်းခြားပြောဆိုရန် (အဟိဗလ၊ ရတနဂမ္ဘစက်) စသော ရှေးဟောင်းကျမ်းတို့ ရှိလေသည်။

ထိုကျမ်းများတွင် အဟိဗလစက္ကကျမ်းကို အိန္ဒိယနိုင်ငံ အလယ်ပိုင်း မာလဝ(အဝန္တိတိုင်း)၊ ဓာရာပူရီမြို့၌ အထူးထူးသော ဗေဒင်ကျမ်းတို့၌ လိမ္မာကျွမ်းကျင်၍ မင်းတကာကို ပူဇော်အပ်သော နရဒေဝမည်သော ဆရာသည် ထင်ရှားကျော်စော ခဲ့ဖူးသည်။

အဆိုပါ ဆရာ၏သားဖြစ်သော နရပတိဆရာသည် သရ၊ ဒေဟာတတ္တ၊ တန္တြ၊ မန္တြ၊ သကုဏ စသောကျမ်းများကို တတ်မြောက်ကျွမ်းကျင်သည်ဖြစ်ရာ နရပတိဆရာသည် အဟိဗလစက္ကကျမ်းကို ရေးသားစီရင်ခဲ့ပေသည်။

ထိုဆရာသည် အိန္ဒိယတိုင်းနိုင်ငံသာမက မြန်မာနိုင်ငံတိုင်အောင် ကျော်စောထင်ရှားခဲ့သော "သရောဒယကျမ်း"ကိုလည်း ရေးသားစီရင်ခဲ့သည်။

၎င်းကျမ်းကို အမရပူရ ပထမမြို့တည်နန်းတည်ဘိုးတော်ဘုရားလက်ထက် ဘဝါနရိန်အမည်ရှိသော ပုဏ္ဏားသည် အိန္ဒိယပြည်၊ ဗာရာဏသီမြို့မှ ယူဆောင်လာကာ ဘိုးတော်ဘုရားထံသို့ ဆက်သခဲ့လေသည်။





ထိုသရောဒယကျမ်းကို ရွှေဘိုမင်းတရားကြီး၏ သမီးတော် စကြာဒေဝီမင်းသမီးက ဗေဒင်ကျမ်းတို့၌ အထူးကျွမ်းကျင် တတ်မြောက်သော "ဉာဏာဝဇိရ သဒ္ဓမ္မ မဟာဓမ္မရာဇာ ဝိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော်သို့ ဆက်ကပ်ကာ သက္ကတဘာသာမှ မြန်မာဘာသာစကားဖြင့် ရေးသားစီရင်ရန် လျှောက်ထားတောင်းပန်ခဲ့ပေသည်။

ရတနဂမ္ဘစက်ကို ကားသံကိစ္စ ရသေ့၏ စင်ကြယ်သောအနွယ်ဖြစ်သည့် ပဏ္ဍိတ ဘူဒေဝ မာတုပသာဒ မည်သောဆရာသည် ဝိက္ကမသက္ကရာဇ် (၁၂၉၆)ခု၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင် ရေးသားစီရင်ခဲ့ပေသည်။

ရတနဂမ္ဘကျမ်းကို လေ့လာရာတွင် သံဒိဋ္ဌကျမ်း (သို့မဟုတ်) ဇာတာကောက်ကိန်းကျမ်းတို့ကို တတ်မြောက်သည့် အခြေခံရှိပါက လွယ်ကူစွာပင် လေ့လာသင်ယူနိုင်ကြမည်ဖြစ်သည်။ မြေ၌မြှုပ်နှံထားသော ဥစ္စာပစ္စည်းတို့ မြေအောက်အတောင်အနက်ကို အောက်ပါအတိုင်း သတ်မှတ်ကြသည်။

(၂) ထွာ = (၁) တောင်
(၂)တောင် = (၁) ရာဇဟတ္ထမင်းတောင် (တစ်ကိုက်)
(၁၀)တောင် = (၁) ဒဏ္ဍ
(၃၀)ဒဏ္ဍ = (၁) နိဝတ္တန

အလျားအတောင် (၃၀၀) X အနံအတောင်(၃၀၀) ဟတ္ထဟတ္ထ = အတောင်(၉၀၀၀၀) = (၁) နိဝတ္တန ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာကရ ဆရာ၏ အဆိုအရမှာ. . .

(၈) မုယော = (၁) လက်သစ်

(၂၄) လက်သစ် = (၁) တောင်

(၁၀) တောင် = ဝါး (၁) ပြန်

ဝါးအပြန် (၂၀)ရှိသော မြေပတ်လည်ကို နိဝတ္တန (၁)ခု ဖြစ်သည်ဟုဆိုသည်။

ထိုအလိုအရ ဆိုပါက. . .

ဝဂ္ဂဟတ္ထ အတောင် (၄၀၀၀၀)= (၁)နိဝတ္တန ဖြစ်ပေသည်။ နိဝတ္တန မြေတစ်ခုအတွင်း၌ မြုပ်နှံထားခဲ့သော ဥစ္စာပစ္စည်းတို့ မေ့လျော့ပျောက်ပျက်ခဲ့သည် ဆိုငြားက မြေမျက်နှာ၏ ဌာနဒွါရ၌ မျက်နှာဝတည်သော အဟိဗလစက်ကို ချရာ၏။

***မှတ်ချက်။ ။***

"ဌာနဒွာရ" ဆိုသည်မှာ အိမ်အတွင်း၌ဖြစ်မူ အိမ်ဝင်တံခါးသည် "ဌာနဒွါရ" ဟု မှတ်ယူရသည်။ အိမ်ဝင်း အပြင်၌မူ ထိုအရပ်သို့ နဂါးဦးခေါင်းကျရာအရပ်ကို ဌာနဒွါရဟု မှတ်ယူရသည်။

***နဂါးလှည့်မှာ. . .***

* တပေါင်း၊ တန်ခူး၊ ကဆုန်လ အနောက်အရပ်သို့ လှည့်





➤ နယုန်၊ ဝါဆို၊ ဝါခေါင်လ မြောက်အရပ်သို့လှည့်

➤ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း အရှေ့အရပ်သို့လှည့်

➤ နတ်တော်၊ ပြာသို၊ တပို့တွဲ တောင်အရပ်သို့လှည့် ဟူ၍ မှတ်ယူထားပါမည်။

***နက္ခတ်ဖြင့် တွက်လိုသူများသည်. . .***

➤ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏဖုသျှ၊ ဖုသျှ၊ အသလိဿ. . . (၇)လုံးသည် အရှေ့အရပ်

➤ မာဃ၊ ပြုဗ္ဗာရပုဏ္ဏ၊ ဥတ္တရာဘရဂုဏ္ဏ၊ ဟဿဒ၊ စိတြ၊ သွာတိ၊ ဝိသာခါ. . (၇)လုံးသည် တောင်အရပ်

➤ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြုဗ္ဗာပုရပိုက်၊ ဥတ္တရာပုရပိုက်၊ ရေဝတီ၊ အဿဝဏီ၊ ဘရဏီ. . . (၇)လုံးသည်မြောက်အရပ်

➤ နေသိဒ္ဓိ၊ သတ္တဘိသျှ၊ ပြုဗ္ဗာပုရပိုက်၊ ဥတ္တရာပုရပိုက်၊ ရေဝတီ၊ အဿဝဏီ၊ ဘရဏီ. . . (၇)လုံးသည် မြောက်အရပ် ဟူ၍ မှတ်ယူရပါမည်။

ဌာနဒွါရတို ကောက်ယူရာတွင် ဆိုင်သော နက္ခတ်သည် ပြဿနာအခါတွင် စန်းနှင့်ယှဉ်၏။ ထိုစခန်းယှဉ်နက္ခတ်ဆိုင်ဝင် ဌာနဒွါရဟု ကောက်ယူရာ၏။

တစ်နည်းအားဖြင့် ဥစ္စာရှင်သည် ဥစ္စာထားရာနေရာ



www.burmeseclassic.com

www.burmeseclassic.com



သို့ အကြွင်အရပ်ကဝင်၏။ ထိုဝင်ရာအရပ်ကို ဌာနဒွါရဟု မှတ်အပ်သည်။

**အဟိဇလစက် ပြုလုပ်ပုံမှာ. . .**

အလျား (၇)ကွက်၊ အနံ (၄)ကွက်အားဖြင့် အားလုံး (၂၈)ကွက်သည် အဟိစက်မည်၏။

(၇)ကွက် အထက်အောက် (၄)တန်းရှိရာ

➢ ပထမအတန်း၌ အစဉ်အတိုင်း၊ ရေဝတီ၊ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ မာဃ၊ ပြုဗ္ဗဘရဂုဏ္ဏီ၊ ဥတ္တရဘရဂုဏ္ဏီ ဟူသော နက္ခတ် (၇)လုံးကိုချပါ။

➢ ဒုတိယအတန်း၌ ဥတ္တရပုရပိုက်၊ ပြုဗ္ဗာပုရပိုက်၊ သတ္တာဘိသျှ၊ ရောဟနီ၊ အသလိဿ၊ ဖုသျှ ဟူသော နက္ခတ် (၇)လုံးကိုချပါ။

➢ တတိယအတန်း၌ အဘိဇိ၊ သရဝဏ်၊ ဓနသိဒ္ဓိ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏဖုသျှ၊ စိတြ ဟူသော နက္ခတ် (၇)လုံးကို ချပါ။

➢ စတုတ္ထအတန်း၌ ဥတ္တရာသဠ်(အဘိဇိ)၊ ပြုဗ္ဗာသဠ်၊ မူလ၊ ဇေဋ္ဌ၊ အနုရာဓ၊ ဝိသာခါ၊ သွာတိ ဟူသော နက္ခတ်(၇)လုံးကိုချပါ ။

ဤသို့ချအပ်သည်ရှိသော် စက်၌ မြွေပုံသဏ္ဌာန်ရှိသော ပတ္ထာရဖြစ်၏။





## နက္ခတ်အမည်များ

| | |
|---|---|
| ၁။ အဿဝဏီ | ၁၅။ သွာတိ |
| ၂။ ဘရဏီ | ၁၆။ ဝိသာခါ |
| ၃။ ကြတ္တိကာ | ၁၇။ အနုရာဓ |
| ၄။ ရောဟဏီ | ၁၈။ ဇေဋ္ဌ |
| ၅။ မိဂသီ | ၁၉။ မူလ |
| ၆။ အဒြ | ၂၀။ ပြုဗ္ဗာသဠ် |
| ၇။ ပုဏ္ဏပုသျှ | ၂၁။ ဥတ္တရာသဠ်(အဘိဇိ) |
| ၈။ ဖုသျှ | ၂၂။ သရဝဏ် |
| ၉။ အဿလိဿ | ၂၃။ ဓနသိဒ္ဓိ |
| ၁၀။ မာဃ | ၂၄။ သတာဘိသျှ |
| ၁၁။ ပြုဗ္ဗဘရဂုဏီ | ၂၅။ ပြုဗ္ဗာပုရပိုက် |
| ၁၂။ ဥတ္တရာဘရဂုဏီ | ၂၆။ ဥတ္တရပုရပိုက် |
| ၁၃။ ဟဿဒ | ၂၇။ ရေဝတီ |
| ၁၄။ စိတြ | |

ဥစ္စာပစ္စည်း ရှိ,မရှိ မေးမြန်းလာလျှင် စန်းနှင့်ယှဉ်သော နက္ခတ်၏ အကြွင်းမျှလောက်သော ယဋ္ဌိပလကို (၂၇)နှင့်မြှောက်၊ (၆၀)နှင့်စား၊ လင်နက္ခတ်၌ အဿဝဏ်စသော လွန်ပြီးသော နက္ခတ်သင်္ချာကိုနှော၊ အန္တရတက္ကာလိက စန်းစီး စန်းယှဉ် နက္ခတ်ဖြစ်သည်။

ယဋ္ဌပလနှင့် ယဋ္ဌိ၊ ဝိယဋ္ဌိတို့သည် အတူတူပင်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဥပမာ ။ ။ (၁၃၂၁)ခု၊ တန်ဆောင်မုန်းလပြည့်၊ စနေနေ့ ၊ နံနက် (၁၀)နာရီ (၃၀) မိနစ် ။

၎င်းကို စက်နာရီမှ မြန်မာနာရီသို့ ပြန်မည်ဆိုလျှင်-

စက်နာရီ၊ မိနစ်၊ စက္ကန့် (၃)ထပ်လုံးကိုတည်၍ (၅)နှင့် မြှောက်၊ အောက်(၂)ထပ်မှာ (၆၀)နေရာတက်၍ အထက်ဆုံး မြှောက်ရသော နာရီကို (၂)ခုစား၊ ရလဒ်ကား နာရီဖြစ်၏။ သေသကို (၆၀)ပွား၊ မိနစ်တက်၍ စားမြဲစား၊ ရလာဒ်ကား ဗိဇနာဖြစ်၏။ သေသကို ပွားမြဲပွား ၊ စက္ကန့်တက်၍ စားမြဲစား၊ ရလာဒ်ကား အခရာဖြစ်၏။

၁၀ နာရီ၊ ၃၀ မိနစ်

၁၀ - ၃၀

x ၅

၂ |၅၂|- ၃၀ = (၂၆) နာရီ

၄

၁၂

၁၂

x

၂ |၃၀| =(၁၅) ဗိဇနာ





## ဥစ္စာပစ္စည်း ရှိ၊မရှိ သိရန်မှာ. . .

အန္တရ တက္ကာလုက တနင်္ဂနွေနှင့် စန်းတို့သည် ဂါထာနံပါတ် (၁၀)၌ ဆိုအပ်ပြီးသော တနင်္ဂနွေနက္ခတ်၊ တနင်္လာနက္ခတ်နှစ်မျိုးတို့တွင် တနင်္လာနက္ခတ်ချည်း စီးကြမှ ထိုအရပ်၌ မုချဥစ္စာရှိမည်။

တနင်္ဂနွေနက္ခတ်ချည်း စီးကြပါမူ ထိုအရပ်၌ အရိုးဖွဲ့ပြာ၊ မီးသွေးစသည်တို့သာ ရှိကြသည်။ အသီးသီး မိမိတို့နက္ခတ်ကို မိမိတို့ စီးကြမူ ဥစ္စာနှင့်အရိုး နှစ်မျိုးစလုံးရနိုင်၏။ အပြန်အလှန် စီးကြမူ ထိုအရပ်၌ ဘာမှမရှိပေ။ စန်းသည် ပါပဂြိုလ်နှင့်ပူးလျှင် ဥစ္စာပင်ရှိသော်လည်း မရနိုင်ပေ။

## ဥစ္စာ ရ၊မရ သိရှိရန်မှာ. . .

စန်းသည် သုပရာသီ၌ တည်ရှိပါမူ မုချဥစ္စာရမည်။ စန်းသည် ပါပရာသီ၌တည်မူ မရဟုမှတ်ပါ။ လကွယ်၏ အနီးအပါးသို့ရောက်သော စန်းကို ခီဏစန်းဟုခေါ်သည်။ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟု၊ ကိတ်ဂြိုလ်တို့သည်လည်းကောင်း၊ ၎င်းဂြိုလ်ငါးလုံးနှင့်ပူးသော ဗုဒ္ဓဟူးဂြိုလ်သည် ပါပဂြိုလ်မည်၏။

## ဥစ္စာပစ္စည်း အမျိုးအစားသိနိုင်ပုံမှာ. . .

ပုဏ္ဏစန်းဖြစ်မူ များစွာသောဥစ္စာရှိ၏။ ခီဏစန်းဖြစ်မူ



www.burmeseclassic.com

www.burmeseclassic.com



ဉစ္စာအနည်းငယ်သာရှိ၏။ ထိုမြင် ဂြိုလ်မြင်၏အစွမ်းအားဖြင့် ဉစ္စာကိုးမျိုးကို သိနိုင်ပေသည်။ ပုဏ္ဏစန်းဖြစ်မူ များစွာသော ဉစ္စာရှိ၏။ ထိုအရပ်၌ ပုလဲရှိ၏။

စန်းကို တနင်္ဂနွေမြင်မူ ရွှေရှိ၏။ အင်္ဂါမြင်မူ ကြေးနီရှိ၏။ ဗုဒ္ဓဟူးမြင်မူ ကြေးဝါရှိ၏။ ကြာသပတေးမြင်မူ စိန်ပတ္တမြား ရှိ၏။ သောကြာမြင်မူ ကြေးနှင့်သတ္တုရောသော ပစ္စည်း ရှိ၏။ စနေမြင်မူ သံရှိ၏။ ရာဟုမြင်မူ ခဲရှိ၏။ ကိတ်မြင်မူ ဖန်၊ မှန် ရှိ၏။

စန်းကို ဂြိုလ်အများရောနှော၍မြင်မူ ထိုဂြိုလ်တို့နှင့်ဆိုင်သော ပစ္စည်းများ ရောနှောနေမည်။ စန်းကို ဂြိုလ်တစ်ခုလုံးမှ မမြင်မူ မည်သည့်ပစ္စည်းဉစ္စာမျှ မရှိဟုသိအပ်ပြီး၊ စန်းကို ဂြိုလ်အားလုံးမမြင်မူ များစွာသော ဉစ္စာပစ္စည်းရှိမည်ကို သိနိုင်ရာ၏။

ဉစ္စာတည်ရာ အိုးခွက်ကို သိပုံမှာ ဤသို့ဖြစ်သည်။ စန်းသည် သိဟ်ရာသီ၌တည်မူ ရွှေခွက်၌ ဉစ္စာရှိ၏။ စန်းသည် ကြဋ်ရာသီ၌တည်မူ ငွေခွက်၌ရှိသည်။ မိဿနှင့် ဗြိစ္ဆာရာသီ၌တည်မူ ကြေးနီခွက်၌ ရှိသည်။ မေထုန်နှင့် ကန်ရာသီ၌တည်မူ ကြေးဝါခွက်၌ ရှိသည်။ ဓနုနှင့် မိန်ရာသီ၌တည်မူ ကျောက်အိုးကျောက်ခွက်၌ ရှိသည်။ ပြိဿနှင့် တူရာသီ၌တည်မူ မြေအိုးမြေခွက်၌ ရှိသည်။ မကာရနှင့် ကုမ်ရာသီ၌တည်မူ သံအိုးသံခွက်၌ ရှိသည်။





မြေအောက်၌ ဉစ္စာတည်ရာ ဌာန၏အတောင်ပမာဏကို သိနိုင်ပုံမှာ ဤသို့ဖြစ်သည်။

စန်းသည် မိမိတည်ရာ ရာသီ၌ အကြွင်းမျှလောက်သော အံသာကိုလွန်၏။ တစ်နည်းအားဖြင့် အကြွင်းမျှလောက်သော နဝင်းကိုလွန်၏။ ထိုမျှလောက်လွန်ပြီးသော အံသာ (သို့မဟုတ်) နဝင်းနှင့်တူသော ပမာဏရှိသည့် ဉစ္စာရှင်၏ အတောင်အောက်၌ ဉစ္စာတည်၏။

စန်းသည် မိမိနိစ်ရာသီ၌တည်မူ လွန်ပြီးသော အံသာ (သို့မဟုတ်) နဝင်း၏ နှစ်ဆထက် အတောင်ပမာဏအောက်၌ ဉစ္စာတည်၏။ ပရမနိစ်အံသာ၌မူ မြေအောက်ရှိရေသို့ရောက်မှ ဉစ္စာတွေ့မည်။

စန်းသည် မိမိရာသီ၌တည်မူ လွန်ပြီးသော နဝင်းပမာဏနှင့်တူမျှသော အတောင်အရေအတွက်၏ အထက်၌တည်၏။ ပရမနိစ် အံသာ၌တည်လျှင်သော်လည်းကောင်း၊ နက္ခတ္တသန္ဓိ၌ တည်နေလျှင်သော်လည်းကောင်း၊ မြေကြီး၏အထက်နံရံ၌တည်၏။

အပဟိဗလစက်၌ အကြင်အကွက်တွင် စန်းသည် မိမိချည်းပတ်သက်၍သော်လည်းကောင်း၊ ဂြိုလ်တစ်လုံးလုံးနှင့်ပူးယှဉ်၍သော်လည်းကောင်း တည်မူ ထိုအကွက်၌ပင်လျှင် ဉစ္စာတည်၏။

တနင်္ဂနွေအစရှိသော ဂြိုလ်တို့နှင့်ယှဉ်မူ အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အမည်ပါဂြိုလ်နတ်တို့သည် ဉစ္စာကို အုပ်စိုးစောင့်ရှောက်ကြကုန်၏။

(၁) စန်းချည်းသက်သက်တည်မှု ဂြိုလ်(၉)လုံး
(၂) တနင်္ဂနွေနှင့်ပူးမှု မုဒ္ဒဂြိုဟနတ်(သို့မဟုတ်) မုချဂြိုဟနတ်
(၃) အင်္ဂါနှင့်ပူးမှု ခေတ္တပါလနတ်
(၄) ဗုဒ္ဓဟူးနှင့်ပူးမှု မာတိကာနတ်
(၅) ကြာသပတေးနှင့်ပူးမှု ဒီပေသနတ်
(၆) သောကြာနှင့်ပူးမှု ဘီသနနတ်
(၇) စနေနှင့်ပူးမှု ရုဒြနတ်
(၈) ရာဟုနှင့်ပူးမှု ဘီလူး
(၉) ကိတ်နှင့်ပူးမှု နဂါးသည် ဉစ္စာကိုစောင့်သည်။

ဂြိုလ်နတ်တို့ကို သိရပါမှ ဂြိုလ်နတ်တို့ကို ပူဇော်ရမည့်အစီအစဉ်ကို ဆက်လက်ဖော်ပြပါမည်။

### ဉစ္စာစောင့်သည်...

(၁) ဂြိုလ်(၉)လုံးဖြစ်မူ ဂြိုလ်တို့ကို ပူဇော်ပါ။
(၂) မုဒ္ဒဂြိုဟ (သို့မဟုတ်) မုချဂြိုဟနတ်ဖြစ်မူ လချမီနတ်သမီးကို ပူဇော်ပါ။
(၃) ခေတ္တပါလနတ်ဖြစ်မူ ဒင်းကိုပင် သေအရက် သား၊ ငါးတို့ဖြင့် ပူဇော်ပါ။





(၄) မာတိကာနတ်ဖြစ်မူ ဒင်းကိုများစွာသော ခဲဘွယ်ဘောဇဉ်တို့ဖြင့် ပူဇော်ပါ ။
(၅) ဒီပေသနတ်ဖြစ်မူ ဒင်းကို ဖယောင်းတိုင် ဆီမီးတို့ဖြင့် ပူဇော်ပါ။
(၆) ဘီသနနတ်ဖြစ်မူ ဒင်းကို အသီးဖြင့်ပူဇော်ပါ။
(၇) ရုဒြနတ်ဖြစ်မူ ဒင်းကို အသီးဖြင့် ပူဇော်ပါ။
(၈) ဘီလူးဖြစ်မူ ဒင်းကိုသားစိမ်း၊ ငါးစိမ်းတို့ဖြင့် ပူဇော်ပါ။
(၉) နဂါးဖြစ်မူ ဂဏေသနတ်နှင့် နဂါးတို့ကို ပူဇော်ပါ။

အလုံးစုံသော ကိစ္စတို့၌ မြေ၊ ရေ၊ လေ၊ မီး၊ ကောင်းကင်ဟူသော ပဉ္စဘုတ်တို့ကို ပူဇော်ပါ။ ဉစ္စာစောင့်သော ဂြိုလ်နတ်တို့ကို ပူဇော်မှ လိုအပ်သောဉစ္စာကို ရပေမည်။

မြေ၌တည်သော ရွှေ ငွေ ဉစ္စာများနှင့် နတ်၊ အရိုး၊ ရေ၊ မီးသွေး၊ ဖွဲ၊ ပြာစသော အခြားဝတ္ထုပစ္စည်းများကို သိရှိရယူနိုင်ရန် "ရတနာဂမ္ဘစက်"ကို အသုံးပြုရပေသည်။

ရတနဂမ္ဘစက် ပြုလုပ်နည်းမှာ အောက်ပါအတိုင်းဖြစ်သည်။

အလျား(၉)ကွက်၊ အနံ(၁၂)ကွက် ရှိသော အင်းကွက်ဇယားကိုချပါ။ (၁၀၈)ကွက်ရှိသော အင်းကွက်ဇယားစက်ပုံဖြစ်သည်။ နေ့၌လိုသောအခါဖြစ်မူ ဗြိဿရာသီမှစ၍ ရာသီအားလုံး၏ (၉)နဝင်း သင်္ချာကိုရေးအပ်၏။

ညဉ့်၌လိုသောအခါဖြစ်မူ ဗြိစ္ဆာရာသီမှစ၍ ရာသီ



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ (၉)နဝင်းသင်္ချာကို ရေးအပ်၏။ နေထွက်မှ (၂) ဗဟိုရ်တိုင်အောင် အရှေ့မြောက်ထောင့်အရပ်မှ ၊ ထိုနောက် (၂)ဗဟိုရ်တိုင်အောင် အနောက်တောင်ထောင့် အရပ်မှ၊ ထိုနောက် (၂)ဗဟိုရ်တိုင်အောင် အနောက်မြောက်ထောင့် အရပ်မှ (၁၂)ရာသီတို့၏ နဝင်းကိုရေးပြီးလျှင် မိမိတို့၏ နဝင်း၌ တနင်္ဂနွေ အစရှိသော ဂြိုလ်တို့ကို အစဉ်အတိုင်း ချအပ်၏။

ဥစ္စာရှိ,မရှိ သိနိုင်ပုံမှာ ဤသို့ဖြစ်သည်။ စန်း၏ ဝဿ၌ စန်း၊ တနင်္ဂနွေ(၂)မျိုးလုံးတည်မူ ထိုအရပ်၌ မုချဥစ္စာရှိ၏။

တနင်္ဂနွေ၏ ဝဿ၌ ၎င်းဂြိုလ်(၂)လုံးတည်မူ အရိုးရှိ၏။

မိဿက ဝဿ၌ ၎င်းဂြိုလ် (၂)လုံးတည်မူ ထိုအမြေအရပ်၌ နတ်ရှိ၏။

စန်း၏ ဝဿ၌ တနင်္ဂနွေရှိပြီး တနင်္ဂနွေ၏ ဝဿ၌ အသီးသီးတည်ကြမူ ထိုအရပ်၌ ဥစ္စာနှင့်အရိုး (၂)မျိုးလုံးရှိသည်ဟု မှတ်ယူရမည်။

ဥစ္စာရ,မရ သိနိုင်ပုံကို ဖော်ပြပါမည်။ တနင်္ဂနွေသည် မိမိရာသီ၌ တည်၍ (သို့မဟုတ်) မိမိနဝင်းကိုစည်း၍ စန်းသည် မိဂ်မိတ်ရာသီ၌ တည်မူ (သို့မဟုတ်) မိမိ မိတ်နဝင်းကိုစီးမူ ထိုအရပ်၌ အိုးကွဲ၊ ဖွဲပြာ၊ ဆံပင်၊ မီးသွေး စသည်တို့ကိုသာ တွေ့မည်။ ဥစ္စာကိုကား မရနိုင်ပြီ။

စန်းသည် သိဟ်ရာသီ၌တည်၍ (သို့မဟုတ်) တနင်္ဂနွေ





နဝင်းကိုစီး၍၊ တနင်္ဂနွေသည် မိတ်ရာသီ၌ တည်မူ (သို့မဟုတ်) မိတ်နဝင်းကိုစီးမူ များစွာသော ဥစ္စာကို မြင်ရသော်လည်း ထိုဥစ္စာတို့ကို မည်သည့်အခါမျှ မည်သည့်နည်းနှင့်မျှ မရနိုင်ပေ။

တနင်္ဂနွေသည် တနင်္လာနဝင်းကိုစီး၍ တနင်္လာသည် မိတ်နဝင်းကိုစီးမူ ထိုဥစ္စာကို ရိုက္ခိုသ်၊ ဖုတ်၊ ပြိတ္တာစသည်တို့ စောင့်ရှောက်အပ်သည်ဖြစ်၍ မည်သည့်အခါမျှ မနိုင်နိုင်ပေ။

စန်းသည် မိမိရာသီ၌ တည်၍ (သို့မဟုတ်) မိမိနဝင်းကိုစီး၍ တနင်္ဂနွေသည် မိတ်ရာသီ၌တည်မူ (သို့မဟုတ်) မိတ်နဝင်းကိုစီးမူ ထိုအရပ်၌ ဥစ္စာရှိသော်လည်း မမြင်ရပေ။

သင့်လျော်သော အကြောင်းဥပါယ်ပြုမှ ထိုဥစ္စာကို ရမည်။ တစ်စုံတစ်ရာအကြောင်း ဥပါယ်နှင့်ကင်း၍ ထိုဥစ္စာကို မရနိုင်။

ယခု ရေးသားဖော်ပြထားသော အဟိဗလစက်နှင့် ရတနဂမ္ဘစက်တို့မှာ ဝတ္ထုနှင့်လိုက်ဖက်မှု ရှိသမျှကိုသာ ရေးသားထားခြင်း ဖြစ်ပါသည်။ အကျယ်ကိုမူ မဖော်ပြနိုင်ပါ။

အထက်၌ ရေးသားဖော်ပြပေးခဲ့သည့် အကြောင်းအရာများမှာ ပေရွက်များ၌ ရေးသားထားသော မှတ်တမ်းများပင် ဖြစ်ပေသည်။ အချို့နေရာများတွင် ရေးသားထားသော အကြောင်းအရာများမှာ ထို့ထက်မက ပိုမိုများသော်လည်း စာမျက်နှာ အခြေအနေကြောင့် ထိုမျှလောက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြပေးနိုင်သည်အတွက်တော့ စာဖတ်ပရိသတ်များမှ နားလည်ခွင့်လွှတ် ပေးစေလိုပါသည်။












# အခန်း (၁၀)

# မတ္တရိယစိတ် ရှိကြသူများ

မြန်မာမင်းနေပြည်တော်များအနက် အင်းဝမြို့သည် မြို့သက်အရှည်ဆုံးသော မြို့ဟောင်းတစ်ခု ဖြစ်ခဲ့ရာ မြန်မာနိုင်ငံ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ရောက်ခဲ့ပြီးသော နောက်ပိုင်းမှာလည်း အစိုးရရုံးစိုက်ရာ မြို့တစ်မြို့အဲဖြစ်ခဲ့ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားစဉ်ကပင် အင်းဝမြို့သည် မြန်မာမင်းများ ထီးနန်းစိုက်ရာမြို့အဖြစ် ရှိနေခဲ့သေးသည်။

(၁၂၀၀)ပြည့်နှစ်တွင် နန်းတက်သော သာယာဝတီမင်း လက်ထက်တွင် အင်းဝရွှေမြို့တော်မှ အမရပူရသို့ ရွှေ့ပြောင်းပြီး ထီးနန်းစိုးစံခဲ့သောကြောင့် အင်းဝမှာ မင်းနေပြည်တော်ဘဝမှ ရွှေ့လျောခဲ့ရပေသည်။ ယခုနောက်ပိုင်းမှာတော့ အင်းဝသည် တံတားဦးမြို့နယ်အတွင်းမှ မြို့ငယ်ကလေးတစ်မြို့ အနေဖြင့်သာ ရှိနေပေတော့သည်။

ဗြိတိသျှတို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်းတွင် အင်းဝမြို့ကို ခရိုင်ရုံးစိုက်ရာ မြို့အဖြစ် ပြုလုပ်ခဲ့ဖူးသည်။

(နောက်ပိုင်းကာလ ရောက်သောအခါမှ ခရိုင်ဝန်ရုံးကို စစ်ကိုင်းသို့ရွှေ့ပြီး မြို့ပိုင်ရုံးကို တံတားဦးမြို့သို့ ရွှေ့ပြောင်းသွားကြခြင်း ဖြစ်သည်။ တံတားဦးမြို့နှင့် မြို့ပိုင်ရုံးမှာ (၃)မိုင်ခန့်သာ ကွာဝေးလေသည်။)

(၁၉၁၉)ခုနှစ်လောက်က အင်းဝ၌ မြို့ပိုင်ရုံး ရှိနေပေသေးသည်။

မြို့ပိုင်ရုံးတွင် ရုံးထိုင်သော အရာရှိမှာ ဆာရစ်ချတ်ဆိုသူ အင်္ဂလိပ်လူမျိုးဖြစ်သည်။ ထိုအချိန်က အင်းဝနယ်တွင် အုပ်ချုပ်နေသော နယ်ပိုင်သူကြီးမှာ ဦးနေဒွန်းဖြစ်သည်။





တစ်နေ့သ၌ အင်းဝ၌ရှိသော နယ်ပိုင်ရုံးခန်းအတွင်းသို့ လူတစ်စုဝင်လာလေသည်။ ရှေ့ဆုံးမှ ဦးဆောင်ပြီး ဝင်ရောက်လာသူမှာ နယ်ပိုင်သူကြီး ဦးနေဒွန်းပင်ဖြစ်၏။

၎င်းနောက်မှ အခြားနှစ်ယောက်လည်း ပါလာလေသည်။ ထိုနှစ်ယောက်မှာ သိုက်ဆရာ ဦးသူတော်နှင့် မြို့မျက်နှာဖုံးစာရင်းဝင် တစ်ဦးဖြစ်သူ ဦးထွန်းဆိုင် ဆိုသူတို့ပင် ဖြစ်ကြလေသည်။

ထိုခေတ်အချိန်အခါက မြို့ပိုင်ရုံးသို့ဝင်ပြီး မြို့ပိုင်နှင့်တွေ့သောကိစ္စမှာ မလွယ်ကူလှပေ။ သာမန်လူတို့ မလုပ်နိုင်သော ကိစ္စများ ဖြစ်သည်။ အစိုးရအရာရှိများနှင့် ထဲထဲဝင်ဝင်ပေါင်းသင်းနိုင်သည့် လူလောက်သာ ဝင်ခွင့်ရနိုင်သော အခြေအနေမျိုး ဖြစ်သည်။

ဦးနေဒွန်းကတော့ မကြာခဏ ဆိုသလို ရုံးသို့ရောက်လေ့ရှိပြီး ရုံးမှာရှိကြသော စန္ဒရီ၊ ပြာတာ၊ ပုလိပ်တို့မှအစ စာရေးစာချီအလယ်၊ မြို့ပိုင်အဆုံး သိကျွမ်းနေသူ ဖြစ်သောကြောင့် မြို့ပိုင်မင်းရုံးထိုင်သော ရုံးအတွင်းသို့ အလွယ်တကူဝင်ရောက်နိုင်ခြင်း ဖြစ်ပေသည်။

ထိုသို့ဝင်ရောက်နိုင်စေရန်လည်း အပေးအကမ်း ရက်ရောမှု ရှိရလေသည်။

ရှေးအခါ မြို့ပိုင်၊ မြို့အုပ်လောက် ရာထူးဂုဏ်သိမ်မကြီးမားသော်လည်း တိုက်နယ်သူကြီး နယ်ပိုင်သူကြီး ဆို



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ သေးငယ်သော ရာထူးမျိုးတော့ မဟုတ်ပေ။

အစိုးရကိုယ်စား တစ်နယ်လုံးကို မိမိသဘောကျသည့်အတိုင်း စိတ်ကြိုက် စီမံအုပ်ချုပ်ခွင့်ရသော အခွင့်အာဏာမျိုး ရှိလေသည်။

ခရစ်သက္ကရာဇ် (၁၈၈၆)ခုနှစ်တွင် ဗြိတိသျှတို့က မြန်မာဘုရင်ပိုင်သော မြန်မာနိုင်ငံအထက်ပိုင်းကို သိမ်းပိုက်ပြီးနောက် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့ကြသည်။

ထိုသို့သိမ်းပိုက်ပြီးနောက်တွင် ဗြိတိသျှတို့သည် ၎င်းတို့စီမံထားသော အခြေခံကျေးရွာအုပ်ချုပ်ရေးစံနစ်ကို မြန်မာတစ်ပြည်လုံးအား အုတ်မြစ်ချခဲ့ကြသည်။

ထိုစံနစ်မှာ အိန္ဒိယပြည် ကျေးရွာအုပ်ချုပ်ရေးစံနစ်ကို အခြေခံပြီး ရေးထားသော စံနစ်ဖြစ်သည်။

မြို့၊ ကျေးရွာ နယ်နိမိတ် အကျယ်အဝန်းအလိုက် မြို့သူကြီး၊ တိုက်နယ်သူကြီး၊ ရွာသူကြီးတို့က စီမံအုပ်ချုပ်သော စံနစ်လည်းဖြစ်သည်။

မြို့နယ်၊ တိုက်နယ်၊ ဒိုင်နယ်၊ တောင်ရိုးနယ်ဟူ၍ ခွဲခြားသမုတ်ပြီး မြို့သူကြီး၊ တိုက်နယ်သူကြီး၊ ဒိုင်အုပ်၊ တောင်အုပ် စသည်တို့က စီမံအုပ်ချုပ်ကြသည်။

ဗြိတိသျှတို့ အုပ်ချုပ်စအချိန်ကပင် မြို့အုပ်ခန့်ထားရာ၌ အဆင့်လေးဆင့် ခွဲခြားထားလေသည်။

ပထမတန်းမြို့အုပ်၊ ဒုတိယတန်းမြို့အုပ်၊ တတိယ





တန်းမြို့အုပ်၊ စတုတ္ထတန်းမြို့အုပ်ဟူ၍ ခွဲခြားထားသည်။

အင်းဝမြို့ကို အုပ်ချုပ်နေသော မြို့အုပ် ဆာရစ်ချတ်ဆိုသူမှာ ပထမတန်းမြို့အုပ် မဖြစ်စေကာမူ သူ့နေရာနှင့်သူ အာဏာပါဝါ အပြည့်ရှိသော မြို့အုပ်တစ်ယောက်မင် ဖြစ်သည်။ ပထမတန်းအဆင့်ရှိသော မြို့အုပ်မှာ မန္တလေး မင်းနေပြည်တော်ကို အုပ်ချုပ်ရသော မြို့အုပ်ပင် ဖြစ်ပေသည်။

သူကြီးဦးနေဖွန်းကတော့ အင်းဝမြို့ကို အုပ်ချုပ်ရသော မြို့သူကြီးဖြစ်ပြီး ဩဇာအာဏာရှိသော သူကြီးတစ်ယောက်ပင် ဖြစ်သည်။

ဦးထွန်းဆိုင်ဆိုသူကတော့. . . မြို့မျက်နှာဖုံးတစ်ယောက်ဖြစ်ပြီး ရွှေငွေလက်ဝတ်ရတနာ ရောင်းချခြင်းဖြင့် ကြီးပွားချမ်းသာနေသူတစ်ဦးဖြစ်သည်။

ဦးသူတော်ကတော့ အခြားသူ မဟုတ်ပေ။

မနော်ရမ္မာဘက်မှ မဟာဗောဓိဘုရား ဌာပနာသိုက်ကို တူးဖော်ရန် ကြိုးစားအားထုတ်နေသူဖြစ်၏။ ပထမတစ်ကြိမ် သွားရောက်တူးဖော်စဉ်က အောင်မြင်မှု မရခဲ့ပဲ တပည့်ဖြစ်သူ သန်းရွှေ မြွေဗြိုခံရသဖြင့် သေဆုံးသွားခဲ့သောကြောင့် အင်းဝသို့ ပြန်ရောက်နေသူ ဖြစ်၏။

သို့သော်. . လွယ်လွယ်နှင့်တော့ လက်လျှော့မည်သို တန်မရှိပေ။

ပညာစွမ်းဖြင့် ပြုလုပ်၍ မရမှန်းသိသောအခါ အာ



www.burmeseclassic.com

www.burmeseclassic.com



ဏာစွမ်းဖြင့် ရရှိအောင်ကြိုးစားနေသူ ဖြစ်သည်။

သို့ကြောင့် အာဏာရှိသော မြို့သူကြီး ဦးနေဒွန်းအား အကျိုးအကြောင်းပြောပြကာ ပူးပေါင်းကြံစည်နေခြင်း ဖြစ်သည်။

ဦးသူတော်က ၎င်းတို့အကြံအစည် မအောင်မြင်သောအခါ တပည့်များကို စေလွှတ်ကာ ဒေါက်တာမင်းထင်ကျော်တို့ ပြုလုပ်သမျှကိစ္စများကို မျက်ခြေမပြတ် စောင့်ကြည့်ထားခိုင်းလေသည်။

၎င်းတို့ဝင်ခွင့်မရသော ဘောဂဗလ စံအိမ်ကြီးအတွင်းသို့ ဒေါက်တာမင်းထင်ကျော်တို့က ဝင်ရောက်စခန်းချနေသည်ကို မြင်ရသောအခါ အံ့သြရုံမှလွဲပြီး ဘာမှ မတတ်နိုင်ကြပေ။

နောက်တော့ ဒေါက်တာမင်းထင်ကျော် ခေါင်းဆောင်ပြီး မနော်ရမ္မာရွာသူရွာသားများဖြင့် ပူးပေါင်းကာ မဟာဗောဓိဘုရားကို ပြန်တည်ရန် စီစဉ်ဆောင်ရွက်နေသည်ကို တွေ့ရသောအခါ သူတို့အတွက် မျှော်လင့်ချက်မရှိတော့သလို ဖြစ်သွားကြလေသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့က မဟာဗောဓိဌာပနာတိုက်ကို ဖောက်ယူရန် ကြံစည်နေကြသောကြောင့် ဖြစ်သည်။

တစ်နေ့တော့ ဒေါက်တာမင်းထင်ကျော်တို့ သွားလာ





လုပ်ကိုင်သမျှကို နောက်မှလိုက်လံကြည့်ရှုနေသော ထွန်းခနှင့် ကျော်ကြီးတို့က သတင်းတစ်ခု ပြောသည်။

“ဆရာကြီး ဟိုအဖွဲ့ကလူတွေ အင်းဝသွားပြီး ပစ္စည်းတွေဝယ်ကြတာတွေ့တယ်”

“ဘုရားတည်ဖို့ ဖြစ်မှာပေါ့”

“သူတို့က ပစ္စည်းဝယ်ဖို့ ရွှေဒင်္ဂါးတွေ လာရောင်းသွားတယ်ဗျ”

ထိုစကားကတော့ ဦးသူတော်အတွက် များစွာစိတ်ဝင်စားစရာ ဖြစ်သည်။

“ဟုတ်ရဲ့လား ကျော်ကြီးရဲ့”

“အမှန်ပဲဆရာကြီး အင်းဝမှာ ကျွန်တော်နဲ့ မသိတဲ့လူက ခတ်ရှားရှားရယ်၊ သူတို့ အင်းဝမှာ ဘယ်နေရာသွားတယ်၊ ဘာတွေလုပ်တယ်ဆိုတာ မြင်းလှည်းသမားတွေ မေးလိုက်ရင် သိတာပဲ”

“ဒါထက် ရွှေဒင်္ဂါးတွေကို ဘယ်ဆိုင်မှာ ရောင်းသွားတာတဲ့လဲ”

“အင်းဝက ဦးထွန်းဆိုင်ရဲ့ဆိုင်မှာ ရောင်းသွားတာ ဆရာကြီး”

ထိုသို့သိရသဖြင့် ဦးသူတော်ကိုယ်တိုင် စုံစမ်းကြည့်သောအခါ ဦးထွန်းဆိုင် ဝယ်ယူထားသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးပြားများမှာ ရှေးခေတ်က အသုံးပြုသောပစ္စည်းများ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ရသည်။

ထိုကိစ္စမှာ သူတစ်ယောက်တည်းနှင့်တော့ ဘာမှ လုပ်မရမှန်း သိသောအခါ အင်းဝ၌ အာဏာရှိသော သူကြီး ဦးနေဒွန်းကို အကျိုးအကြောင်း ပြောပြပြီး ချဉ်းကပ်သည်။

ဦးနေဒွန်းကလည်း ဥစ္စာရမည်ဆိုလျှင် ဘနဖူး သိုက် တူးရန် ဝန်မလေးသူတစ်ဦး ဖြစ်သဖြင့် အကျိုးအကြောင်းမေး သည်။

"ဒါထက် မေးပါရစေဦး၊ ဦးသူတော်ရဲ့ သူတို့က ဒီ လောက်ကောင်းတဲ့ ရွှေဒင်္ဂါးတွေက ဘယ်ကရတာလဲဗျ"

"ဘောဂဗလသိုက်ထဲက ယူတာဗျ"

"ကျုပ်လည်း အင်းဝမှာနေတာဆိုတော့ ဘောဂဗလ သိုက်အကြောင်း သိသင့်သလောက် ကြားသင့်သလောက် တော့ ကြားသိပါရဲ့၊ ခင်ဗျားပြောသလို သိုက်ထဲက ရွှေငွေတွေ ကို လွယ်လွယ်ကူကူနဲ့ ယူလို့ရပ့ါမလား"

"သူတို့ပေးရင် ရပါတယ်"

"ကျုပ်သဘောပေါက်အောင် တစ်ဆိတ်လောက် ပြောပြစမ်းပါဦးဗျာ"

ဦးနေဒွန်းက မေးသဖြင့် ဦးသူတော်ကလည်း သူသိ သော သိုက်နှင့်ပတ်သက်သည့် အကြောင်းများကို ပြောပြ လိုက်သည်။

"ဒါဖြင့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေက သိုက်ထဲကလူတွေ





ပေးလို့ရကြတာပေါ့"

"အမှန်ပါပဲ၊ ဘောဂဗလသိုက်ကြီးထဲမှာ ဒီလိုရွှေဒင်္ဂါး တွေက တောင်ပုံရာပုံမက ရှိတာဗျ"

"ရှိတာကတော့ ဟုတ်ပါပြီ၊ သူတို့ လက်မခံရင် ယူလို့ ရပ့ါမလား"

"ရနိုင်တဲ့နည်းတွေ ရှိပါတယ်"

ဦးသူတော်က ပြုလုပ်ရမည့် အစီအစဉ်များကို ပြော ပြရာ ဦးနေဒွန်းကလည်း သဘောကျလေသည်။

"ဒါပေမယ့် . ဒါမျိုးက ကျုပ်တစ်ယောက်တည်းသ ဘောနဲ့ လုပ်လို့တော့မသင့်ဘူး၊ အထက်က မြို့အုပ်မင်းနဲ့ အာဏာပိုင်တွေဆီမှာ ခွင့်တောင်းရမယ်၊ သူတို့က ခွင့်ပြု ပေးမှ လုပ်လို့ရမယ်၊ သူတို့ မသိပဲလုပ်လို့ တစ်ခုခု ဖြစ်သွားရင် ကျုပ်အပေါ် အမှုပြန်ပတ်လိမ့်မယ်"

"ဒီအပိုင်းကတော့ သူကြီးမင်း လုပ်လေ၊ ကျန်တာက တော့ ကျုပ်တာဝန်သာ ရှိပါစေ"

ဟု ပြောဆိုတိုင်ပင်ကြပြီး ရွှေငွေရတနာကုန်သည် ဦးထွန်းဆိုင်နေအိမ်သို့ မြင်းလှည်းဖြင့် သွားကြလေသည်။

ဦးထွန်းဆိုင်နေသောနေရာမှာ မြောက်ဈေးကြီးဘက် ဖြစ်သဖြင့် မဝေးလှပေ။ ၎င်းအိမ်ရောက်တော့ မြို့သူကြီး ကိုယ်တိုင် ပါလာသဖြင့် ဦးထွန်းဆိုင်က ပျာပျာသလဲ ဆီးကြို ပြီး နေရာထိုင်ခင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွမ်း၊ ဆေး၊ လက်ဘက်တို့ဖြင့် ဧည့်ခံပေးပြီး လာရင်းကိစ္စ မေးသောအခါ ဦးနေဒွန်းက လိုရင်းကိစ္စကို ပြောပြလိုက်သည်။

"မှန်ပါတယ်၊ တလောက လူတစ်ယောက် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေလာရောင်းလို့ ကျွန်တော်ဝယ်ထားလိုက်ပါတယ်၊ လူပုံပန်းသဏ္ဌာန် ကြည့်ရတာတော့ ဒီနယ်သား ဟုတ်ပုံမရဘူး"

"ခင်ဗျား ဝယ်ထားလိုက်တဲ့ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ ရှိသေးရဲ့ မဟုတ်လား၊ တဆိတ်လောက် ကြည့်ပါရစေ"

ဦးနေဒွန်း စကားကြားတော့ ဦးထွန်းဆိုင်က အိမ်ထဲမှာ သိမ်းဆည်းထားဟန်ရှိသော အထုပ်တစ်ထုပ်ကို ယူလာပြီး ပေးသဖြင့် ဖြေကြည့်လိုက်သောအခါ ဝင်းလက်တောက်ပလျက်ရှိသော ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို တွေ့ရလေသည်။

ငွေဒင်္ဂါးများမှာ ရတနာပုံခေတ်က အသုံးပြုသော ငွေဒင်္ဂါး အမြောက်အမြားပါလေသည်။

ရတနာပုံခေတ် အသုံးပြုခဲ့သော ငွေဒင်္ဂါးမှာ ဗြိတိသျှတို့ အသုံးပြုသည့် ၁၆-ပဲ၊ ၁-ကျပ်၊ မငွေကြေးစံနစ်အတိုင်း သွန်းလုပ်ထားသည့် ဒင်္ဂါးများဖြစ်ပြီး တစ်ဖက်က ဥဒေါင်းရုပ်၊ တစ်ဖက်တွင် တစ်ကျပ်သုံးဒင်္ဂါး၊ ၁၂၁၄-ခု ဟူသောစာတန်းကို ကနုတ်ပန်းတို့ဖြင့် ခြံရံကာ အပေါ်၌ "ရတနာပုံနေပြည်တော်" ဟူသော စာတန်းရိုက်နှိပ်ထားသည်။





ရှေးခေတ်အခါက ရွှေ၊ ငွေတို့နှင့် သွန်းလုပ်ထားသည့် ဒင်္ဂါးများကို ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးဟုခေါ်ပြီး ကြေး၊ သံ၊ ခဲတို့ဖြင့် ပြုလုပ်ထားသော ငွေကြေးများကို ဒင်္ဂါးဟု မခေါ်ပဲ ကြေးပိုက်ဆံ၊ သံပိုက်ဆံ၊ ခဲပိုက်ဆံဟူသာ ခေါ်ဝေါ်သုံးစွဲကြသည်။

လက်ရှိ(၁၂၈၀)ခုနှစ် ကာလနှင့်တွက်လျှင် (၁၂၁၄)ခု ရတနာပုံခေတ်က ထုတ်ဝေသော ငွေဒင်္ဂါးများမှာ နှစ်ပေါင်း (၆၀)ကျော် (၇၀)နီးပါးမျှသာ သက်တမ်းရှိပေသည်။

"ဒါ ရတနာပုံခေတ်က ထုတ်လုပ်သုံးစွဲခဲ့တဲ့ ငွေဒင်္ဂါးတွေပဲ၊ ကျုပ်တို့ သက်တမ်းလောက်ပဲ ရှိလိမ့်ဦးမယ်၊ ဘောဂဗလ သိုက်ကြီးက နှစ်ပေါင်းလေးရာကျော်လောက် ရှိခဲ့ပြီမဟုတ်လား၊ ဒီလောက် သက်တမ်းနုနယ်သေးတဲ့ ဒင်္ဂါးတွေက သိုက်ကြီးထဲက ရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားဗျ"

ဦးနေဒွန်းက အမှုအခင်းများ စစ်ဆေးဆုံးဖြတ်ပေးရသော သူကြီးဖြစ်ရာ သံသယစိတ်ဖြင့် မေးလိုက်သည်။

ထိုစကားကြားတော့ ဦးသူတော်က ဝင်ရောက်အဖြေပေးလိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ နှစ်ပေါင်းလေးရာကျော်က ပစ္စည်းတွေက သိုက်တွေထဲမှာ ရှိနိုင်သလို မနေ့တနေ့ကမှ မြှုပ်နှံထားတဲ့ ပစ္စည်းဥစ္စာတွေလည်း သိုက်ထဲရောက်နိုင်ပါတယ်"

"ဘယ်လိုကြောင့်လည်းဗျ"



www.burmeseclassic.com

www.burmeseclassic.com



“တချို့ပစ္စည်းဥစ္စာတွေက ပိုင်ရှင်မရှိတော့ဘူး၊ စောင့်ရှောက်ပေးမယ့်သူ မရှိတော့ရင် သိုက်ကြီးတွေက သိမ်းယူပြီး စောင့်ရှောက်ပေးကြရတယ်၊ တချို့သိုက်တွေကျတော့ စောင့်ရှောက်တဲ့ ပရလောကသားတွေက ကမ္မဇိတ္တိနည်းကြတယ်။ ဒါကြောင့် ဥစ္စာရှာဖွေတဲ့ ဆရာတွေ နှိပ်စက်မှုခံစိုးလို့ သိုက်ကြီးတွေထဲ ရောက်သွားတာမျိုးလည်း ရှိနိုင်ပါတယ်”

“သဘောပေါက်ပါပြီ၊ သဘောပေါက်ပါပြီ”

“နန်းမတော်မယ်နုက သူ နန်းကျကာနီးတော့ နန်းစဉ်ရတနာတွေကို ဖလန်ခုန်ရွာနားက ရေကန်ကြီးထဲမှာ ဝှက်ခိုင်းခဲ့တယ်၊ သူ့သေပြီးတဲ့နောက် သရဲလေးကောင်က စောင့်ရှောက်ပေးရတယ်”

“ဘယ်က သရဲလေးကောင်လည်းဗျ”

“နန်းမတော်မယ်နုရဲ့ ကျွန်ယုံလေးယောက်ပေါ့ဗျာ၊ သူတို့ပါ အသတ်ခံရပြီးနောက် သူတို့ဝှက်ထားတဲ့ နန်းစဉ်ရတနာတွေကို ပြန်စောင့်ပေးရတယ်၊ နောက်တော့ ရတနာတွေက မောင်သော်က စောင့်ရှောက်တဲ့ သိုက်ထဲရောက်သွားတယ်၊ အဲဒီကမှ ဘောဂဗလသိုက်ကြီးထဲ ရောက်နေတယ်လို့တော့ ကြားမိတာပဲ”

“အင်း . . ဒီကိစ္စတွေမှာတော့ အတော်ကလေး နှံ့စပ်တဲ့ လူပေပဲကိုး၊ ဒါထက် ဘယ်လိုလုပ်ကြမှာလဲဗျ”

ဦးထွန်းဆိုင်က ၎င်းပစ္စည်းများကို ပြန်ထုပ်ရင်း မေး





လိုက်သည်။

“ကျုပ်တို့ မြို့ပိုင်မင်းဆီသွားပြီး အကူအညီ တောင်းစရာ ရှိတယ်ဗျ၊ ရှင်းရှင်းပြောရရင်တော့ အမိန့်စာတစ်စောင်ရဖို့ သွားပြီးအပူကပ်ကြမလို့ပဲ၊ အဲဒါ ခင်ဗျားပါ လိုက်ခဲ့ရင်တော့ ပိုကောင်းမယ်ဗျ”

ဦးနေဒွန်း စကားကြားသောအခါ ဦးထွန်းဆိုင် မျက်နှာပေါ်တွင် များစွာကျေနပ်သော အမူအယာမျိုး ဖြစ်သွားလေသည်။

“လိုက်ခဲ့ရမှာပေါ့ဗျာ၊ ဒီအခွင့်အရေးမျိုးက ရတောင့်ရခဲပဲ၊ ကျုပ်တို့ချည်းဆိုရင် မြို့ပိုင်နဲ့တွေ့ဖို့ လွယ်တာမှတ်လို့ ဘာတွေလိုဦးမလဲ”

“ခင်ဗျားကို မှတ်မှတ်သားသား ဖြစ်သွားအောင် မြို့ပိုင်မင်းအတွက် လက်ဆောင်ပဏ္ဏာလေးဘာလေး ယူခဲ့ပေါ့၊ နောက်ပြီး ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး နည်းနည်းပါ ထည့်ယူခဲ့ပါ၊ မြို့ပိုင်မင်းကို ပြောပြတဲ့အခါ သက်သေပြလို့ရတာပေါ့”

ဦးထွန်းဆိုင်က ခေါင်းညိတ်ပြပြီး လိုအပ်သောပစ္စည်းများကို လွယ်အိတ်တစ်လုံးဖြင့် ထည့်ကာ ဦးနေဒွန်းတို့နှင့်အတူ မြို့ပိုင်ရုံးသို့ လိုက်လာခဲ့ခြင်း ဖြစ်သည်။

၎င်းတို့သုံးယောက် မြို့ပိုင်ရုံးရောက်သောအခါ စန္ဒီစောင့်နေသော မုလိပ်ကို အကျိုးအကြောင်း ပြောပြလိုက်ရာ မြို့ပိုင်မင်း ရုံးထိုင်သောအခန်းတွင်း ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့မှ ပြန်ထွက်လာပြီး အတွင်းခန်းသို့ ဝင်ခွင့်ပေးလိုက်လေသည်။

အင်းဝမြို့ကို အုပ်ချုပ်နေရသော မြို့ပိုင်မင်း ဆာရစ်ချတ်မှာ အင်္ဂလိပ်လူမျိုးဖြစ်ပြီး ငွေကြေးလာဘ်သပ္ပကာတို့ကို များစွာမျှော်ကိုးတတ်သူဖြစ်သည်။

သူဌေးကြီး ဦးနေဒွန်းတို့ သုံးယောက် ဝင်လာသည်ကို မြင်သောအခါ သင့်တော်သောနေရာ၌ ထိုင်စေပြီး အကျိုးအကြောင်းမေးသည်။

"သူကြီး ဦးနေဒွန်းပါလား၊ ဘာကိစ္စရှိလို့လဲ"

ထိုသို့မေးသောအခါ ဦးနေဒွန်းက ဂုင်းတို့ယူလာသော လက်ဆောင်ပစ္စည်းထုပ်ကို မြို့ပိုင်မင်းစားပွဲပေါ်သို့ အလွန်ရိုကျိုးသော အမူအယာဖြင့် သွားရောက်တင်ပေးလိုက်သည်။

မြို့ပိုင်မင်းက ရွှေငွေများ ထည့်ထားသော အထုပ်ကို ဂုင်းစားပွဲအတွင်းသို့ ထည့်လိုက်ပြီး မေးသည်။

"ဘာကိစ္စရှိလို့လဲ"

"တခြားတော့ မဟုတ်ပါဘူး မြို့ပိုင်မင်း၊ ကျွန်တော်မျိုးအုပ်ချုပ်ရတဲ့ နယ်မြေထဲမှာ လူတစ်စုက ရွှေငွေဥစ္စာတွေ တူးဖော်ယူနေတယ်ဆိုတာကို သတင်းကြားရပါတယ်"

"ဒါမျိုးတွေက အများကြီးရှိတာပဲ မဟုတ်လား"

"ရှိတော့ ရှိပါတယ်၊ အရင်တူးဖော်ကြတာက သာမန်





လောက်ပဲ ရှိပါတယ်၊ သူတို့ အခုတူးနေတဲ့နေရာမှာ ရွှေတွေက တန်နဲ့ချီပြီး ရှိနေတာပါ"

ထိုစကားကြားတော့ မြို့ပိုင်မင်းမှာ မျက်လုံးပြူးသွားလေသည်။

"ဒီစကား အမှန်ပဲလား"

"အမှန်ပါပဲ၊ သူတို့ တူးဖော်နေတဲ့ ဘောဂဗလ သူဌေးကြီးရဲ့ ရွှေငွေရတနာတွေ ဘယ်လောက်များတယ်ဆိုတာ ကျွန်တော်မျိုး ပြောပြပါ့မယ်"

ဟု အစချီကာ ဘောဂဗလ သိုက်ကြီးအကြောင်းကို သူသိသမျှ ပြောပြလိုက်လေသည်။ ထို့နောက် ဦးထွန်းဆိုင်တလည်း သူဝယ်ယူထားသော ရွှေဒင်္ဂါးအချို့ကို နမူနာအဖြစ် စားပွဲပေါ်သို့ တင်ပေးလိုက်ရာ မြို့ပိုင်မင်းက ကြည့်သည်။

"တယ်ကောင်းတဲ့ ရွှေပါလား"

"အဲဒီလောက်ကောင်းတဲ့ ရွှေတွေငွေတွေဟာ.. ဘောဂဗလသိုက်ကြီးထဲမှာ တန်နဲ့ချီပြီး ရှိနေပါတယ်၊ ကျွန်တော်မျိုး ထင်တာကတော့ သူတို့ လမ်းစတွေ့ထားပြီလို့ ထင်ပါတယ်"

"ဒီတော့ မောင်မင်းက ဘယ်လိုလုပ်ချင်တာလဲ"

"ဒီမြေပေါ်မှာရှိတဲ့ ရွှေငွေရတနာတွေ မှန်သမျှ.. သခင်ကြီးတို့ ပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေသာ ဖြစ်ပါတယ်၊ ဒီလိုခွင့်မတောင်းပဲ တူးဖော်ယူနေတာဟာ သခင်ကြီးတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ပမာမခန့် ပြုလုပ်နေတာနဲ့လည်း တူပါတယ်၊ ကျွန်တော်မျိုး သဘောကတော့ သူတို့အားလုံးကို ဖမ်းဆီးပြီး စစ်ဆေးသင့်တယ်လို့ ထင်ပါတယ်၊ ကျွန်တော်မျိုးကို မြို့ပိုင်မင်းရုံးတော်တံဆိပ်နဲ့ လက်မှတ်ပါတဲ့ ဖမ်းဝရမ်းတစ်စောင် ထုတ်ပေးစေချင်ပါတယ်"

ဟု ပြောဆိုလျှောက်ထားရာ မြို့ပိုင်မင်းက ပြုလုပ်ပေးမည်ဟု ပြောဆိုကတိပေးကာ နောက်တစ်ရက် ရုံးဖွင့်ချိန်တွင် လာရောက်ယူရန် မှာကြားလိုက်လေသည်။

ဦးနေဒွန်းတို့မှာလည်း ၎င်းတို့အကြံအစည် အထမြောက် အောင်မြင်ခဲ့ပြီ ဖြစ်သောကြောင့် များစွာကျေနပ်ဝမ်းသာသော အမူအယာဖြင့် ပြန်ခဲ့ကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း ရုံးတက်ချိန်ရောက်သောအခါ သုံးယောက်သား မြို့ပိုင်ရုံးသို့ သွားကြလေသည်။

ရုံးရောက်သောအခါ မြို့ပိုင်ရုံးစာရေးကြီးနှင့် တွေ့ရလေသည်။

"ခင်ဗျားတို့ အလိုရှိတဲ့ အမိန့်စာက ကျုပ်ဆီရောက်နေပါပြီ၊ မြို့ပိုင်မင်းလည်း လက်မှတ်ထိုးထားပြီးပါပြီ၊ ဒါပေမယ့် ရုံးတံဆိပ် ထုပေးဖို့တော့ကျန်သေးသဗျ"

ထိုစကားကြားတော့ ဦးနေဒွန်းက ချက်ဆို နားခွက်က မီးတောက် ဆိုသကဲ့သို့ သဘောပေါက်သွားသော အမူအယာဖြင့် အသင့်ယူဆောင်လာသော ငွေထုပ်ကို အများသူငါ





မမြင်အောင် လျှို့ဝှက်ပြီး ရုံးစာရေးကြီး လက်စွင်းသို့ ထည့်ပေးလိုက်တော့မှ မျက်နှာကြီးမှာ ပြုံးဖြီးဖြီး ဖြစ်သွားလေတော့သည်။

"တယ်လဲ အလိုက်သိတဲ့ လူပေပဲကိုး၊ ဒါကြောင့်လည်း မြို့သူကြီး ရာထူးမျိုး ရပေတာပဲ"

ဟု ပြောဆိုချီးမွမ်းကာ စားပွဲအံဆွဲထဲမှာ ထည့်ထားသော ဝရမ်းစာရွက်ကိုထုတ်ပြီး အပေါ်ဘက်တွင် ရုံးတံဆိပ်တော်ကို ထုပေးလေသည်။

ထို့နောက် စာရွက်ပေါ်၌ လိုအပ်သော အချက်များဖြည့်စွက်ရေးသားခြင်း၊ ရုံးလက်ခံ စာရင်းစာအုပ်၌ ရေးသွင်းခြင်းကိစ္စများ ပြုလုပ်ပြီးတော့မှ အမိန့်စာရွက်ကို ဦးနေဒွန်းလက်သို့ ထည့်ပေးလိုက်လေသည်။

"ကိုင်း. . . သဘောရှိတဲ့အတိုင်းသာ ဆောင်ရွက်ပါတော့၊ အောင်မြင်ပါစေ"

ဟုလည်း ပြောလိုက်သေးသည်။

ဦးနေဒွန်း၊ ဦးသူတော်နှင့် ဦးထွန်းဆိုင်တို့ သုံးယောက်ကတော့ အလိုရှိသော အမိန့်စာရွက် ရပြီးသည်နှင့် မြို့ပိုင်ရုံးအတွင်းမှ ခပ်သုတ်သုတ်ပြန်ထွက်လာကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၁)

# ကိုင်းတောအတွင်းမှ အန္တရာယ်

**အ**ချိန်က ညဦးပိုင်းအချိန်ပင်ဖြစ်သည်။

ထိုအချိန်တွင် မဟာဗောဓိစေတီ ပြန်လည်ပြုပြင်ရန်အတွက်လုပ်နေကြသော ဒေါက်တာမင်းထင်ကျော်တို့ တည်းခိုနေသည့် တဲများရှိရာသို့ လူကြီးတစ်ယောက် ရောက်လာလေသည်။

နှစ်ပေါင်းလေးရာကျော်လောက်ကပင် သေဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီဖြစ်သော သူဌေးကြီး ဘောဂဗလကိုယ်တိုင်ပင် ဖြစ်သည်။

ရင်းက ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်း ဦးသက္ကတို့ သုံးယောက်ကို တစ်နေရာသို့ ခေါ်ကာ အကျိုးအကြောင်း ပြောပြလေသည်။

"မိတ်ဆွေတို့အနေနဲ့ ကျုပ်တို့ရဲ့ ဘုရားကိစ္စကို အခုလိုလာပြီး ဆောင်ရွက်ပေးနေကြတာ ကျေးဇူးလည်းတင်ပါတယ်၊ ဝမ်းလည်းသာပါတယ်၊ ဒါပေမယ့်. . ကောင်းတာလုပ်သော်လည်း ကောင်းတာမဖြစ် ဆိုသလို. . ဘယ်နေရာမှာမဆို အနှောက်အယှက်ကလေးတွေတော့ ရှိတတ်ကြပါတယ်"

ထိုစကားကြားသော်လည်း ဘယ်လိုကြောင့် ပြောနေသည်ကို မသိရသေးသဖြင့် သုံးယောက်စလုံး ငြိမ်သက်စွာဖြင့် နားထောင်နေကြသည်။

"မကြာခင်မှာ ခင်ဗျားတို့ရှိတဲ့နေရာကို အနှောက်အယှက်ပေးမယ့် လောကသားတွေ ရောက်လာတော့မယ်၊ သူတို့က ခင်ဗျားတို့ကို နှိပ်စက်ကြလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ သူဌေးကြီး"

"ရန်. . ရန်ချင်း မတုန့်နှင်းပါနဲ့ သည်းခံပေးကြပါ။ ဘယ်လိုအကြောင်းပဲရှိရှိ ခင်ဗျားတို့ အန္တရာယ်မရှိစေရပါဘူး၊ ကျုပ်တို့ ကာကွယ်ရစောင့်ရှောက်ပေးပါ့မယ်"

ဟု ပြောလေသည်။

"ကောင်းပါပြီ၊ သူဌေးကြီး ဆန္ဒရှိတဲ့အတိုင်း ရှိစေရ





ပါမယ်၊ ဒါထက် ဘယ်သူတွေကများ အန္တရာယ်ပြုမှာလဲ"

"ဒီနေရာကိုလာဖူးတဲ့ သိုက်ဆရာတွေရဲ့ စံနက်ပါပဲ၊ သူတို့လာပြီး အနှောက်အယှက်ပေးတာကို ကျုပ်တို့ သတ်ချင်ရင် အလွယ်တကူ သတ်နိုင်ပါတယ်၊ ဒါပေမယ့် မသတ်ပါဘူး။ ကျုပ်တို့မှာ လူ့ဘဝက မကောင်းတာတွေ ပြုလုပ်ခဲ့၊ သူတပါး အသက်တွေကို သတ်ဖြတ်ခဲ့မိလို့ အခုလို မကျွတ်မလွတ်ဘဝနဲ့ နှစ်ပေါင်းများစွာ နေခဲ့ကြရတာပါ"

"ဒီစကားကြားရတာ စိတ်မကောင်းပါဘူး"

"မကောင်းတာလုပ်တဲ့သူတွေဟာ ကျုပ်တို့မသတ်လည်း သေကြရမှာပါပဲ၊ လောဘများတဲ့သူက လောဘကြောင့်သေရ၊ ဒေါသကြီးတဲ့သူက ဒေါသကြောင့် သေကြရမှာပါပဲ"

"ဒီတော့ ကျွန်တော်တို့က ဘယ်လိုလုပ်ကြရမလဲ"

"သူတို့ ရောက်လာတော့မယ်၊ ခင်ဗျားတို့ကို အနှောက်အယှက် ပေးကြတော့မယ်၊ ဒီလိုရောက်လာခဲ့ရင် ခင်ဗျားတို့က ဘာမှမတုန့်ပြန်ပဲ သည်းခံခွင့်လွှတ်ပေးလိုက်ပါ။ နောက်ပိုင်း သူတို့ကိစ္စ သူတို့ရှင်းသွားကြပါလိမ့်မယ်"

"ကောင်းပါပြီ"

ထို့နောက် သူဌေးကြီးလည်း ထိုနေရာမှ ပြန်ထွက်သွားလေတော့သည်။

ထိုအခါမှ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပင်ကြရလေသည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ"

"ဒီလောက်စိတ်မပူပါနဲ့အဘ. .၊ ဖြစ်လာသမျှအကြောင်းမှန်သမျှ ကျွန်တော် ရှေ့ကနေ ဒိုင်ခံဖြေရှင်းပေးပါ့မယ်"

"ဒီလိုတော့လဲ ဘယ်ဟုတ်ပါ့မလဲ၊ ဖြစ်လာသမျှ အကြောင်းတွေကိုတော့ ဒီလိုပဲ ပူးပေါင်းပြီး ဖြေရှင်းကြရမှာပေါ့"

ဟု ပြောဆိုပြီး ဦးဗန်ကောင်းနှင့် ဦးသက္ကတို့နှစ်ယောက်က တဲဘက်သို့ ပြန်သွားကြလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ သူတို့နှင့် ပြန်လိုက်မသွားသေးပဲ စေတီဟောင်းကြီး အောက်ခြေရှိ ကျောက်ပြားပေါ်၌ထိုင်ရင်း အေးအေးဆေးဆေး စဉ်းစားနေလေသည်။

အချိန်က ညဦးပိုင်းအချိန် ကျော်လာပြီဖြစ်သော်လည်း လမထွက်သေးသောကြောင့် ပတ်ဝန်းကျင်မှာ မှောင်နေသည်။

ကြယ်ရောင်များရှိသော်လည်း မြူနှင်းများ ကာဆီးနေသောကြောင့် မှုန်ဝါးဝါးသာ အလင်းရောင် ရရှိနေသည်။

အတန်ကြာတော့ ဒေါက်တာမင်းထင်ကျော် ထိုင်နေသော နေရာသို့ နောက်ထပ်လူတစ်ယောက် ရောက်လာပြန်သည်။ မြသင်းကြူပင်ဖြစ်သည်။





သူမက မနီးမဝေးမှာ ဝင်ထိုင်ရင်း မေးလိုက်သည်။

"စောစောက အဘပြောပြလို့ ကျွန်မသိတန်သလောက် သိရပြီးပါပြီ၊ အစ်ကိုတစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းတာတော့ မသင့်ဘူးထင်တယ်"

"ဒီလောက်လည်း စိတ်မပူပါနဲ့ မြသင်းကြူရယ်၊ ကိုယ်တို့က ကောင်းတာလုပ်နေတာပဲ၊ တကယ်လို့ အနှောက်အယှက်တွေ ပေးတာခံရရင်လည်း ခဏပါပဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ အဘဆီက ကြားကတည်းက စိတ်ပူနေတာ အမှန်ပဲ"

"ဘယ်လို စိတ်ပူတာလဲ"

"အစ်ကို တစ်ခုခုဖြစ်သွားမှာကို စိတ်ပူမိတာပါ"

သူမက ပွင့်ပွင့်လင်းလင်းပင် ပြောလေသည်။

"ဒီလောက် စိတ်ပူမနေပါနဲ့၊ စောစောက သူဌေးကြီးရောက်လာပြီး သူတို့လည်း ကူညီစောင့်ရှောက်ပေးမယ်လို့ ပြောသွားပါတယ်"

"ဒါတော့ဒါပေါ့၊ ဒါပေမယ့်"

"မြသင်းကြူက ကျွန်တော့်အတွက် တကယ်ပဲ စိတ်ပူနေလို့လား"

"အစ်ကိုက ဘယ်လိုထင်နေလို့လဲ၊ ကျွန်မက စိတ်အဲဒါမပါပဲ အပိုတွေ လာပြောနေတယ်လို့များ ထင်နေလို့လား"

ထိုသို့ ပြန်မေးသော အသံတွင် ကတုံကယုံနှင့် ငိုသံ



www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ပါနေသည်ကို သတိပြုမိသဖြင့် ဒေါက်တာမင်းထင်ကျော်က သူမအနီးသို့ ရွှေ့ထိုင်ပြီး လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"သေချာအောင်လို့ မေးကြည့်တာပါ၊ မြသင်းကြူ ကိုယ့်အပေါ်မှာ ဘယ်လောက်အလေးအနက် ထားတယ်ဆိုတာ သိချင်လို့ တမင်မေးတာပါ"

"အခုတော့ သိပြီလား"

"သိပါပြီ၊ သိရတဲ့အတွက်လည်း ဝမ်းသာပါတယ်"

"စိတ်ပူတာ ဝမ်းသာစရာလား"

"စိတ်ပူနေတာနဲ့အတူ ရင်ထဲက သံယောဇဉ်ကိုပါ တွေ့ရလို့ ဝမ်းသာတယ်လို့ ပြောတာပါ"

ထိုသို့ပြောပြီး သူမပုခုံးလေးကို သိုင်းဖက်ထားလိုက်ရာ မရုန်းမဖယ်ပဲနှင့် ပြန်မေးသည်။

"ကျွန်မက တောသူတစ်ယောက်ပါ၊ ပရိယာယ်တွေလည်း ဘာမှနားမလည်ပါဘူး၊ ရင်ထဲမှာ ရှိနေတာကို ပြောဖို့တောင် ခက်ပါတယ်၊ အစ်ကိုက မြို့ကြီးသားဆိုတော့ ကျွန်မအပေါ်မှာ တကယ်မေတ္တာရှိနေတာရော ဟုတ်ရဲ့လား"

"တကယ်ချစ်လို့သာ ဖွင့်ပြောခဲ့တာပေါ့၊ မြသင်းကြူရယ်၊ ဘာလဲ အစ်ကို့မေတ္တာကို မယုံလို့လား"

"အစ်ကို့ကို ယုံပါတယ်၊ ဒါပေမယ့် အခြေအနေကို စိတ်မချလို့ မေးတာပါ"





"ဘာမှ စိတ်မချစရာ မရှိပါဘူး၊ တကယ်လို့ မြလေးက ကိုယ့်မေတ္တာကို လက်ခံပေးရင် ကိစ္စတွေပြီးတဲ့အခါ လူကြီးတွေကို အသိပေးပြီး လက်ထပ်ပါ့မယ်၊ ပြီးရင်တော့ ရန်ကုန်ကို တစ်ခါတည်းခေါ်သွားဖို့ စိတ်ကူးထားပါတယ်"

"ဒီစကားကြားရတယ ကျွန်မတို့အဖို့တော့ အိပ်မက်တစ်ခုလိုပါပဲ၊ ကျွန်မဘဝမှာ ဒီလိုဖြစ်လာလိမ့်မယ်လို့ တစ်ခါမှ စိတ်မကူးခဲ့ဖူးပါဘူး"

"ချစ်ခြင်းမေတ္တာဆိုတာ စိတ်ကူးယဉ်တာက အစပြုတယ်ဆိုပေမယ့် ဘဝလက်တွဲတဲ့အခါမှာတော့ လက်တွေ့ဆုံးဖြတ်ချက်တွေနဲ့ ဖြတ်သန်းကြရတယ်၊ နောက်တစ်ခုက တကယ့်ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် ဂုဏ်ပကာသနတွေ အဆင့်အတန်းတွေ တောသားမြို့သားဆိုတာတွေ မရှိပါဘူး၊ တကယ်ချစ်ကြရင် အရာအားလုံးဟာ မြားပြေးသလိုပဲ တန့်ဖြောင့်တည်း တညီတည်းပဲ ရှိကြပါတယ်"

"ကျွန်မက အစ်ကိုလို မပြောတတ်ပေမယ့် ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်"

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော် ရင်ခွင်ထဲသို့ ဝင်လာရာ တင်းတင်းဖက်ထားလိုက်လေတော့သည်။

ထိုညကတော့ လရောင်ကြယ်ရောင်မရှိပဲ အမှောင်ရိပ် ဖုံးနေသော်လည်း သူတို့နှစ်ဦးအတွက်ကတော့ အင်္ဂါရဆန်သော ညမျိုးဖြစ်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နေ့လည်ပိုင်း အချိန်ကျော်တော့ မဟာဗောဓိကုန်းသို့ လူတစ်စု ရောက်လာကြသည်။

ဦးဆောင်လာသူတို့မှာ အင်းဝမြို့သူကြီး ဦးမနေဒွန်း ဖြစ်ပြီး ဦးသူတော်နှင့် ဦးထွန်းဆိုင်တို့လည်း ပါလာကြသည်။

နောက်မှာတော့ သေနတ်ကိုင်ထားသော ဂေါ်ရခါး ပုလိပ်အချို့နှင့်အတူ ကျော်ကြီး၊ ကိုထွန်း၊ ထွန်းခတို့အပြင် သူတို့ဆီမှ ပြန်သွားသော သံပချိုင်ကိုပါ ပြန်တွေ့ကြရလေသည်။ သံပချိုင်ကို ပြန်တွေ့ရတော့မှ သဘောပေါက်ကြရပေသည်။

ထိုနေရာရောက်တော့ အုတ်ဖုတ်သော နေရာဘက်မှ လူများမှလွဲပြီး အခြားသူများက လုပ်လက်စအလုပ်များကို ရပ်လိုက်ကြသည်။

"ဘာကိစ္စ ရှိလို့လည်းဗျ"

"ကျုပ်က အင်းဝမြို့သူကြီး ဦးနေဒွန်းပဲ၊ ခင်ဗျားတို့ ဒီနေရာမှာ သိုက်တူးနေတယ်သတင်းကြားလို့ လာပြီးစစ်ဆေးတာ၊ ဒီနယ်တွေမှာ မြို့ပိုင်မင်းရဲ့ ခွင့်ပြုချက်လက်မှတ်မပါရင် ဘာမှ လုပ်ခွင့်မရှိဘူး"

"ကျွန်တော်တို့က သိုက်မတူးပါဘူး၊ ဘုရားပျက်ကြီးကို ပြုပြင်မလို့ လုပ်နေကြတာပါ"

ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။ ဦးနေဒွန်းကတော့ တည်တည်ငြိမ်ငြိမ်နှင့် ပြန်ပြောနေသော ဒေါက်တာမင်းထင်ကျော်ကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

"ခင်ဗျားဟာ ဗမာလူမျိုး တစ်ယောက်ဆိုရင်တော့ ဒါတွေသိမှာပါ၊ ဗမာပြည်ကို အင်္ဂလိပ်တွေ သိမ်းပိုက်ထားပေမယ့် ဘုရားကိစ္စ၊ ကျောင်းကိစ္စ၊ ဘာသာရေးကိစ္စတွေလုပ်ရင် ဘယ်သူ့ဆီက ခွင့်ပြုချက်ယူစရာ မလိုပါဘူး"

ထိုစကားကြားတော့ ဦးနေဒွန်းမှာ နှစ်လုံးပြူးသေနတ်ကြီးကို ကျစ်ကျစ်ပါအောင် ကိုင်ထားရင်း ရှူးရှူးရှားရှား ဖြစ်သွားလေသည်။

"အင်္ဂလိပ်တွေဆီမှာ အမိန့်ခံပြီး လုပ်တယ်ဆိုတာ အရက်ဆိုင်ဖွင့်ဖို့၊ အင်းထဲမှာ ငါးဖမ်းတဲ့အလုပ် လုပ်ကြဖို့၊ နွားသတ်၊ ဆိတ်သတ်တဲ့ လိုင်စင်တွေရဖို့ အမိန့်ခံ ခွင့်တောင်းရတာ ရှိပါတယ်၊ ဘုရားပြင်တာ ကျောင်းပြင်တာတွေတော့ ခွင့်တောင်းစရာ မလိုဘူးထင်ပါတယ်၊ တကယ်လို့ ခွင့်ပြုချက်တောင်းရင်လည်း ဘာသာချင်းမတူလို့ သူတို့ ဘာမှသိမှာမဟုတ်ပါဘူး"

"ဒါ သခင်ကြီးကို သက်သက်စော်ကားတာပဲ"

"စော်ကားတာ မဟုတ်ပါဘူးဗျာ၊ အမှန်ကို ပြောတာပါ၊ တကယ်လို့ ခွင့်ပြုချက်လိုတယ်ဆိုရင် အင်းဝမြို့ပိုင်ဆီက မဟုတ်ပါဘူး၊ ရန်ကုန်မှာရှိတဲ့ ဘုရင်ခံချုပ်ဆီကအောင် ယူပေးလို့ရပါတယ်"







www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် စကားကြားတော့ ဦးနေဒွန်းမှာ နည်းနည်းတော့ တွန့်သွားလေသည်။

ဘုရင်ခံချုပ်ဆိုသောစကား ကြားသည်နှင့်ပင် သူ့ရှေ့မှာရပ်နေသူမှာ သာမန်မဟုတ်မှန်း သိလိုက်ပေသည်။

သို့သော်လည်း လွယ်လွယ်နှင့် အလျှော့ပေးပြီး ပြန်၍ မဖြစ်ပေ။

တကယ်လို့ ထိုပွဲမှာ ပွဲဦးကျိုးပြီး နောက်ကြောင်းပြန်ရပါက နောက်မှခေါ်လာသူများက အထင်ကြီးကြတော့မည် မဟုတ်ပေ။

သို့ကြောင့် တိုးလက်စနှင့် ဖွတ်တိုးရတော့ပေမည်။

"ဒါပေမယ့် ခင်ဗျားတို့က ဘုရားဖြစ်နေတာကို ဗန်းပြပြီး သိုက်တူးနေကြတယ်ဆိုတာ သတင်းကြားထားပြီးပြီ၊ ဒါကြောင့် ဖမ်းရအောင် လာကြတာပဲ"

"ဘယ်လိုအထောက်အထားရှိလို့လဲ"

ဦးနေဒွန်းက အသင့်ယူလာသော ရွှေဒင်္ဂါးများကို ထုတ်ပြလိုက်သည်။

"ဒါ ခင်ဗျားလာရောင်းသွားတဲ့ ပစ္စည်းတွေဆိုတာ ငြင်းချင်သေးလို့လား"

"မငြင်းပါဘူးဗျာ၊ ဟိုမှာ ဝယ်တဲ့သူတောင် ပါလာမှတော့ ဘာငြင်းစရာရှိမလဲ၊ ဒါပေမယ့် ခင်ဗျားထင်သလို ဒီရွှေဒင်္ဂါးတွေက သိုက်ထဲကရတာမဟုတ်ပါဘူး၊ ကျွန်တော်တို့





ဘိုးဘွားပိုင် ပစ္စည်းတွေပါ"

"ဘာပဲဖြစ်ဖြစ် ဒီမှာ ခင်ဗျားတို့ကိုဖမ်းဖို့ မြို့ပိုင်မင်းက ဖမ်းဝရမ်းထုတ်ပေးထားပြီးသား၊ ဒီတော့ ခေါင်းဆောင်တဲ့သူကို အခုဖမ်းခေါ်သွားရမယ်၊ ရှင်းစရာရှိတာတော့ ဂါတ်ရောက်မှပဲ ရှင်းကြပေတော့၊ ဒီအဖွဲ့မှာ ခေါင်းဆောင်ပြီး လုပ်နေတာ ဘယ်သူလဲ"

"ကျွန်တော်ပါပဲ"

ထိုအခါ ဦးဗန်ကောင်းကပါ ရှေ့တိုးလာပြီး. . .

"သူချည်းမဟုတ်ဘူး၊ ကျုပ်လည်းပါတယ်"

ဟု ဝင်ပြောလေသည်။

ထို့ကြောင့် ပုလိပ်များက ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကို လက်ချင်းတွဲကာ လက်ထိပ်ခတ်လိုက်လေသည်။

ထိုအခြေအနေကို မြင်တော့ ဦးသက္ကက ရှေ့သို့တိုးလာပြီး ပြောသည်။

"ဒီမှာ ခင်ဗျားကို သတိပေးလိုက်မယ်၊ ကျုပ်တို့ လုပ်နေတဲ့အလုပ်ကို ဘယ်သူမှ အနှောက်အယှက်ပေးလို့မရဘူး၊ တကယ်လို့ အနှောက်အယှက်ပေးရင်လည်း ဘေးအန္တရာယ်နဲ့ တွေ့ရတော့မယ်ဆိုတာ မြဲမြဲမှတ်ထားပါ"

ထိုစကားကြောင့် စိတ်ကသိကအောက် ဖြစ်သွားသော်လည်း ဦးနေဒွန်းကတော့ မလျှော့တော့ပဲ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ကို ခေါ်ဆောင်ပြီး ကိုင်းတောကြီးအတွင်းမှဖြတ်ကာ ကမ်းစပ်သို့ ပြန်ဆင်းကြသည်။

၎င်းတို့ ဖြတ်ဆင်းလာသောလမ်းမှာ အုတ်ဖုတ်နေသော အုတ်ဖိုကြီးများနှင့် မဝေးလှပေ။

တစ်နေရာရောက်တော့ ကိုင်းတောကြီးအတွင်းမှ လူသံသူသံများ ကြားရသဖြင့် ပုလိပ်များက သေနတ်များကို ပြင်လိုက်ကြသည်။

သို့သော်လည်း ကြားရသော အသံများက တစ်နေရာတည်းမှမဟုတ်ပဲ နေရာအနှံ့မှ ဖြစ်သဖြင့် မျက်စိမျက်နှာပျက်နေကြသည်။

တစ်နေရာရောက်တော့ ကိုင်းတောကြီးထဲမှာ ရပ်နေသော လူတစ်စုကို တွေ့ရသည်။

ထိုလူစုကိုမြင်တော့ ပုလိပ်များက လမ်းဖယ်ခိုင်းသော်လည်း မကြားဟန်ဖြင့် ရပ်မြဲရပ်နေကြလေသည်။

လမ်းတည့်တည့်တွင် ရပ်နေသောကြောင့် ရှေ့ဆက်သွားလို့လည်း မရကြပေ။ ပုလိပ်များက သေနတ်ဖြင့်ချိန်ပြီး လမ်းဖယ်ခိုင်းသော်လည်း ဖယ်မပေးသောကြောင့် ရှေ့မှာရပ်နေသူကို သေနတ်ဖြင့် ပစ်ချလိုက်သည်။

ကျယ်လောင်သော သေနတ်သံနှင့်အတူ ကျည်ဆံထိမှန်သူက လဲကျသွားသည်။ သို့သော် ချက်ချင်းပြန်ထလာပြီး နေရာမှာ ပြန်ရပ်နေသည်။





"ဟင်. ."

ဂေါ်ရခါးပုလိပ်များက ထိုအခြေအနေကို မသိသဖြင့် ထပ်ပစ်သည်။ ကျည်ဆံထိ၍ လဲကျသွားသော်လည်း နောက်တွင် ပြန်ထလာသည်။

"ဒါ. . ဒါ. . လူ. . လူတွေ မဟုတ်ဘူးဗျ။ ဖုတ်ဝင်နေတဲ့သူတွေ"

ဦးသူတော်က ပြောလိုက်သည်။

"ခင်ဗျားက သိုက်ဆရာပဲ၊ ဒါတွေ မဖယ်နိုင်ဘူးလား"

"ကျုပ်မှာ ဆေးလွယ်အိတ်မပါတော့ မတတ်နိုင်ဘူး"

ထိုသို့ပြောနေစဉ် ရပ်နေသူများက တဖြည်းဖြည်း ရှေ့တိုးလာကြလေသည်။ ထိုအခါ မျက်စိမျက်နှာ ပျက်နေကြပြီး ရှေ့တိုးရမလို နောက်ပြန်ပြေးရမလို ဖြစ်နေကြသည်။

ထိုအခါ ဦးဗန်ကောင်းက ပြောလိုက်သည်။

"မကြောက်ပါနဲ့ဗျာ၊ သူတို့ကသာ သတ်ချင်ရင် ခင်ဗျားတို့ တစ်ယောက်မှ အသက်မရှင်နိုင်ကြပါဘူး၊ ကျုပ် ရှေ့ကသွားပါ့မယ်၊ နောက်ကသာ လိုက်ခဲ့ကြပါ၊ ဘယ်လို အန္တရာယ်မှ မရှိစေရပါဘူး"

ထိုသို့ ပြောဆိုကာ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်ကျော်တို့က ရှေ့မှလျှောက်သွားကြပြီး ကျန်လူများက နောက်မှ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် လိုက်လာ ကြရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသူများ အနီးသို့ရောက်သောအခါ လူတစ်ယောက်သွားသာရုံ လမ်းဖယ်ပေးကြသည်။

၎င်းတို့အနီးမှ ဖြတ်လျှောက်သွားသောအခါ မျက်နှာသေများနှင့် မျက်လုံးပြူးကြီးများနှင့် ကြည့်နေကြသည်။

သို့သော် မည်သည့်အန္တရာယ်မှတော့ မပေးကြပေ။

ဤသို့ဖြင့် လှေရှိသော ကမ်းဆိပ်ရောက်သည်အထိ ဖြောင့်ဖြောင့် ဆင်းနိုင်ခဲ့ကြပေတော့သည်။

ဦးနေဒွန်းတို့ လူစုမှာ ကမ်းဆိပ်ရောက်တော့မှပင် အသီးသီး သက်ပြင်းချနိုင်ကြလေတော့သည်။







## အခန်း (၁၂)

# အင်းဝအချုပ်ခန်းမှ ဖြစ်ရပ်ဆန်း

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ညအချိန်ရောက်တော့ မြသင်းကြူတစ်ယောက်တည်း ဘုရားကုန်းဘက်သို့သွားကာ ဒေါက်တာမင်းထင်ကျော်နှင့် တွေ့ခဲ့သောနေရာရောက်တော့ ထိုင်တာငိုနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူအဖြစ်က အတော်ကလေး ဆိုးရွားသည်။

ချစ်သူနှင့် ပျော်ရွှင်ခွင့်မရသေးခင်မှာပင် ဝမ်းနည်းဖွယ်ရာ အဖြစ်မျိုးနှင့် ကြုံတွေ့ရခြင်း ဖြစ်ပေသည်။

သို့ကြောင့် စိတ်မကောင်းစွာတွေးရင်း မျက်ရည်ကျနေမိခြင်း ဖြစ်ပေသည်။ ထိုအခိုက်မှာပင် သူမထိုင်နေသောနေရာအနောက်ဘက်မှ အမျိုးသမီးတစ်ယောက် ရောက်လာလေသည်။ မြလေးနွယ်ပင် ဖြစ်၏။

တစ်ကြိမ်မက တွေ့ခဲ့ဖူးသောကြောင့် မြလေးနွယ်မှန်း သိလေသည်။

"ဒီလောက်လည်း စိတ်မကောင်းဖြစ်မနေပါနဲ့ ညီမလေးရယ်၊ ဒီလိုဖြစ်ပျက်တာတွေက ခဏပါ"

ဟု အနီးမှာ လာရပ်ရင်း နှစ်သိမ့်စကားမျိုး ပြောလေသည်။

"ဒါပေမယ့် မမရယ်၊ ကျွန်မတို့က ကောင်းတာလုပ်နေကြပေမယ့် ကောင်းကျိုးပြန်မရပဲ အခုလိုဆိုးကျိုးတွေနဲ့ တွေ့ကြုံရတာတော့ ဝမ်းနည်းစရာပဲ"

မြသင်းကြူပြောသော စကားများထဲတွင် မကျေနပ်သော အသံကလေးများ စွက်ဖက်နေလေသည်။ ထိုအခြေအနေကို မြလေးနွယ် သဘောပေါက်သဖြင့် တစ်ချက်ပြုံးလိုက်သည်။

"ငါ့ညီမလေးက နုနယ်သေးတော့ လောကအ





ကြောင်း တရားသဘောအကြောင်းတွေကို ဘယ်သိဦးမလဲ၊ အခု ကောင်းတာတွေ လုပ်နေကြပေမယ့် ကောင်းကျိုးကချက်ချင်းရတာမျိုး မဟုတ်ဖူးကွယ့်၊ ဒီဘဝ ဒါမှမဟုတ် နောက်ဘဝရောက်မှ အကျိုးပေးတာမျိုးတွေရှိတယ်၊ အခုဘဝမှာ ချမ်းသာနေတဲ့လူတွေဟာ ရှေးဘဝကပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့်ပဲ"

မြသင်းကြူက အငိုရပ်သွားပြီး မျက်ရည်သုတ်လိုက်သည်။

"ဒီဘဝမှာ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့နေရတဲ့ သူတွေကလည်း ရှေးဘဝတွေက ပြုခဲ့တဲ့ အကုသိုလ်ကံတွေကြောင့်ဆိုတာ သိထားရမယ်၊ သူတို့တွေ ကောင်းတာလုပ်နေကြတဲ့အချိန်မှာ အခုလို မကောင်းတာတွေနဲ့ ကြုံတွေ့ရတာ အတိတ်ဘဝက ဝဋ်ကြွေးရှိလို့ ခံရတယ်လို့ပဲ သဘောထားနိုင်ရင် ငါ့ညီမ စိတ်သက်သာရာ ရသွားမှာပါ"

ဟု ပြောပြသည်။

"မမတို့မှာ ကမ္ဘာဇိတ္တိတန်ခိုးရှိတာပဲ သူတို့ကို ကယ်ပေးလို့ မရဘူးလားဟင်"

"မမတို့သာလုပ်ရင် အဲဒီလူတွေ ဒီနေရာကတောင် ပြန်နိုင်ကြမှာ မဟုတ်ကြဘူး၊ ဒါပေမယ့် လုပ်ချင်တိုင်းတော့ လုပ်လို့မရဘူးကွယ့်၊ သူ့ကံကိုယ့်ကံဆိုတာ ရှိသေးတယ်၊ မပူပါနဲ့ ညီမလေးရယ် ဒီနေရာမှာ သူတို့ရှိမှ ဖြစ်မယ့် မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာအောင် လုပ်ပေးပါ့မယ်”

ထိုစကားကြားတော့မှပင် မြသင်းကြူမှာ အတော်အသင့် စိတ်သက်သာရာ ရသွားလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ နှစ်ယောက်ကို ခေါ်သွားပြီး အင်းဝဂါတ်တဲ အချုပ်ခန်း၌ပင် ထားလေသည်။

ညနေဘက် ထမင်းကျွေးချိန်ရောက်တော့ သူတို့အတွက် ထမင်းခွဲတမ်း မပါပေ။ အချုပ်သားများကို ကန်ထရိုက်စံနစ်ဖြင့် ကျွေးမွေးခြင်းဖြစ်သောကြောင့် အချုပ်ခန်း တွင်းမှာရှိသော လူအရေအတွက်အတိုင်းသာ ပါလာလေသည်။

“လူသစ်နှစ်ယောက် တိုးတယ်”

အချုပ်ခန်းစောင့်သော ပုလိပ်က ထမင်းလာကျွေးသူကို ပြောလိုက်သည်။

“ဒီကနေ့တော့ မရဘူး၊ မနက်စာမှပဲ ထည့်ယူလာတော့မယ်”

အချုပ်သားများကျွေးသော ထမင်းဟင်းများမှာ အကောင်းချည်းတော့ မဟုတ်ပေ။ ဆန်ကြမ်းထမင်း၊ ပဲဟင်းအရေကျဲ၊ ငပိထောင်း အနည်းငယ်ဖြစ်သည်။

အခြားအချုပ်သားများကလည်း ၎င်းတို့နှစ်ယောက်ကို ခွဲဝေပေးချင်သော်လည်း ၎င်းအတွက်ပင် အနည်းငယ်သာ မလောက်မငှ ရသဖြင့် မပေးနိုင်ကြပေ။





အချုပ်ခန်းထဲမှာ လူမများသဖြင့် နှစ်ယောက်သား အခန်းထောင့် တစ်နေရာမှာပင် ထိုင်နေကြသည်။ ဦးဗန်ကောင်းကတော့ ပုတီးပါလာသဖြင့် ပုတီးစိပ်နေလေသည်။ အချုပ်ခန်းထဲတွင် တန်းစီးရှိသည်။

လူသတ်မှု ဓားပြမှုများဖြင့် အချုပ်ကျနေသော လူဆိုးလူမိုက်တို့ကို တန်းစီးရာထူး ပေးထားသည်။

မျောက်အမြီးဖြင့် မျောက်ပြန်ချည်သကဲ့သို့ အချုပ်သားအချင်းချင်း ပြန်လည်အုပ်ချုပ်နိုင်းထားခြင်း ဖြစ်သည်။

အချုပ်သားက တန်းစီးဖြစ်နေသည်ဆိုသော်လည်း အချုပ်ခန်းထဲမှာတော့ ပုလိပ်တစ်ယောက်လိုပင် ဩဇာအာဏာရှိသူဖြစ်သည်။ ၎င်းစိတ်နှင့် မတွေ့လျှင် ရိုက်ပုတ်နှိပ်စက်နိုင်သည်။ လူသစ်များဝင်လာလျှင် ပုံစံပေးသည့်အနေဖြင့် ပုံစံထိုင်ခိုင်းသည်။ အချုပ်သားအသစ်များက ပါလာသော အစားအသောက် အဝတ်အထည်တို့ကို တန်းစီးကို ပေးတန်ထာပေးမှ သက်သာရာရသည်။ နေရာကောင်းရသည်။

မဟုတ်ပါက အကြောင်းမရှိ အကြောင်းရှာ နှိပ်စက်သည့်အပြင် အိမ်သာနားမှာ အိပ်ရသည်မျိုးလည်း ရှိသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ အချုပ်ခန်းတွင်း ဝင်လာတော့ အခန်းထောင့်မှာထိုင်ပြီး အချိပ်ခံနေသော တန်းစီးလုပ်သူက တစ်ချက်ကြည့်သည်။

အသားမည်းမည်း ဝဝဖိုင့်ဖိုင့်နှင့် လူဆိုးလူမိုက်ရုပ်

www.burmeseclassic.com



ပေါက်နေသူဖြစ်သည်။

"ဟိုလူသစ်နှစ်ယောက် ငါ့ဆီလာခဲ့ဦး"

ထိုသို့ခေါ်သော်လည်း လှည့်မကြည့်ကြပေ။

ထိုအခါ သူကိုယ်တိုင် ထလာသည်။

"မင်းတို့ နားမပါဘူးလား၊ မင်းတို့ အပြင်မှာ ဘယ်လို ပဲနေခဲ့နေခဲ့၊ အချုပ်ထဲရောက်လာရင် အချုပ်သားလိုပဲ နေရတယ်ဆိုတာ မသိဘူးလား"

ဟု ပြောပြောဆိုဆိုနှင့် ဦးဇန်ကောင်းကျောကို ခြေထောက်ဖြင့် ကန်သည်။ ဦးဇန်ကောင်းက ပုတီးစိပ်နေရာမှ ရှောင်ပေးလိုက်တော့ ကန်ချက်လွဲသွားသည်။ ထိုအချိန်မှာ ဦးဇန်ကောင်းက မတ်တပ်ရပ်လိုက်ပြီး ဖြစ်လေသည်။

မျက်နှာချင်းဆိုင်ဖြစ်တော့ လက်သီးနှင့်ထိုးသည်။

ဦးဇန်ကောင်းက ရှောင်ပေးပြီး လက်ဖြင့် လည်မြိုနေရာကို ထောက်လိုက်ရာ ရုပ်သေးကြိုးပြတ်ဖြစ်ကာ ကြမ်းပေါ်သို့ ပုံလျက်သား လဲကျသွားလေသည်။

ပြန်မထနိုင်တော့ပေ။

ခြေလက်များ မလှုပ်နိုင်တော့သလို ပါးစပ်ကလည်း ရွဲ့သွားပြီး စကားမပြောနိုင်တော့ပေ။ မျက်လုံးပြူးကြီးဖြင့် ဟိုကြည့်ဒီကြည့်ဖြင့်သာ ကြည့်နိုင်တော့သည်။

"ထိပြီဟ၊ သူတော်ကောင်း စော်ကားတဲ့လူမိုက်၊ ကံကြီးထိုက်ပြီ"





"ငါတို့ကို နှိပ်စက်ခဲ့သမျှ ဒင်းခံရပြီ"

ထိုသို့ပြောဆိုသော အသံအချို့လည်း ထွက်လာသည်။

ဦးဇန်ကောင်းကတော့ နောက်မှာ လဲကျနေသော တန်းစီးလူမိုက်ကို တစ်ချက်ကလေးမှ မကြည့်တော့ပဲ ပုတီးပြန်စိပ်နေလေသည်။

ဝက်တစ်ကောင်ကို ကြိုးတုပ်ပြီး ချထားသကဲ့သို့ မလှုပ်နိုင်တော့သည့် တန်းစီးကို အချုပ်သားအချို့က သူ့နေရာသူ ပြန်ရောက်အောင် ပြန်ပို့ပေးကြသည်။

ညဦးပိုင်းအချိန် ဂျူတီချိန်ပြီးတော့ ပုလိပ်တစ်ယောက် ရောက်လာပြီး မေးသည်။

"အဘိုးကြီး ဟိုတန်းစီးကို ဘယ်လိုလုပ်လိုက်တာလဲ မလှုပ်နိုင်တော့ဘူး"

"ငါက ဘာမှမလုပ်ပါဘူးကွာ၊ သူ့ဖာသာဖြစ်တာပါ၊ မယုံရင် အချုပ်သားတွေ မေးကြည့်ပေါ့"

အနားမှာ ရှိနေကြသော အချုပ်သားအချို့ကလည်း 'ဟုတ်မှန်ကြောင်း' ဝင်ရောက်ဖြေဆိုကြသဖြင့် ပုလိပ်လည်း ဘာမှထပ်မပြောသာအောင် ဖြစ်သွားလေသည်။

"ဒီပုံကြီးနဲ့တော့ အချုပ်ခန်းထဲ ထားလို့မဖြစ်ဘူး၊ သူပြန်ကောင်းအောင် ခင်ဗျား ပြန်မလုပ်ပေးနိုင်ဘူးလား"

"ငါက ဘာပညာမှ မတတ်ပါဘူးကွာ၊ သူ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့သူသာ ရှိပါစေ”

ညဦးပိုင်း အချိန်ရောက်တော့ အချုပ်ခန်းအတွင်း စကြံလမ်းသို့ ထမင်းချိုင့်ဆွဲထားသော အမျိုးသမီးတစ်ယောက် ဝင်လာလေသည်။ အဝတ်တစ်ထည် ဦးခေါင်းမှာ ခြုံထားသောကြောင့် မည်သူမည်ဝါမှန်း မသိရပေ။

တစ်ခုထူးဆန်းသည်က ညနေစောင်းလျှင် အချုပ်ခန်း၏ အတွင်းတံခါး အပြင်တံခါးတို့ကို သော့ခတ်ကာ ပိတ်လိုက်ပြီဖြစ်သဖြင့် အပြင်လူ ဝင်ခွင့်မရတော့ပေ။

စကြံလမ်းထောင့်များတွင် ညဂျူတီကျနေသော ပုလိပ်အချို့သာ နေခွင့်ရှိသည်။

ချိုင့်တစ်လုံးဆွဲပြီး ဝင်လာသော အမျိုးသမီးကို အစောင့်ကျနေသည့် ပုလိပ်များလည်း မြင်တွေ့ကြဟန် မတူကြပေ။

ထိုအမျိုးသမီးက ဒေါက်တာမင်းထင်ကျော်တို့ ထိုင်နေသည့် အချုပ်ခန်းအပြင်ဘက်ရောက်တော့ ရပ်လိုက်သည်။ ကြားတွင် သစ်သားတိုင်များ စေ့နေအောင် ကာထားသဖြင့် ချိုင့်တစ်လုံး သွင်းရလောက်အောင် အပေါက်မရှိပေ။

သို့သော် ထိုအမျိုးသမီးက လက်ထဲမှာကိုင်ထားသောချိုင့်ကို ကျဉ်းမြောင်လှသော အပေါက်မှ ထည့်ပေးလိုက်ရာ အတွင်းသို့ ရောက်လာတော့သည်။

ထို့ကြောင့် ဒေါက်တာမင်းထင်ကျော်က လှမ်းယူပြီး





အပေါက်မှ ကြည့်လိုက်သည်။ သူကြည့်သောအချိန်မှာပင် အပြင်မှာ ရပ်နေသော အမျိုးသမီးက မျက်နှာပေါ်မှာ ဖုံးထားသောပုဝါကို ဖယ်ပြလေသည်။

မြလေးနွယ်ပင် ဖြစ်သည်။

ထို့နောက်မှာတော့ မြလေးနွယ်က ကာရံထားသော သစ်သားတိုင်များကြားမှပင် အပြင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

ညဦးပိုင်းအချိန်ရောက်မှ ချိုင့်တစ်လုံးဖြင့် ထမင်းကောင်းဟင်းကောင်းများ စားသောက်နေကြသည့် သူတို့နှစ်ယောက်ကိုကြည့်ပြီး အချုပ်သားများက အံ့ဩထိတ်လန့်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့က စားသောက်ပြီး၍ ပိုလျှံသော အစားအသောက်များကို အချုပ်သားများကို ဝေမျှကျွေးရာ ဝမ်းသာအားရ စားသောက်ကြလေသည်။

ထိုအခြေအနေကိုတော့ စကြံအပြင်ဘက်၌ အစောင့်ကျနေကြသည့် ပုလိပ်များ မသိလိုက်ကြပေ။

ယခုအချိန်အထိ မလှုပ်နိုင်သေးသော တန်းစီးမှာလည်း သူနေသော နေရာမှာပင် တုံးလုံးကြီး ဖြစ်နေပေရာ အချုပ်ခန်းထဲမှ အခြေအနေကို မသိတော့ပေ။

အချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သည်။

သူကြီး ဦးနေဒွန်းနေသော နေအိမ်မှာ အင်္ဂါတ်တဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိသောနေရာနှင့် မဝေးလှပေ။

ခြံကျယ်ကြီးထဲတွင် ရေနံချေးသုတ်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးနှင့် နေထိုင်လေသည်။

အပေါ်ထပ်၌ မိသားစုနေပြီး အောက်ထပ်ကိုတော့ အမှုအခင်းများ စစ်ဆေးဆုံးဖြတ်ရာ ရုံးခန်းသဖွယ် ပြုလုပ်ထားသည်။ မိသားစုများက အပေါ်ထပ်၌ နေကြသော်လည်း ဦးနေဒွန်းကတော့ အရေးအကြောင်းရှိလျှင် သိစေရန် အောက်ထပ်ရုံးခန်း၌သာ နေလေသည်။

ညအချိန်ရောက်တော့ တစ်ယောက်တည်း အရက်သောက်နေရင်း အချုပ်ထဲထည့်ထားသော ဒေါက်တာမင်းထင်ကျော်တို့ကို ဘယ်သို့ဘယ်ပုံ ပြုလုပ်ရမည်ကို တွေးတောအကြံထုတ်နေလေသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံ ကြားရသည်။

"ဒေါက်. . ဒေါက်"

"ဘယ်သူလဲ ထွန်းခင်လား"

ထွန်းခင်မှာ ရှေ့၌ အစောင့်ထားသူဖြစ်သည်။

"ဒေါက်. . ဒေါက်"

"ဘယ်သူလဲလို့ မေးနေတယ်လေ၊ သေနတ်စာ မိချင်လို့လား"

ထိုသို့ ပြောနေစဉ်မှာ ဂျက်ထိုးပြီး ပိတ်ထားသော





တံခါးနှစ်ချပ်က 'ကျွီ'ခနဲ အသံမြည်လျက် အလိုအလျောက် ပွင့်သွားလေတော့သည်။

"ဟင်. ."

ကြည့်လိုက်တော့ မျက်နှာပေါ်မှာ အဝတ်စဖုံးထားသော အမျိုးသမီးတစ်ယောက် အခန်းထဲဝင်လာသည်ကို မြင်လိုက်ရသဖြင့် လန့်ဖြတ်သွားလေသည်။

"နင်. . နင်ဘယ်သူလဲ ဘယ်လိုဝင်လာတာလဲ"

အမျိုးသမီးက ဦးခေါင်းပေါ်မှ အဝတ်ကို ဖယ်လိုက်ရာ မျက်နှာက နောက်ဘက်ရောက်နေသည်။

နောက်မှ သူ့လက်နှင့်ကိုင်ပြီး ပြန်တည့်လိုက်တော့မှ ပုံမှန်အတိုင်း မျက်နှာက ရှေ့ဘက်ပြန်ရောက်လာသည်။

ပထမတော့ မိမိအရက်မူးနေသဖြင့် မြင်မိမြင်ရာမြင်နေသည်ဟု ထင်သော်လည်း မြင်ကွင်းက ရှင်းရှင်းလင်းလင်းပင် မြင်နေရခြင်း ဖြစ်လေသည်။

"ဟင်. . နင်. . နင်"

"ဘာလည်း ကြောက်နေပြီလား၊ ငါ နင့်ကို ချက်ချင်း မသတ်သေးပါဘူး"

"နင် ဘယ်သူလဲ ဘာလိုချင်လို့လဲ"

ဟု ပြောပြောဆိုဆိုနှင့် နံရံတွင် ချိတ်ထားသော သေနတ်ကိုဖြုတ်ပြီး ထိုအမျိုးသမီးကို ချိန်လိုက်သည်။

ထိုသို့ချိန်သော်လည်း ကြောက်လန့်ဟန်မရှိပဲ ရှေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပင် တိုးလာလေသည်။

မထူးတော့ပြီမို့ ဦးနေဒွန်းက သေနတ်ဖြင့် ချိန်ကာပစ်လေသည်။

"ချောက်. . ချောက်"

ကျည်ဆံကမထွက်ပဲ တချောက်ချောက်နှင့်သာ အသံထွက်နေသဖြင့် ပိုပြီးထိတ်လန့်သွားလေသည်။

"နင် အားကိုးတဲ့ လက်နက်က ငါ့ကို ဒုက္ခမပေး နိုင်ပါဘူး၊ နင့်ကို မေးစရာရှိလို့ လာတာပါ။ အပြစ်မရှိတဲ့လူတွေကို ဘာကြောင့် ဒုက္ခပေးတာလဲ"

ထိုသို့မေးသော်လည်း ဘာမှပြန်မပြောသာပဲ မျက်လုံးအပြူးသားနှင့် ကြည့်နေလေသည်။

"နင် သူတို့ကို ဒုက္ခပေးတာ ငါပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေ လိုချင်လို့မဟုတ်လား"

"နင် ဘယ်သူလဲ"

"ငါ့နာမည်က မြလေးနွယ်လို့ခေါ်တယ်၊ ဘောဂဗလ သူဌေးကြီးရဲ့သမီးပဲ"

ထိုစကားကြားတော့မှ သဘောပေါက်သွားလေတော့သည်။ မြလေးနွယ်က ဆက်ပြောသည်။

"နင်တို့လိုချင်တဲ့ ဥစ္စာတွေက ငါတို့ မပိုင်တော့ဘူး၊ အားလုံး မြတ်စွာဘုရားကို ရည်စူးပြီး လှူဒါန်းထားပြီးပြီ၊ ဒါပေမယ့် လိုချင်လို့ ယူမယ်ဆိုရင်တော့ ငါကိုယ်တိုင် သိုက်ထဲကို





ခေါ်သွားမယ်"

"နင် တကယ်ပြောတာလား"

"ငါတို့က ဘယ်တော့မှ မမှန်တဲ့စကားကို မပြောဘူး၊ ဒါပေမယ့် အပြစ်မရှိတဲ့သူတွေကိုတော့ နင် ပြန်လွှတ်ပေးရမယ်၊ ဒီလိုမှ မလွှတ်ပေးဘူးဆိုရင် နင်တို့ကို တစ်ယောက်ပြီး တစ်ယောက် သတ်ပစ်မယ်"

ဟု ပြောနေစဉ်မှာ နောက်ထပ်တစ်ယောက် ဝင်လာပြန်သည်။

ကြောက်စရာကောင်းလှသည့် ဘီလူးမျက်နှာနှင့် လူမည်းကြီးပင်ဖြစ်သည်။

ဝင်လာသည်နှင့် ဦးနေဒွန်းကို လက်ညှိုးထိုးပြသည်။

"ဟင်း. . ဟင်း"

"နေဦး မသတ်နဲ့ဦး သူ့တို့ဘက်က ကတိဖျက်တော့မှ သတ်မယ်"

ထိုသို့ ပြောသော်လည်း မသတ်ရသဖြင့် လူမည်းကြီးမှာ တဟင်းဟင်း၊ တဟဲဟဲနှင့် အံတကြိတ်ကြိတ် ဖြစ်နေလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ ဦးနေဒွန်းမှာ သောက်ထားသော အရက်ကြောင့် မူးနေသော အရှိန်ကလေး ပြယ်သွားကာ နှစ်လုံးပြူးသေနတ်ကြီး ကျစ်ကျစ်ပါအောင် ကိုင်ထားရင်း ကြောက်ဒူးတုန်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလည်း နင်တို့ လိုချင်တဲ့ ရွှေငွေရတနာတွေ ရှိတဲ့နေရာကို ငါပြပေးမယ်၊ ယူတာကတော့ နင်တို့ဖာသာယူပေါ့၊ ဘာကြောင့်လည်းဆိုတော့ ဘုရားကို လှူထားပြီးဖြစ်လို့ ငါတို့မှာ ပေးပိုင်ခွင့်မရှိဘူး။ ရှိတဲ့နေရာကို ပြပေးမယ်၊ ငါတို့ လူနှစ်ယောက်ကို လွှတ်ပေးရမယ်. . "

ထိုစကားကြားတော့ ကြောက်ကြောက်လန့်လန့်နှင့် ခေါင်းညိတ်ပြလိုက်သည်။

သို့သော်လည်း မိန်းမပျိုအနီးတွင် ရပ်နေသော လူမည်းကြီးက ဦးနေဒွန်းကို မသတ်ရသေးသောကြောင့် မကျေမနပ်ဖြစ်ကာ မျက်လုံးပြူးပြလိုက် အံကြိတ်ပြလိုက်နှင့် ပြုလုပ်နေသေးသည်။

နောက်တော့ မြလေးနွယ်က ထိုလူမည်းကြီးကိုပါ ခေါ်၍ အပြင်ဘက်သို့ ပြန်ထွက်သွားလေသည်။ သူမ ထွက်သွားသည်နှင့် ပွင့်နေသော တံခါးချပ်မှာလည်း သူ့အလိုအလျောက် ပြန်ပိတ်သွားလေတော့သည်။

ထိုအခါမှပင် ဦးနေဒွန်းမှာ သက်ပြင်းချနိုင်တော့သည်။ နောက်တစ်နေ့နံနက်ပိုင်း ရုံးဖွင့်ချိန်ရောက်သည်နှင့် ဦးနေဒွန်းတစ်ယောက် အင်းဝဂါတ်တဲသို့ ရောက်လာလေသည်။ ထိုသို့ရောက်လာပြီးနောက် ဌာနအုပ် ဦးဘဇံနှင့် တွေ့၍ အကျိုးအကြောင်း ပြောပြကာ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ယောက်ကို လွှတ်ပေးရန် စီစဉ်ရလေ





သည်။

"ဘယ်လိုဖြစ်တာလည်း သူကြီးမင်းရဲ့ ဖမ်းထားတဲ့ သူတွေကို အမှုတောင် မဖွင့်ရသေးဘူး၊ ဘာကြောင့် ချက်ချင်းကြီး ပြန်လွှတ်ချင်ရတာလဲ"

"ညက သူတို့နဲ့ သက်ဆိုင်တဲ့သူတွေလာပြီး သိချင်တာတွေ ပြောပြသွားလို့ပါ"

ဦးနေဒွန်းက ထိုမျှလောက်သာပဲ ပြောပြနိုင်သည်။

"ပြောတော့လည်း ပြောတာပေါ့ဗျာ၊ မြို့ပိုင်မင်းအမိန့်နဲ့ ဖမ်းထားတာပဲ၊ ဘယ်အချိန်မှ ပြန်လွှတ်လွှတ်၊ ပြဿနာမရှိပါဘူး၊ ခင်ဗျားလည်း သူကြီးလုပ်လာတာ ကြာမှပဲ၊ တရားခံဆိုတာ ကြာကြာဖမ်းထားနိုင်လေ၊ ကိုယ့်အတွက် အကျိုးရှိလေဆိုတာ မသိဘူးလား"

"သိပါတယ်ဗျာ၊ ဒါပေမယ့် မလွှဲသာလို့သာ လွှတ်ပေးရတာပါ၊ ဌာနအုပ်မင်းကို အလုပ်ရှုပ်အောင် လုပ်ခဲ့တဲ့အတွက် တောင်းပန်ပါတယ်၊ ဒီအတွက်လည်း မနစ်နာစေရပါဘူး"

ထိုသို့ပြောပြီး လွယ်အိတ်ထဲတွင် အသင့်ထည့်လာသော ရွှေဒင်္ဂါးတပြားနှင့် အကောင်းစား အရက်ပုလင်းတစ်ပုလင်းကို ထုတ်ပေးလိုက်တော့မှ များစွာကျေနပ်သော အမူအယာ ဖြစ်သွားကာ အပြင်မှာရှိနေသော ပုလိပ်နှစ်ယောက်ကိုခေါ်ကာ ဦးဗန်ကောင်းနှင့် ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်တို့ကို ခေါ်ခဲ့ရန် အမိန့်ပေးလိုက်လေသည်။

ပုလိပ်နှစ်ယောက်က ခေါ်သဖြင့် အချုပ်ခန်းထဲမှ ပြန်ထွက်ရန် ပြင်သောအခါ ခြေရောလက်ပါ မလှုပ်နိုင်ပဲ ပါးစပ်ပါရွဲ့နေသော တန်းစီးက ဝူးဝူးဝါးဝါး မပီမသနှင့် လှမ်းပြောနေသဖြင့် ဦးဇန်ကောင်းက ၎င်းရှိရာသို့ လှမ်းကာ ရှောက်သွားလေသည်။ ထိုလူက အသနားခံသော အကြည့်မျိုးဖြင့် ကြည့်ကာ ဝူးဝူးဝါးဝါး တောင်းပန်နေဟန်ရှိလေသည်။

"အေးလေ မင်းက တရားလွန်လွန်းလို့သာ ဆုံးမရပေမယ့် ငါကလည်း ဝင့်ကြွားပါတဲ့အလုပ်မျိုး မလုပ်ချင်ပါဘူး၊ မင်း တစ်သက်လုံး မှတ်ထားဖို့က မကောင်းတာ လုပ်ခဲ့မိလို့ အခု အချုပ်ခန်းထဲ ရောက်နေရတယ်၊ ဒီထဲရောက်နေတာ တောင် မကောင်းတာထပ်လုပ်ရင်တော့ ထောင်အပြင် တန်းမရှိဘူး ဆိုပေမယ့် ထောင်အပြင် ငရဲခန်းရှိတယ်ဆိုတာတော့ သတိမမေ့လေနဲ့"

ဟု ပြောဆိုဆုံးမပြီး ပိတ်ထားသော အကြောများကို ပြန်ဖွင့်ပေးလိုက်တော့မှ ခြေရောလက်ပါ ပြန်လှုပ်ရှားလာနိုင်ပြီး ပါးစပ်ပါ ပြန်တည့်သွားလေတော့သည်။

ထိုကဲ့သို့ ပြန်လှုပ်နိုင်သည်နှင့် တန်းစီးလူမိုက်ကြီးက ဦးဇန်ကောင်းခြေထောက်ကို နဖူးဖြင့်တိုက်ကာ ကန်တော့ရင်း တောင်းပန်လေသည်။

"ဆရာကြီးကို မလေးမစား စော်ကားမိတဲ့အတွက်





ကျုပ်ရတောင်းပန်ပါတယ်ဗျာ၊ ဒီအပြစ်ကလွတ်လို့ အပြင်ရောက်ရင်လည်း ဘယ်တော့မှ မကောင်းတာ ထပ်မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်ဗျာ"

"သာဓု . သာဓု . သာဓု"

ထို့နောက် နှစ်ယောက်သား အချုပ်တွင်းမှ ထွက်ခဲ့ကြသည်။

ဂိတ်တဲတွင် လက်မှတ်ထိုးပြီး အပြင်သို့ ထွက်လာသောအချိန်မှာတော့ လူအချို့ လာစောင့်နေသည်ကို တွေ့ကြရသည်။ အခြားသူများ မဟုတ်ကြပေ။

ဦးသက္ကဋ္ဌ၊ မြသင်းကြူ ကျော်စွာနှင့် ၎င်းတို့အဖွဲ့သားများ ဖြစ်ကြသည်။ ဒေါက်တာမင်းထင်ကျော်တို့ ထွက်လာသည်ကို တွေ့မြင်တော့ အားလုံးပျော်ရွှင်နေကြသည်။

သူတို့လွတ်မည့်အချိန်ကို ဘယ်လိုသိကြပြီး ဘာကြောင့် ယခုလို အချိန်ကိုက် လာကြိုနေသည်ကိုတော့ မေးရန်မလိုတော့ပါချေ။

လာရောက်ကြိုနေသူများအားလုံး ပြုံးနေကြပြီး ထိုအထဲမှာတော့ မြသင်းကြူအပြုံးကတော့ အတောက်ပဆုံး ဖြစ်နေလေတော့သည်။



www.burmeseclassic.com



www.burmeseclassic.com





အခန်း (၁၃)

# ရုပ်ကြွင်းခန္ဓာနှင့် ချစ်ခြင်းမေတ္တာ

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ မဟာဇောမိဘုရားကုန်းသို့ ပြန်ရောက်လာသောအခါ အားလုံးဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ရပ်ထားသောအလုပ်များကို ပြန်ဆက်လုပ်ကြလေသည်။

မနော်ရမ္မာရွာမှ ဦးသက္ကခေါ်လာသော အုတ်ဖုတ်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပေးသည့် သူများကလည်း အုတ်ဖိုကြီးများကို မီးမပြတ်စေပဲ နေ့ရောညပါ အလုပ်လုပ်ပေးကြသဖြင့် လိုအပ်သောအုတ်များလည်း လုံလောက်စွာ ရထားကြပြီဖြစ်၏။ ထို့ပြင် လိုအပ်သော အခြားပစ္စည်းများကိုလည်း အင်းဝဘက်မှ သွားရောက်ဝယ်ယူထားကြပြီးဖြစ်ရာ လုပ်ငန်းစတင်ရန်သာ ရှိပေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့ ပြန်ရောက်လာပြီး လူစုံတော့ ညအချိန်တွင် သူဌေးကြီး ဘောဂဗလ ရောက်လာပြီး စာရွက်ပေါ်တွင် ရေးဆွဲထားသော စေတီတော်ပုံကို ပြလေသည်။

"ဒီစေတီတော်က ကျုပ် မူလတည်ထားခဲ့တဲ့ မဟာဗောဓိစေတီတော်ရဲ့ ပုံစံဟောင်းပဲ ဖြစ်ပါတယ်၊ အခု ပြန်တည်တဲ့အခါ ဒီစေတီတော်ပုံစံနဲ့တူအောင် တည်ပေးစေချင်ပါတယ်"

"ကောင်းပါပြီ တည်ပေးပါ့မယ်"

"စေတီတော် တည်တဲ့အခါ မောင်ဒီပလာပြီး လိုအပ်တာတွေ ပြောပြပေးပါလိမ့်မယ်၊ လိုတဲ့ကိစ္စတွေကိုလည်း သူကပဲ ဆောင်ရွက်ပေးပါလိမ့်မယ်"

"ကောင်းပါပြီ"

နောက်ပိုင်းမှာတော့ သူဌေးကြီး မှာကြားသည့်အတိုင်း မဟာဗောဓိစေတီဟောင်းကို စတင်ပြုပြင်တည်ကြလေ





သည်။

မောင်ဒီပက ညအချိန်များတွင် ရောက်လာပြီး ပြောဆိုပြသပေးလေသည်။

နေ့ဘက်အချိန်များမှာတော့ သူ့ကိုမတွေ့ရပေ။

စေတီဟောင်းကြီးမှာ လေဒဏ်၊ မိုးဒဏ်၊ လျှပ်ဒဏ်များကြောင့်သော်လည်းကောင်း၊ ဥစ္စာပစ္စည်း ရှာဖွေကြသော သိုက်တူးဆရာတို့ အကြိမ်ကြိမ် လာရောက်တူးဖော်ရှာဖွေကြသော ဒဏ်ရာဒဏ်ချက်တို့ကြောင့်သော်လည်းကောင်း အတော်ပင် ယိုယွင်းပျက်စီးနေလေသည်။

နံဘေးပတ်ဝန်းကျင်တစ်ဝိုက်တွင် အုတ်ခဲအကျိုးအကြေများနှင့်သာ ပြည့်နှက်နေသည်။

သို့သော်လည်း ထပ်မံတည်ကြသောအခါ မူလစေတီဟောင်းကြီးကို မဖြိုဖျက်ကြပဲ မူလပုံသဏ္ဌာန်အတိုင်း အပေါ်မှ ထပ်မံ၍ ငုံတည်ကြလေသည်။

ထိုသို့တည်ရာမှာ ဗိသုကာပညာရှင် မလိုပဲ အားလုံး မောင်ဒီပကပင် စီစဉ်ဆောင်ရွက်ပေးလေသည်။

ညဘက်တွင် သူရောက်လာပြီး လိုအပ်သည်များကို ပြောပြသွားလေသည်။ ဒေါက်တာမင်းထင်ကျော်တို့က မှတ်သားထားပြီး နောက်တစ်ရက်တွင် အလုပ်သမားများကို ခိုင်းကြရလေသည်။

ရက်အတော်ကြာသည်အထိ အတူတကွ တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



နေရသဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် မောင်ဒီပတို့မှာလည်း ခင်မင်ရင်းနှီးမှု ရှိလာကြလေသည်။

မြေအောက် ဥ္မာပနာတိုက်ကို ပြုပြင်ကြသောအခါ မောင်ဒီပက လျှို့ဝှက်စွာ ထပ်ဆင်ထားသော ယန္တယားများရှိသောနေရာကို ပြသပေးသည်။

"ဒီနေရာတွေကို မထိမိ မကိုင်မိဖို့ အလုပ်သမားတွေကို သတိပေးထားပါ။ တကယ်လို့ ထိမိရင် အသက်ဆုံးရှုံးကြရလိမ့်မယ်"

"ကောင်းပါပြီ"

ဒေါက်တာမင်းထင်ကျော်က ထိုနေရာကို အသေအချာ မှတ်သားထားရလေသည်။

"ခင်ဗျားကတော့ စိတ်ချယုံကြည်ရသူ ဖြစ်တဲ့အတွက် ဥ္မာပနာတိုက်မပိတ်ခင် ပြသင့်ပြထိုက်တာတွေကို လိုက်ပြပေးပါ့မယ်"

ဟု ပြောဆိုကာ ဒေါက်တာမင်းထင်ကျော်အား မဟာဗောဓိဘုရားအောက်ခြေရှိ ဥ္မာပနာတိုက်အတွင်းသို့ ခေါ်သွားလေသည်။

အချိန်က ညအချိန်ပင် ဖြစ်သော်လည်း ဥ္မာပနာတိုက်အတွင်းမှာတော့ အလင်းရောင်များ ရနေလေသည်။

ဘုရားဥ္မာပနာတိုက်ဟုသာ ဆိုရသော်လည်း အကယ်တမ်းမှာတော့ ရွှေငွေရတနာသိုက် တစ်ခုပင် ဖြစ်[illegible]





သည်။

အတွင်း၌ ရွှေငွေရတနာများအပြင် ရွှေသားအစစ်ဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်များ ရှိလေသည်။

ထိုဥ္မာပနာတိုက်ကိုတော့ ပြုပြင်ရန်မလိုပဲ နှစ်ပေါင်းကြာမြင့်သည်အထိ မူလအခြေအနေအတိုင်းပင် တွေ့မြင်ရလေသည်။

"ခင်ဗျားကို အံ့ဩစရာတစ်ခု ပြစရာ ရှိပါတယ်၊ ကျွန်တော့်နောက်က လိုက်ခဲ့ပါ"

ဟုခေါ်သဖြင့် ဒေါက်တာမင်းထင်ကျော်လည်း နောက်မှလိုက်သွားလေသည်။

မဟာဗောဓိ ဥ္မာပနာတိုက်အတွင်းရောက်တော့ လျှို့ဝှက်သော တံခါးတစ်ချပ်ကို ဖွင့်လိုက်ရာ မြေအောက်စကြံလမ်းတစ်ခုကို တွေ့ရလေသည်။

စကြံလမ်းမှာ အတော်ပင်ကျယ်ဝန်းပြီး လူတစ်ယောက် ကောင်းစွာသွားနိုင်လောက်သော အခြေအနေမျိုးရှိလေသည်။ ထိုလမ်းအတွင်း ရောက်တော့လည်း မီးမငြိမ်းသော ဆီမီးတိုင်များ ရှိနေသောကြောင့် အလင်းရောင်ကောင်းစွာရနေလေသည်။

မောင်ဒီပက ရှေ့မှဦးဆောင်ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း နောက်မှ မကြောက်မရွံ့ လိုက်သွားလေသည်။ စကြံလမ်းမှာ အတော်ပင် ရှည်လျားပြီး တွေ့



www.burmeseclassic.com

www.burmeseclassic.com



ကွေ့ကောက်ကောက် လျှောက်သွားရသော အနေအထားရှိသည်။

ထူးဆန်းသောအချက်မှာ ထိုဥမင်လိုဏ်ခေါင်းမှာ မည်သည့်အချိန်က ပြုလုပ်ထားမှန်း မသိရသော်လည်း ယခုတွေ့မြင်နေရသော အခြေအနေ ရောက်သည်အထိတော့ မပျက်မယွင်းကြွနေသေးပေ။

အတော်ကြာအောင် လျှောက်သွားပြီးသောအခါ ဥမင်လိုဏ်ခေါင်း ဆုံးသွားပြီး အခန်းကျယ်ကြီးတစ်ခုသို့ ရောက်သွားသည်။ ထိုအခန်းတွင်းမှာလည်း မီးရောင်များ ရှိနေလေသည်။ ထို့ပြင် အခန်းပေါက်ဝရောက်သောအခါ သင်းပျံ့သောရနံ့များလည်း ရလာလေသည်။

အခန်းပေါက်ဝရောက်တော့ ရှေ့မှသွားနေသော မောင်ဒီပက ချက်ချင်းမဝင်သေးပဲ ရပ်တံ့သွားလေသည်။

"ကျွန်တော်တစ်ယောက်တည်း ဝင်သွားရင် ဘာမှမဖြစ်နိုင်ပေမယ့် ခင်ဗျားပါလာတော့ သတိထားရတယ်"

ထိုသို့ပြောပြီး အခန်းတစ်နေရာသို့ လက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်တော့ ထိုအခန်းထဲမှာ သူတို့ချည်းမဟုတ်ပဲ လူအချို့ ရှိနေသည်။

ဓား၊ လှံ၊ လက်နက်များကိုင်ပြီး နေရာအနှံ့ သွားလာနေကြသည့် လူများပင် ဖြစ်ကြလေသည်။

အခန်းပေါက်ဝသို့ သူတို့ရောက်သွားသောအခါ ထို





အပေါက်ဝတွင် ရှိနေသော လူနှစ်ယောက်က ထိုးခုတ်တိုက်ရန် ဟန်ပြင်နေကြသည်။

အကယ်၍ မသိပဲဝင်လိုက်မိပါက အခန်းထဲမှာ ရှိနေသူများနှင့် မတွေ့မီ သူတို့နှစ်ယောက် လက်ချက်နှင့်တွေ့ပြီး အသက်သေရမည်မှာ မုချဖြစ်သည်။

ထိုနေရာရောက်တော့ မောင်ဒီပက ဂါထာမန္တာန်အချို့ကို ရွတ်ဆိုလိုက်သောအခါ လှုပ်ရှားနေကြသည့် ထိုလူများမှာ အသက်ဝိညာဉ်မရှိတော့သကဲ့သို့ ဖြစ်ကာ ငြိမ်သက်သွားကြလေသည်။ ထိုအခြေအနေရောက်မှ နှစ်ယောက်သား အတွင်းသို့ဝင်ကြလေသည်။

အတွင်းမှာတော့ ကျောက်စင်ပေါ်မှာ အစီအရီတင်ထားသော ကျောက်တလားကြီးလေးလုံး ရှိနေသည်။ အဖြူရောင် စကျင်ကျောက်ဖြင့် ပြုလုပ်ထားကာ ကနုတ်ပန်းများ ထုဆစ်ထားလေသည်။

"ဒီမှာ လာကြည့်ပါ"

ဟုပြောပြီး မောင်ဒီပက ထိပ်ဆုံးမှ ကျောက်တလားကြီးကို အဖုံးဖွင့်ပြသည်။

အတွင်းမှာတော့ အိပ်ပျော်နေသကဲ့သို့ ဖြစ်နေသော လူကြီးတစ်ယောက် ရှိနေသည်။ အင်းဝခေတ်က ဝတ်ဆင်သော အဝတ်အစားများ ဝတ်ဆင်ထားကာ သျှောင်ထုံး နှာခမ်းမွေးတို့ တင့်တယ်ခန့်ညားသော ရုပ်သွင်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က မြင်ဖူးသည့်အထင်နှင့် ကြည့်နေစဉ် မောင်ဒီပက ပြောပြသည်။

"ဒါက သူဌေးကြီး ဘောဂဗလ ဖြစ်ပါတယ်၊ နှစ်ပေါင်းလေးရာကျော်ကရှိခဲ့တဲ့ ရုပ်ခန္ဓာအတိုင်း မပျက်မစီးရအောင် စီရင်ထားတာပါ"

"ဟိုဘက်ကရော ဘယ်သူတွေများလဲ"

မောင်ဒီပက ပထမခေါင်းကိုပိတ်ပြီး ဒုတိယ ကျောက်တလားကို ဖွင့်ပြသည်။

ဒုတိယကျောက်တလားထဲမှာတော့ မြလေးနွယ်၏ ရုပ်ခန္ဓာ ရှိနေသည်။ အသက်(၂၅)နှစ်ကျော်က အခြေအနေအတိုင်းပင် ရှိသေးပြီး အိပ်ပျော်နေသကဲ့သို့ပင် ရှိလေသည်။

မြလေးနွယ်ကိုတော့ မကြာခဏ တွေ့ဖူးမြင်ဖူးနေသောကြောင့် ကောင်းစွာမှတ်မိပေသည်။

တတိယကျောက်တလားအတွင်းမှာတော့ ဦးရှိတော် ဦးဒိဗ္ဗအလောင်း ရှိနေပြီး စတုတ္ထကျောက်တလားအတွင်း၌ မောင်ဒီပ၏ ရုပ်ခန္ဓာရှိနေသည်။

၎င်းတို့၏ ရုပ်ခန္ဓာများမှာလည်း အိပ်ပျော်နေသကဲ့သို့ဖြစ်ကာ မပျက်မစီးပဲ ရှိနေကြသည်။

ကျောက်တလားအတွင်းမှာ မောင်ဒီပ ရုပ်ခန္ဓာက ရှိနေပြီး အပြင်ဘက် သူ့နံဘေးမှာလည်း မောင်ဒီပတစ်ယောက်က ရှိနေသဖြင့် နှစ်ကိုယ်ခွဲထားသကဲ့သို့ ဖြစ်နေလေ





သည်။

"ဒီရုပ်ခန္ဓာတွေက ဒီနေရာမှာ ရှိနေဖို့ ဘယ်သူစီစဉ်ပေးခဲ့တာလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ကျွန်တော်ပဲ စီစဉ်ပေးခဲ့တာပါ"

"ဒါထက် ခင်ဗျားက ဟိမဝန္တာဘက်ကို ထွက်သွားခဲ့တာ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဟိုရောက်တော့မှ မြလေးနွယ်ကို စိတ်မချလို့ တစ်ခေါက်ပြန်လာခဲ့တာပါ၊ ဒါပေမယ့် ကျွန်တော် ပြန်ရောက်လာတော့ သူ မရှိတော့ပါဘူး"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစွာဖြင့် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဒါကြောင့်. . သူတို့အလောင်းတွေကို အခုလို. . ကျောက်တလားထဲမှာထည့်ပြီး နှစ်ပေါင်းများစွာ မပျက်မစီးရလေအောင် စီစဉ်ပေးခဲ့တာပါ"

"ဒါကတော့ ဟုတ်ပါပြီ၊ ခင်ဗျားရဲ့ ရုပ်ခန္ဓာကျတော့ ဘယ်သူက စီစဉ်ပေးခဲ့တာလဲ"

"ကျွန်တော်ကိုယ်တိုင်ပဲ စီစဉ်ခဲ့တာပါ"

"ဘယ်လိုများ စီစဉ်ခဲ့တာလဲ"

"သူတို့သုံးယောက်ရဲ့ အလောင်းတွေကို အခုလို စီစဉ်ပြီးတာနဲ့ ကျွန်တော်ကိုယ်တိုင် ကျောက်တလားအတွင်းဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဖုံးကို ပိတ်ချခဲ့တာပါ။ ဒီအဖုံးဂျက်တွေက ပိတ်သွားပြီးရင် အတွင်းက ဖွင့်လို့မရပါဘူး၊ အပြင်က ဖွင့်ပေးမှပဲ ရတာပါ"

ထိုသို့ ရှင်းပြတော့မှ သဘောပေါက်သွားလေသည်။

"ခင်ဗျားတို့ရဲ့ အဖြစ်ဆိုးတွေအကြောင်းကို ကြားရတာ စိတ်မကောင်းပါဘူး၊ ဒါပေမယ့် စပ်စုတယ်လို့ မထင်ပါနဲ့ တစ်ခုတော့ သိချင်တာရှိပါတယ်"

"မေးပါ"

"တခြားတော့ မဟုတ်ပါဘူး၊ ခင်ဗျားနဲ့မြလေးနွယ်တို့က လူ့ဘဝမှာ မပေါင်းခဲ့ကြရဘူး၊ အခု ဒီဘဝရောက်တော့ ပေါင်းသင်းခွင့် ရကြပြီလား"

မောင်ဒီပက စိတ်မကောင်းသော မျက်နှာအမူအယာဖြင့် ခေါင်းခါပြသည်။

"မရကြပါဘူး၊ အခုတော့ မောင်နှမလိုသဘောပဲရှိပါတော့တယ်၊ အရင်က ရှိခဲ့ဖူးတဲ့ ချစ်ခြင်းမေတ္တာတွေက ကျောက်တလားထဲမှာရောက်နေတဲ့ ရုပ်ကြွင်းတွေဆီမှာပဲ ရှိတော့တယ် ထင်ပါတယ်"

"ဘယ်လိုကြောင့် အခုလို ဖြစ်သွားကြတာလည်းဗျာ"

"ချစ်ခြင်းမေတ္တာဆိုတာ အသည်းနှလုံးနဲ့ ပတ်သက်တယ်ဆိုပေမယ့် ရုပ်ခန္ဓာနဲ့လည်း သက်ဆိုင်မှုရှိမယ် ထင်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးရာကျော်လောက်က တစ်ဘဝ





က အသုံးပြုခွင့်ရခဲ့တဲ့ ခန္ဓာကိုယ်နဲ့ သက်ဆိုင်တဲ့ ချစ်ခြင်းမေတ္တာတွေဟာ ခန္ဓာကိုယ် သေဆုံးသွားခဲ့ပြီးတဲ့နောက်မှာ လျော့ပါးပျောက်ကွယ်သွားခဲ့တယ် ထင်ပါရဲ့ဗျာ၊ အခုတော့ သူရောကျွန်တော်ပါ သိုက်ကြီးအတွင်းမှာ အတူတူနေကြရပေမယ့် မောင်လိုနှမလို စိတ်မျိုးပဲ ရှိကြပါတော့တယ်"

"အေးဗျာ ခင်ဗျားတို့အဖြစ်ကလည်း အတူတူနေခွင့်ရပြီး မြင်နေရပေမယ့် မကြင်ရတဲ့ ဘဝမျိုးတွေပါလား"

မောင်ဒီပက ဘာမှမပြောတော့ပဲ ကျောက်တလားကြီးများကို နေသားတကျ ပြန်ပိတ်လိုက်ပြီးနောက် အခန်းအပြင်ဘက်သို့ ပြန်ထွက်ရာ ဒေါက်တာမင်းထင်ကျော်ကပါ နောက်ကလိုက်သွားလေသည်။

နှစ်ယောက်စလုံး အခန်းအပြင် ပြန်ရောက်တော့မှ မောင်ဒီပက ဂါထာမန္တာန်အချို့ကို ရွတ်ဆိုလိုက်ရာ စောစောက ငြိမ်သက်နေသူများမှာ အသက်ပြန်ဝင်လာပြီး မူလအတိုင်း သွားလာနေကြလေသည်။

"အဲဒါ ဘယ်လိုဂါထာမျိုး ခေါ်ပါသလဲ"

"ဘူတဝါဟနမန္တာန်လို့ ခေါ်ပါတယ်၊ အသက်ရှိနေတဲ့ သူတွေကို အသက်ဝိညာဉ်ကင်းမဲ့အောင် ပြုလုပ်လို့ရသလို အသက်မဲ့နေတဲ့ သတ္တဝါတွေကိုလည်း အသက်ရှင်လာအောင် ပြုလုပ်ပေးလို့ရပါတယ်၊ ဒီပညာတွေက ရှေးနှစ်ပေါင်းများစွာကတည်းက ရှိခဲ့တာပါ။ ကျွန်တော်တို့ ဘိုးဘွားအစဉ်



www.burmeseclassic.com

www.burmeseclassic.com



အဆက်ကတည်းက ရူပဝါဟနပညာ. . ရုပ်ကိုပြုပြင်ခြင်း၊ ဘူတဝါဟနပညာ. . အသက်ဝိညာဉ်ကို ပြုပြင်ခြင်း၊ စက္ကောမ အတတ်ပညာ. . စက်ယန္တယားတွေကို အသက်သွင်းနိုင်တဲ့ အတတ်ပညာတွေ တတ်ခဲ့ကြပါတယ်”

“ပါဋလိပုတ်ပြည်ကနေ ခေါမတိုင်းပြည်ကိုသွားပြီး စက္ကောမပညာ သွားသင်ခဲ့တာ ခင်ဗျားတို့ရဲ့ ဆွေစဉ်မျိုးဆက် ဘိုးဘွားတွေ မဟုတ်လား”

“မှန်ပါတယ်၊ သားတစ်ယောက်ရမှ ပြန်ပြေးလာလို့ စက်ရုပ်တွေလက်ချက်နဲ့ သေခဲ့ရတာ ဘေးတော်ဖြစ်ပါတယ်၊ အသောကမင်းကြီးလက်ထက်မှာ ခတ်တော်တိုက်က ယန္တယားတွေကို ဖျက်ဆီးပေးခဲ့တဲ့ စက္ကောမပညာရှင်က အဘိုးတော်ပါတယ်”

“သူလည်း ခေါမတိုင်းပြည်က ပို့လိုက်တဲ့ သေတ္တာကို ဖွင့်ပေးမိလို့ ယန္တယားစက်ရုပ်လက်ချက်နဲ့ သေခဲ့ရတာ မဟုတ်လား”

“မှန်ပါတယ်၊ ဘာမှ မသိနားမလည်ပဲ ပညာရှိအမတ်ဘွဲ့ခံပြီး မင်းအနားမှာ ‘မင်းလိုလိုက် မင်းကြိုက်ဆောင်နေတဲ့ သူတွေကြောင့် သေရတယ်ဆိုရင် ပိုပြီးမှန်မယ် ထင်ပါတယ်၊ အဲဒီနောက်ပိုင်းတော့ ဒီပညာတတ်တဲ့သူတွေဟာ ဘုရင်ထံမှာ အမှုမထမ်းဝံ့တော့ပဲ လျှို့ဝှက်စွာ နေခဲ့ကြတာ အခုချိန်အထိ ဆိုပါတော့”





“မှန်ပါတယ်၊ အသောကမင်းကြီးလက်ထက်မှာ သေခဲ့ရတဲ့ ယန္တယားဆရာဟာ နောက်ဆုံးဖြစ်မယ်ထင်ပါတယ်၊ သူ့ကိုသတ်ဖို့လာမှန်း သိပါရက်နဲ့ ဘုရင့်အမိန့်ကြောင့် ဖွင့်လို့ သေခဲ့ရတာ နှမြောဖို့ ကောင်းလှတယ်၊ ဒါထက် ခင်ဗျားသေဆုံး သွားခဲ့တဲ့နောက်ပိုင်းမှာ ဒီပညာတတ်တဲ့သူတွေ ကျန်ခဲ့သေးသလား”

“မကျန်ခဲ့တော့ပါဘူး၊ ဒီပညာတတ်တာဲ ကျွန်တော်က နောက်ဆုံးမျိုးဆက်ပါပဲ၊ ကျွန်တော် မရှိတော့တဲ့ နောက်ပိုင်းမှာ ဘယ်သူမှ မရှိကြတော့ပါဘူး”

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“ကျွန်တော့်ဘဝက သေသွားခဲ့တဲ့ ရုပ်ခန္ဓာနဲ့အတူ စက္ကောမပညာတွေ ပါသွားသလို ရုပ်ကြွင်းခန္ဓာနဲ့အတူ ချစ်ခြင်းမေတ္တာတွေပါ ပါသွားခဲ့ပြီ ထင်ပါရဲ့ဗျာ”

ဟု ဝမ်းနည်းသံ စွက်နေသော စကားများကို ပြောဆိုပြီး ဥမင်လိုဏ်ခေါင်းအတွင်းမှ ပြန်ထွက်လာကြလေသည်။ အပြင်ဘက်ရောက်တော့ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁၄)

# မစ္ဆရိယက၏ ဒဏ်ပြန်ခံရခြင်း

**တစ်**နေ့သ၌ အင်းဝမြို့မှာရှိသော ရွှေငွေရတနာ ရောင်းဝယ်ခြင်းအလုပ်ဖြင့် ကြီးပွားချမ်းသာနေသော ဦးထွန်းဆိုင်နေအိမ်သို့ အဘိုးကြီးတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ မြင်းလှည်းဖြင့် ရောက်လာကြလေသည်။

ဦးထွန်းဆိုင်မှာ မြို့မျက်နှာဖုံးတစ်ဦး ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လူစည်ကားသော အရပ်တွင် အိမ်ကြီးအိမ်ကောင်းဖြင့် နေထိုင်သူတစ်ဦးဖြစ်သည်။

နှစ်ဆောင်ပြိုင်အိမ်ကြီးတွင် တစ်ခန်းက ရွှေအရောင်းအဝယ် ပြုလုပ်သောဆိုင်ဖွင့်ထားပြီး ခြေရင်းဘက်အခန်းမှာတော့ ရွှေပန်းတိမ် ပြုလုပ်ထားသည်။ အင်းဝ၊ အမရပူရမှာရှိသော အကောင်းဆုံး ပန်းတိမ်ဆရာတို့ကို ခေါ်ယူစေခိုင်းသဖြင့် လက်ရာကောင်းသည်ဟု နာမည်ရှိပေရာ စိန်ရွှေလက်ဝတ်ရတနာများ အများဆုံး ရောင်းချရသောဆိုင်ဖြစ်သည်။

ထို့ပြင် ဦးထွန်းဆိုင်က စီးပွားရေး လာဘ်မြင်သူတစ်ဦးဖြစ်ပေရာ ပြင်ပမှ လာရောက်ရောင်းချသော ရွှေငွေများကို ဈေးချိုချိုဖြင့် ဝယ်ယူပြီး အချို့ကို လက်ဝတ်ရတနာများ ပြုလုပ်ကာ ရောင်းချသည်။

များလျှင် အမရပူရ၊ မန္တလေးမြို့များမှာ ရှိကြသည့် ရွှေဆိုင်များ၊ ရွှေအရောင်းအဝယ် ပြုလုပ်နေသောသူထံ သွားရောက်ရောင်းချကာ အမြတ်ယူလေသည်။

ဤနည်းဖြင့် ဦးထွန်းဆိုင်မှာ အင်းဝနယ်တကြောတွင် အချမ်းသာဆုံး စာရင်းဝင်တစ်ဦး ဖြစ်နေပေတော့သည်။

တလောကလည်း မနော်ရမ္မာဘက်မှ လူနှစ်ယောက် (ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်း)လာရောက်ရောင်းချသည့် ရှေးဟောင်းပစ္စည်း အမျိုးအစားဝင် ရွှေဒင်္ဂါးနှင့်





ငွေဒင်္ဂါးတို့ကို ဈေးပေါပေါနှင့် ရထားလိုက်သေးသည်။

ယခုလည်း နံနက်ပိုင်း ဆိုင်ဖွင့်စ အချိန်လောက်မှာ ပင် မြင်းလှည်းဖြင့် အဘိုးကြီးတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက်တို့ ရောက်လာကြသည်။ အဘိုးကြီးမှာ အသက် (၆၀)ကျော်ခန့်ရှိပြီး အတော်အတန်ကြီးသော လွယ်အိတ် ဟောင်းကြီးတစ်လုံးကိုလွယ်ထားပြီး အတူပါလာသော အမျိုးသမီးမှာ အသက်(၂၀)ကျော်လောက်သာ ရှိပေသေးသည်။

၎င်းတို့ ဝင်လာသော အချိန်တွင် ဦးထွန်းဆိုင်၏သား နှင့်သမီးက ရွှေထည်ပစ္စည်းများ စီနေကြပြီး နောက်ဘက်တွင် ထိုင်နေသည့် ဦးထွန်းဆိုင်က လက်ဘက်ရည် သောက်နေ လေသည်။

"ဘာကိစ္စရှိကြလို့ပါပဲ"

"ရွှေကုန်သည်ကြီး ဦးထွန်းဆိုင်ရဲ့နေအိမ် ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ ဦးထွန်းဆိုင်ဆိုတာ ကျုပ်ပါပဲ"

"ကျုပ်တို့က နယ်ဘက်က လာကြတာပါဗျာ၊ တခြားတော့မဟုတ်ပါဘူး၊ ဘိုးဘွားအမွေအနှစ် ကျန်ခဲ့တဲ့ ပစ္စည်းဟောင်းလေးတွေ ထုခွဲရောင်းချချင်လို့ပါ"

ထိုစကားကြားတော့ မျက်စိရှေ့မှောက်ရောက်လာသောသားကောင်ကို ကျားတစ်ကောင်ကြည့်သော အကြည့်မျိုးဖြင့် ကြည့်လိုက်ပြီး နေရာထိုင်ခင်း ပေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြပါ. . ထိုင်ကြပါ. . ၊ အမဲမောပြေ ကွမ်းဆေး လက်ဘက်များလည်း သုံးဆောင်ကြပါဦး"

ဟု ပြောဆိုပြီး နေရာထိုင်ခင်းပေးသောကြောင့် ဧည့်သည်နှစ်ယောက်က မဝံ့မရဲ အမူအယာဖြင့် ဝင်ရောက်ထိုင်ကြလေသည်။

"ခင်ဗျားတို့ ပါလာတဲ့ပစ္စည်းဆိုတာ တဆိတ်လောက် ကြည့်ပါရစေ"

ဦးထွန်းဆိုင်က ကွမ်းအစ်ကို ရှေ့သို့တိုးပေးလိုက်ရင်း ပြောသဖြင့် အဘိုးကြီးက ၎င်းလွယ်ထားသော အထုပ်ကြီးအတွင်းမှ ပါလာသော ပစ္စည်းများကို ထုတ်ယူပြီး ဦးထွန်းဆိုင် ရှေ့သို့ ချပေးလိုက်လေသည်။

ပစ္စည်းများမှာ ရွှေမန်ကျည်းတောင့်များဖြစ်ပြီး အရေအတွက် မနည်းလှပေ။ ထို့ပြင် ပတ္တမြားဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာတစ်စုံလည်း ပါလာလေသည်။

ပတ္တမြားလည်ဆွဲ၊ နားဋောင်း၊ ဆံထိုး၊ လက်ဝတ်တန်ဆာတို့ပင် ဖြစ်သည်။

ဦးထွန်းဆိုင်က ပတ္တမြားလည်ဆွဲကို ကောက်ယူပြီး နေရောင်ဖြင့် ထောင်ကြည့်လေသည်။ နေရောင်ခြည်နှင့် ထိသည်နှင့် အခန်းထဲမှာ အနီရောင် ဖြာသွားလေသည်။

ဦးထွန်းဆိုင်မှာ ထိုမျှတန်ဖိုးကြီးသော ပတ္တမြားလည်ဆွဲမျိုး မမြင်ဖူး မတွေ့ဖူးသေးသောကြောင့် စိတ်လှုပ်ရှားကာ





လက်များပင် မသိမသာ တုန်နေလေသည်။

အခြားပစ္စည်းများမှာလည်း ပတ္တမြားအရောင်အသွေးများက ဝင်းလက်တောက်ပနေလေသည်။

ချထားသော ရွှေမန်ကျည်းတောင့်များမှာလည်း အတော်ပင်များသည်။ တစ်ဉကို တစ်ကျပ်သားခန့်ရှိပြီး လေးငါးဆယ်လောက် ရှိပေလိမ့်မည်။

ဦးထွန်းဆိုင်က တစ်ဖက်ခန်းမှာရှိသော ပန်းတိမ်ဆရာတို့ကိုခေါ်ကာ ရွှေမန်ကျည်းတောင့်များကို စစ်ဆေးစေသည်။

ပန်းတိမ်ဆရာတို့က ရွှေမန်ကျည်းတောင့်များအား မှတ်ကျောက်တင်ခြင်း၊ ငရဲမီးဖြင့် တို့ထိစမ်းသပ်ခြင်းများ ပြုလုပ်ကြရာ အတန်ကြာတော့ အားလုံး ရွှေသားအစစ်များဖြစ်ကြောင်း ဝန်ခံပြောဆိုကြလေသည်။

"ဒီလက်ဝတ်တန်ဆာတွေက ဘယ်ကရတာလဲ"

"ဘိုးဘွားအဆက်ဆက်က ပိုင်ခဲ့တဲ့ပစ္စည်းတွေ ဖြစ်ပါတယ်၊ မျိုးရိုးအစဉ်အဆက်တွေထဲမှာ အင်းဝနန်းတွင်းမှာ အမှုထမ်းခဲ့တဲ့ လူတွေပါပါတယ်"

ထိုသို့ပြောပြတော့မှ သဘောပေါက်သွားလေသည်။

"ဘာကြောင့် ရောင်းတာလဲ"

"ဘုရားတည်ချင်လို့ ရောင်းတာပါ"

"ဒါထက် မေးပါရစေဦး၊ ဘယ်လောက်ရမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကော မှန်းထားကြသလဲ"

"ကျုပ်တို့ကတော့ ဒီအကြောင်းတွေကို ဘာမှ နားမလည်ကြပါဘူး သူဌေးမင်းရယ်၊ သင့်တော်သလောက်သာ ဈေးဖြတ်ပေးပါ။ ဝယ်မယ်ဆိုရင်တောင် ကျုပ်တို့က ကျေးဇူးတင်ကြမှာပါ"

ထိုသို့ပြောသဖြင့် ဦးထွန်းဆိုင်က လက်ဝတ်ရတနာများနှင့် ရွှေမန်ကျည်းတောင့်များကို သင့်တော်သည့် ဈေးဖြတ်ပြီး ဝယ်ယူထားလိုက်သည်။

ဈေးနှိမ်ပြီး ဝယ်သည်ဆိုစေကာမူ ရွှေထည်များ ရောင်းချထားသော ငွေများအပြင် စုဆောင်းထားသော ငွေအားလုံးကိုပါ ထည့်ပေးလိုက်ရလေသည်။

ဦးထွန်းဆိုင်စိတ်ထဲမှာတော့ ပတ္တမြားဖြင့် မြုလုပ်ထားသော လက်ဝတ်ရတနာများကို လက်ခံဈေးလောက်ဖြင့် ဈေးဖြတ်ပြီး ဝယ်ယူလိုက်ရသဖြင့် စိတ်ထဲ၌ အကျေနပ်ကြီး ကျေနပ်နေမိသည်။

အရောင်းအဝယ်ပြီးသောအခါ အဘိုးကြီးနှင့် မိန်းကလေးတို့က ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောရင်းနှင့်. .

"အခုလို ဝယ်ယူပေးတာ ကျေးဇူးတင်ပါဟယ်ဗျာ၊ ဘုရားတည်တဲ့ ကိစ္စကိုလည်း သူဌေးမင်းရဲ့ အလှူဒါနတစ်ခုလို့ပဲ သဘောထားပါ့မယ်"

ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားကြလေသည်။





ထိုအခါမှ မနီးမဝေး၌ အခြေအနေကြည့်နေသော မိန်းမဖြစ်သူ ဒေါ်စိန်ရင်က ဝင်ပြောသည်။

"ဒီလောက် အရည်အသွေးကောင်းတဲ့ ပတ္တမြားတွေ ရလိုက်တာ ဟန်ကျတာပဲ"

"အေး. . ဟင်း. . ဟင်း"

ဦးထွန်းဆိုင်က ကွမ်းပလုတ်ပလောင်းဝါးရင်း တဟင်းဟင်းနှင့် သဘောကျနေလေသည်။

"ဒါပေမယ့် ရှင်ဖြတ်ပေးလိုက်တဲ့ဈေးက ပတ္တမြား အသာထားပါဦး၊ ရွှေတန်ဖိုးတောင်မှ မရှိလောက်ဘူး"

"မင်းမသိပါဘူးကွာ"

"ဒါပေမယ့် အိမ်မှာတော့ ငွေမရှိတော့ဘူး၊ တချို့တော့ ပြန်ရောင်းမှဖြစ်မယ်၊ ဒါပေမယ့် ပတ္တမြားနဲ့လုပ်ထားတဲ့ လက်ဝတ်ရတနာတွေကိုတော့ ပြန်မရောင်းဘူး၊ ဒါတွေက ကျွန်မဝတ်ရမယ်၊ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးတဲ့ ပတ္တမြား လက်ဝတ်ရတနာတွေ ဝတ်ရတော့မယ်"

ဒေါ်စိန်ရင်က အရောင်တလက်လက်တောက်ပနေသော ပတ္တမြားလည်ဆွဲကြီးကို ကောက်ယူပြီး လည်ပင်း၌ ကပ်ကြည့်နေသည်။

ဦးထွန်းဆိုင်ကတော့ ဇနီးဖြစ်သူ အမူအယာကိုကြည့်ပြီး သဘောအကျကြီး ကျနေလေသည်။

"ဝတ်ပါကွာ. . ဝတ်ပါ၊ ကိုယ်နဲ့ထိုက်လို့ အိမ်ပေါ်ကို



www.burmeseclassic.com

www.burmeseclassic.com



အလိုလိုရောက်လာတဲ့ ဒီပစ္စည်းတွေကိုတော့ မင်းပဲ ဝယ်သင့်တာပေါ့၊ ဒီရွှေမန်ကျည်းတောင့်တွေကိုတော့ ငါ အမရပူရဘက်က ရွှေကုန်သည်တွေဆီမှာ သွားရောင်းလိုက်ဦးမယ်”

ဟု ပြောဆိုကာ ရွှေမန်ကျည်းတောင့်များကို အိတ်တစ်လုံးဖြင့်ထည့်ကာ အမရပူရသို့ သွားလေသည်။

အမရပူရတွင် ပိုးထည်လုပ်ငန်းနှင့် ရွှေပန်းတိမ်၊ ရွှေအရောင်းအဝယ် ပြုလုပ်သူများ ရှိကြသည်။ မန္တလေးနှင့် တဆက်တည်းရှိသော်လည်း အမရပူရက ဒုတိယနေရာလောက်သာ ရှိပေသည်။

မန္တလေးမြို့မှာတော့ ထို့ထက်ပို၍ ကြီးကြီးကျယ်ကျယ်လုပ်သော ရွှေကုန်သည်ကြီးများ ရှိကြသည်။

သို့ကြောင့် ဦးထွန်းဆိုင်က ၎င်းမှာပါလာသော ရွှေမန်ကျည်းတောင့်များကို အမရပူရ၌ မရောင်းတော့ပဲ မန္တလေးမြို့၌ရှိသော ကုန်သည်ကြီးတစ်ဦးထံသို့ သွားရောက်ရောင်းချလေသည်။

ထိုရွှေကုန်သည်ကြီးမှာ ဦးလူမော်ဆိုသူဖြစ်ပြီး ယခင်ကလည်း ရောင်းချဆက်ဆံဖူးလေသည်။

ဦးထွန်းဆိုင်ကိုမြင်တော့ ဦးလူမော်က ကောင်းစွာဧည့်ခံရင်း လာရင်းကိစ္စကို မေးလေသည်။

“ဒီတစ်ပါတ် ပစ္စည်းကောင်းလေးတွေ ထိုက်ထိုက်တန်တန်ရလာလို့ ရောင်းချဖို့ ယူလာတာပါ”





“ကိုယ့်ဖောက်သည်တွေပဲ အခုလို တကူးတက လာရောက်ရောင်းချမှတော့ ဝယ်ရမှာပေါ့ဗျာ၊ ယူလာတဲ့ပစ္စည်းတွေကို တဆိတ်လောက် ကြည့်ပါရစေ”

ဟု ပြောဆိုသဖြင့် ဦးထွန်းဆိုင်က လွယ်အိတ်ထဲမှာ ထည့်ယူလာသော ရွှေမန်ကျည်းတောင့်များကို စားပွဲပေါ်သို့ ပုံချပေးလိုက်သည်။

“ဟင်. .”

“ဟာ. . ဘယ့်နှယ့်ဟာတွေလဲဗျ”

ဟု နှစ်ယောက်စလုံး တအံ့တဩ ရေရွတ်လိုက်ကြလေသည်။

အဘယ်ကြောင့်ဆိုလျှင် စားပွဲပေါ်သို့ ပုံချလိုက်သည့်အရာများမှာ ရွှေမန်ကျည်းတောင့်များ မဟုတ်တော့ပဲ မီးသွေးခဲများချည်း ဖြစ်နေပေတော့သည်။

“ဟင်. . ဘယ်မှာလည်း ရွှေမန်ကျည်းတောင့်တွေ၊ အားလုံး မီးသွေးခဲတွေချည်းပါလား၊ မီးသွေးခဲတွေကိုများ အင်းဝကနေ မန္တလေးအထိ တကူးတက လာရောင်းရတယ်လို့ ဦးထွန်းဆိုင်ရယ်”

ဦးလူမော်က ဆေးပြင်းလိပ်ကြီးကို မီးညှိဖွာရင်း သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

ဦးထွန်းဆိုင်ကတော့ မမျှော်လင့်သော မြင်ကွင်းကို မြင်လိုက်ရသဖြင့် မျက်နှာအကြီးအကျယ်ပျက်ကာ ချွေးသီး



www.burmeseclassic.com

www.burmeseclassic.com



ချွေးပေါက်များပင် စီးကျနေလေသည်။

"ကျုပ်ယူလာတုန်းက ရွှေ. . ရွှေမန်ကျည်းတောင့်တွေပါပဲ၊ ဒီ. . ဒီရောက်တော့မှ ဘာကြောင့် မီးသွေးတောင့်တွေ ဖြစ်သွားရတာပါလိမ့်"

"ခင်ဗျား ဘယ်လိုရလာတယ်ဆိုတာလည်း ပြောပြစမ်းပါဦး"

ဦးထွန်းဆိုင်က အဘိုးကြီးနှင့် မိန်းကလေးတစ်ယောက်ကို လာရောက်ရောင်းချသဖြင့် ဝယ်ယူလိုက်မိသောအကြောင်းကို ပြန်ပြောပြလိုက်လေသည်။

"ခင်ဗျား မစဉ်းစားမိလို့ပါ၊ ဘယ်လောက်ဆင်းရဲနေတဲ့လူ ဖြစ်နေပါစေ၊ တန်ဖိုးရှိတဲ့ပစ္စည်းမျိုးတွေ လာရောက်ရောင်းချတဲ့အခါမှာတော့ ခင်ဗျားပြောတဲ့ဈေးကို လက်ခံပြီး ခင်ဗျားပေးတဲ့ငွေကို အလောတကြီး ယူသွားကြမှာ မဟုတ်ပါဘူး"

ဦးထွန်းဆိုင်က မျက်လုံးအပြူးသားနဲ့ ပြန်ကြည့်နေသည်။

"နောက်ဆိုရင်တော့ အရောင်းအဝယ် လုပ်တဲ့နေရာမှာ သတိထားဗျ၊ ရှေးဟောင်းရတနာပစ္စည်းတွေ ရွှေဒင်္ဂါးတွေ၊ ငွေဒင်္ဂါးတွေ၊ ရွှေမန်ကျည်းတောင့်မျိုးတွေ လာရောင်းရင် သတိထားပြီး ဝယ်ဗျ၊ အဲဒီပစ္စည်းမျိုးတွေက အပြင်မှာ သိပ်မရှိလှဘူး၊ သိုက်ကြီးတွေထဲမှာပဲ ရှိတာများတယ်၊ တန်





တော့ မဟုတ်ကာမှလွဲရော ခင်ဗျားကို သိုက်ထဲမှာနေကြတဲ့ သိုက်စောင့်တွေက လာပြီးနှိပ်စက်သွားကြပြီ ထင်ပါရဲ့"

ထိုစကားကြားတော့ ဦးထွန်းဆိုင်မှာ ငှဲ့ပေးထားသော လက်ဖက်ရည်ကိုပင် မသောက်တော့ပဲ နေရာမှ ချက်ချင်းထကာ အင်းဝသို့ ပြန်ခဲ့လေတော့သည်။

နေအိမ်သို့ ပြန်ရောက်သောအခါ ဇနီးဖြစ်သူက မေးသည်။

"ကိုထွန်းဆိုင် ရေးကြီးသုတ်ပြာနဲ့ ဘယ်လိုဖြစ်လာတာလဲ၊ ပစ္စည်းတွေ ရောင်းချတာရော အဆင်ပြေခဲ့ရဲ့လား"

ဦးထွန်းဆိုင်ကတော့ ဒေါ်စိန်ရင် မေးသည်ကို မဖြေပဲ သူသိချင်သည်ကိုသာ အလောတကြီး ပြန်မေးလိုက်သည်။

"ပတ္တမြားလည်ဆွဲနဲ့ လည်ဆွဲရတနာတွေ ဘယ်မှာထားသလဲ၊ အမြန်သွားယူလာခဲ့စမ်း"

"ရှင် ဘယ်လိုဖြစ်လာတာလည်း ရေးကြီးသုတ်ပြာနဲ့"

"အို. . ဒါတွေ မေးမနေစမ်းပါနဲ့ကွာ၊ လာရောင်းသွားတဲ့ ပတ္တမြားလည်ဆွဲနဲ့ ရတနာတွေကိုသာ သွားယူခဲ့စမ်းပါ"

ဟု ပြောသဖြင့် ဒေါ်စိန်ရင်လည်း နေရာမှထသွားပြီး သံသေတ္တာငယ်တစ်လုံးဖြင့် ထည့်ထားသော ရတနာပစ္စည်းများအား သွားရောက်ယူလာပြီး သေတ္တာကို ဦးထွန်းဆိုင် လက်တွင်းသို့ ထည့်ပေးလိုက်သည်။

ဦးထွန်းဆိုင်လည်း လက်ထဲရောက်လာသော သံ



www.burmeseclassic.com

www.burmeseclassic.com



သေတ္တာအဖုံးကို ဖွင့်ကြည့်လိုက်သည်။

"ဟာ. ."

"အလို ဘယ်လိုဖြစ်တာလဲ"

သေတ္တာအတွင်းမှာတော့ ပတ္တမြားလည်ဆွဲနှင့် လက်ဝတ်ရတနာများ မတွေ့ရတော့ပဲ ကြိုးတစ်ချောင်းဖြင့် အတွဲလိုက်သီထားသော မီးသွေးခဲများကိုသာ တွေ့ရလေတော့သည်။

"ကျုပ် သေသေချာချာထည့်ထားတဲ့ ပတ္တမြားလည်ဆွဲကြီးက ဘာကြောင့် မီးသွေးခဲတွေ ဖြစ်သွားရတာလဲ"

"ငါလည်း မသိတော့ဘူး၊ ဟိုယူသွားတဲ့ ရွှေမန်ကျည်းတောင့်တွေကလည်း ဟိုရောက်တော့မှ မီးသွေးခဲတွေမှန်း သိရတော့တယ်၊ ငါတို့တော့ တိုယ်ကျိုးနည်းပြီ"

ဦးထွန်းဆိုင်က စိတ်ပျက်အားလျော့သော အသံမျိုးဖြင့် ညည်းညည်းညူညူ ပြောဆိုလိုက်လေသည်။

ဒေါ်စိန်ရင်ကလည်း ရစ်ဝဲလာသော မျက်ရည်များကို လက်ဖြင့်သုတ်ရင်း. . .

"ကိုယ်ကျိုးနည်းပြီပေါ့တော်၊ ကျုပ်တို့ ကျားကုတ်ကျားခဲ စုဆောင်းထားတဲ့ ငွေတွေတော့ အားလုံးပါသွားပြီပေါ့၊ အဲဒါ ရှင်လောဘကြီးလို့ ခုလိုဖြစ်တာ"

ဟု အပြစ်တင်သည်။

"ဟင်. . ငါက ဘာတွေလောဘကြီးနေတာလဲ၊ မနေ့က ရွှေမန်ကျည်းတောင့်တွေ လာရောင်းတော့ ဟိုပန်းတိမ်ဆရာတွေတောင် လာစစ်မေးကြတယ် မဟုတ်လား"

"ဟုတ်ပါ့ရဲ့ အဲဒါ ဘယ်လိုဖြစ်တာလဲဟင်"

ဦးထွန်းဆိုင်က ဒေါသဖြစ်နေသော အကြည့်မျိုးဖြင့် ကြည့်ရင်း. . .

"ဘယ်လိုမှ ဖြစ်တာမဟုတ်ဘူး၊ နေ့ခင်းကြောင်တောင်ကြီး လူရှေ့သူရှေ့မှာတင် အေးမါးပြ လာတိုက်သွားတာပေါ့၊ အေးမါးပြ လာတိုက်သွားတာ ခံရတာဟ. ."

ဟု အော်ပြောလိုက်လေတော့သည်။







www.burmeseclassic.com

www.burmeseclassic.com







အခန်း (၁၅)

# လောဘသတ်သဖြင့် သေရသူများ

ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်း၊ ဦးသတ္တ တို့နှင့် ရှာသူရှာသားများက သက်ရှိလူသားများအနေဖြင့် သော်လည်းကောင်း၊ သူဌေးကြီး ဘောဂဗလ၊ မြလေးနွယ်၊ အောင်ဒီပတို့က ဝိညာဉ်လူသားများ အနေဖြင့်သော်လည်း ကောင်း၊ စုပေါင်းပြီး မဟာဗောဓိစေတီတော်ကြီးကို ပြန်လည် တည်ဆောက်ကြရာ လပိုင်းအတွင်းမှာပင် ပြီးစီးအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသို့ ရောက်ကြလေသည်။

ထိုသို့ မြန်မြန်ဆန်ဆန် ပြီးစီးခြင်းမှာ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသည့် လူအင်အားတောင့်တင်းသောကြောင့်ဖြစ်သည်။

သာမန်ရွာသူရွာသားများအပြင် ဦးသက္ကခေါ်လာသော အလုပ်သမား၊ (ဘူတဝါဟနပညာဖြင့် အသက်သွင်းထားသူများ၊ တစ်နည်း ဖုတ်သွင်းထားကြသူများ)ကလည်း နေ့မနား ညမနား ဝိုင်းဝန်းလုပ်ကိုင်ပေးကြသည်ကတစ်ကြောင်း။ လိုအပ်သည့် ရွှေငွေရတနာတို့ကိုလည်း ဘောဂဗလသိုက်ကြီးအတွင်းမှ လိုသလောက် သုံးစွဲခွင့်ရကြသဖြင့် လိုလေသေးမရှိအောင် ဖြစ်သောကြောင့် (၁၀၈)တောင်ခန့်ရှိသော မြေစိုက်စေတီတော်ကြီး ပြီးမြောက်အောင်မြင်ခဲ့ခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်မှာလည်း သူကအနေဖြင့် ထိုကဲ့သို့ ကြီးမားသော တာဝန်တစ်ခုကို ဆောင်ရွက်ခွင့်ရတာ အောင်အောင်မြင်မြင် ဖြစ်ခဲ့သဖြင့် များစွာကျေနပ်မိပေသည်။

ထို့ထက်ပိုပြီး ကျေနပ်စရာ ကောင်းသောအချက်ကတော့ မြသင်းကြူနှင့် ချစ်သူဘဝ ရောက်ခဲ့ကြရသည်ကတစ်ကြောင်း ဘောဂဗလသိုက်ကြီးအတွင်းမှ မောင်ဒီပ၊ မြလေးနွယ်တို့နှင့်ပါ ရင်းနှီးခွင့် ရခဲ့သည်ကလည်းတစ်ကြောင်း အပါ





အဝင် ဖြစ်ခဲ့ပေသည်။

ဘုရားတည်နေသော အချိန်များတွင် ညအချိန်များ၌ တစ်ခါတစ်ရံ သိုက်ကြီးအတွင်းသို့ သွားရောက်လည်ပတ်ခွင့်ရကာ ထိုမှာရှိသူများနှင့် အေးအေးဆေးဆေး တွေ့ခွင့်ရကြလေသည်။

ဦးဇန်ကောင်းကတော့ ထိုကဲ့သို့ သွားရောက်ခွင့်ရသည်ကိုပင် များစွာဝမ်းမြောက်ကျေနပ်နေလေသည်။

အဘယ်ကြောင့်ဆိုသော် မောင်ဒီပက ဘူတဝါဟနအတတ်ပညာနှင့် ပတ်သက်သည့် မန္တာန်အပါအဝင် အခြားသိဒ္ဓိပြီးစေသည့် ဂါထာမန္တာန်များကို ပေးသောကြောင့် ဖြစ်ပေသည်။

ကြေးပုရပုဒ်၊ ရွှေပုရပုဒ်များမှ ကူးယူခွင့်ရသော သိဒ္ဓိရှိသော မန္တာန်တို့တွင် လိုရာပြီးမြောက်စေသည့် ဂါထာမန္တာန်တို့လည်း အပါအဝင် ဖြစ်ပေသည်။

ဝဂ်ီကမထေရ်အလောင်းသည် ဦးခေါင်းခွံ၊ (ဦးကျောင်းခွံ)အရိုးခါတ်တို့ကို နှိုးစေအပ်သော မန္တာန်ဖြင့် စုပ်နှိုးပြီးလျှင် မိမိတို့လားရာရောက်ရာအရပ်ကို မေးသောအခါ အရိုးစုက ပြောပြရသော(ဆဝသီဟ)မန္တန်။

ကောင်းကင်မှ မနသိဒ္ဓိနက္ခတ်ကို မျှော်မှန်း၍ ဂါထာမန္တာန်ဖြင့် ရွတ်ဆိုပါက ရတနာ ရွှေမိုးငွေမိုး ရွာသွန်းစေသော(မဟာဝေဒဗ္ဗ)မန္တန်။



www.burmeseclassic.com

www.burmeseclassic.com



ဥတေနဇာတ်တော်၌ ဆင်များကို လာစေလိုပလာပြီး ပြန်စေလိုကပြန်သော (ဟတ္ထိကန္တ)မန္တန်။

ပဒကုသလဇာတ်တော်၌ မန္တာန်ကို စုပ်နှီးက ခိုးယူသူကို သိစေနိုင်သော (စန္တာမဏိ)မန္တာန်။

ပေါရိသာရဇာတ်၌ မန္တာန်ကိုရွတ်လိုက်လျှင် အဟန့်နှင့်တကွ လေထဲသို့ လျင်မြန်စွာပြေးသွားနိုင်သော (ပဒလက္ခဏ)မန္တာန်။

မြေ၌မြှုပ်အပ်သော ပစ္စည်းဥစ္စာ ရတနာရွှေငွေတို့ကို နေရာနှင့်တကွ အသေအချာသိနိုင်သည့် (ပြဟာဆတ္တ)မန္တာန်၊

ပိုး၊ ရွှဲ၊ ပုရွက်၊ ခြင်၊ မှက်၊ ယင်၊ တိရိစ္ဆာန် သတ္တဝါကြီးငယ်တို့၏ စကားကို နားလည်နိုင်သော (သဗ္ဗရုတဝိဇာနာန)မန္တာန်။

ရေနဂါးတို့ ရုပ်ပြောင်းပြီး နေကြသော်လည်း ထိုနဂါးတို့ မည်သည့်နေရာ၌ ပုန်းအောင်းနေသည်ကို သိစေနိုင်သော (နာဂပသဿထ)မန္တာန်။

ကျားနွေသစသော သေပြီးသူတို့အား 'ပဋိဝပုလင်း'ကဲ့သို့ အသက်သွင်းနိုင်သော (မတုဋ္ဌာပန)မန္တာန်။

ဘူရိဒတ်ဇာတ်၌ နဂါးတို့ အလွန်ကြောက်စေသော (သုကဏ္ဍက)မန္တာန်

ပိလိန္ဒဝစ္ဆေမထေရ်လူဖြစ်စဉ်က ကောင်းကင်၌ ပျံလွှားပြီး ဈာန်ကစားသလို နေနိုင်သော စူဠဂန္ဓာရီနှင့် မထေရ်





ဖြစ်ပြီးမှ မဟာဂန္ဓာရီမျိုး မန္တာန်တန်ခိုးဖြင့် တောသုံးထောင်ကို အုပ်စိုးရသော မြေခွေးမျိုး၊က ဗာရာဏသီမင်းနှင့် စစ်ထိုးမည်ပြုသော (မဟာပထဝီဝဇယ)မန္တာန်။

ရေစင်ကို မန္တန်ဖြင့်မန်း၍ သရက်ပင်ကို ပက်ဖြန်းပါက တစ်မုဟုတ်ချင်း သီးပွင့်ရသော (အကာလဖလ)မန္တာန်။

အစရှိသည့် တန်ခိုးထက်မြက်သည့် မန္တာန်တို့ကို ကူးယူခွင့် ရရှိလေသည်။

ထို့ထက် ပိုမိုထူးဆန်းသော အချက်မှာ အင်းဝခေတ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော ဗားမဲ့ဆရာတော်ကြီးနှင့် ဘုရားတည်နေသော အချိန်ကာလတွင် တွေ့ခွင့်ရခဲ့ပြီး ဆရာတော်ကြီး ချီးမြှင့်ပေးသော အင်းပညာနှင့် ဂါထာမန္တာန်တို့ကိုလည်း ရရှိခဲ့ပေသည်။

ထို့ကြောင့် ဦးဗန်ကောင်းမှာ အကျေနပ်ကြီး ကျေနပ်နေတော့သည်။

ဘုရားထီးတော်တင်ပွဲကို တပေါင်းလပြည့်နေ့တွင် ပြုလုပ်ရန် စီမံထားကြပြီးဖြစ်ရာ ထိုရက်များ အတွင်းမှာတော့ စေတီတော်ကြီးအတွက် ပြုလုပ်စရာကိစ္စများကို အပြီးသတ် စီမံဆောင်ရွက်ကြရလေသည်။

တစ်နေ့တော့ သူတို့ရှိရာသို့ အဘိုးကြီးတစ်ယောက်နှင့် မိန်းမပျိုတစ်ဦးတို့ ရောက်လာပြီး ငွေများ လာရောက်လှူကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကလာကြတာပါလဲ"

ဦးသက္ကက အကဲခတ်ကြည့်ရင်း မေးလိုက်သည်။

"ကျုပ်တို့က ဒီနားတစ်ဝိုက်မှာပဲ နေကြတာပါပဲ၊ ဒီငွေတွေက လူယုတ်မာတွေဆီက ဥပါယ်တမျဉ်နဲ့ ရအောင်ယူလာခဲ့တဲ့ ငွေတွေဖြစ်ပါတယ်၊ ဒီငွေတွေကို ဘုရားထီးတော်တင်ရင် သုံးပေးပါ"

"ကောင်းပါပြီ သုံးပေးပါ့မယ်၊ တစ်ခါတည်း ပိတ်လိုက်ပါရစေ၊ ထီးတင်ပွဲရက်ရောက်ရင်လည်း ရေစက်ချ အမျှဝေတဲ့အခါ အတူတကွ သာဓုခေါ်ကြဖို့ ကြွခဲ့ကြပါဦးလို့ တစ်လက်စတည်းပဲ ဖိတ်လိုက်ပါရစေ"

"ဝမ်းမြောက်လှပါတယ်၊ လာခဲ့ပါ့မယ်"

ဟု ပြောဆိုပြီး ပြန်သွားကြလေတော့သည်။

နောက်တစ်ရက်မှာတော့ ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့ တွေ့သောအခါ သူမက မေးသည်။

"အခုတော့ ဘုရားတည်တဲ့ကိစ္စလည်း ပြီးသလောက်ရှိသွားပြီ၊ အစ်ကိုသိချင်တဲ့ ဘောဂဗေဒလသိုက်ကြီးမှာရှိတဲ့ ယန္တယားတွေအကြောင်းလည်း သိရပြီးပြီဆိုတော့"

မြသင်းကြူ စကားမဆက်ပဲ ကြည့်နေသည်။

"ဆက်ပြောလေ"

"အစ်ကိုတို့ ရန်ကုန်ပြန်ကြတော့မှာ မဟုတ်လား"

"ကိစ္စပြီးမှတော့ ပြန်ကြရမှာပေါ့ မြလေးရယ်၊ ဒါထက် မြလေးကရော ဘယ်လိုလုပ်မှာလဲ"

"ဟင်. . အဲဒါက ကျွန်မပြောရမှာမှ မဟုတ်တာ၊ အစ်ကိုပြောရမှာလေ၊ အစ်ကို့သဘောကို ပြောမှပေါ့"

"အစ်ကို့သဘောကတော့ တစ်ခါက ပြောခဲ့တဲ့အတိုင်းပါပဲ၊ မြလေးအဘိုးကို ခွင့်တောင်းပြီးတော့ လက်ထပ်မယ်လေ၊ ပြီးတော့ ရန်ကုန်ကို ခေါ်သွားမှာပေါ့"

"ကျွန်မလိုက်ခဲ့လို့ ဖြစ်ပါ့မလားဟင်"

"ဘာအတွက် စိုးရိမ်နေတာလဲ"

"မြို့ကြီးပြကြီးကို ရောက်ဖူးတာမဟုတ်လို့ အစ်ကို့အတွက် အနှောက်အယှက် ဖြစ်များဖြစ်မလားလို့ စိုးရိမ်နေမိလို့ပါ"

"ချစ်သူ့ဘဝမှာ အဲဒါတွေက စိုးရိမ်ရမှာ မဟုတ်ပါဘူး၊ အဓိကလည်း မကျပါဘူး၊ တကယ်စိုးရိမ်ရမှာက ကိုယ်တို့နှစ်ယောက် ဝေးမနေရဖို့ပါပဲ"

"ဒီလိုဆိုရင်တော့ အစ်ကိုခေါ်ရာနောက်ကို ကျွန်မလိုက်ခဲ့ပါတော့မယ်"

"ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်၊ စိတ်ထဲမှာလည်း ပျော်မိပါတယ်"

"ကျွန်မကလည်း အစ်ကိုနဲ့ ဖူးစာဖက်ခွင့်ရတာကို ကျေနပ်မိပါတယ်၊ စိတ်ထဲကလည်း ပျော်ရွှင်မိပါတယ်"

ဟု ပြောဆိုလေသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် သူတို့နှစ်ယောက်အဖို့ ဘဝခရီးနှင့် ပတ်သက်သည့် မျှော်လင့်ချက်များမှလွဲပြီး အခြားမရှိတော့ပါ ချေ။

တစ်ညမှာတော့ အင်းဝမှာနေသော သူကြီးဦးနေဒွန်း ရှိရာသို့ အမျိုးသမီးတစ်ယောက် ရောက်လာလေသည်။

သူမ ရောက်လာသောအချိန်မှာ ညဉ့်နက်ပိုင်းအချိန် ဖြစ်သောကြောင့် လူခြေတိတ်နေချေပြီ။

ဒီတစ်ခါမှာလည်း ယခင်တစ်ခေါက် ရောက်လာသ ကဲ့သို့ ပိတ်ထားသော တံခါးမှပင် အတွင်းသို့ဝင်လာခြင်းဖြစ် သည်။

ယခင်တစ်ကြိမ် ရောက်လာစဉ်က သူမနောက်ဘက် တွင် ကြောက်စရာကောင်းသော လူမည်းကြီးတစ်ယောက် ပါလာသော်လည်း ယခုတစ်ခါမှာတော့ သူမတစ်ယောက် တည်း ဖြစ်သည်။

"ဟင်. . နင်. . နင်"

ဦးနေဒွန်းက အရက်မူးစပြုနေသော်လည်း ထိုအမျိုး သမီးကိုမြင်သောအခါ လန့်ဖျပ်သွားပြီး အမူးပြေသကဲ့သို့ ဖြစ်သွားလေသည်။

"မှတ်မိတယ်မဟုတ်လား"

ဦးနေဒွန်းက မျက်လုံးပြူးဖြင့်သာ ကြည့်နေလေ သည်။

☺ အောင်မြင်စာပေ ☺



"နင့်ကို တစ်ခေါက်လာတုန်းက ပြောသွားခဲ့တဲ့ ကတိ အတိုင်း ဘောဂဗလသိုက်ကြီးထဲမှာရှိတဲ့ ရွှေငွေရတနာတွေ ရှိတဲ့နေရာကို လိုက်ပြပေးမယ်"

"ဟင်. . နင် တကယ်ပြောတာလား"

"ငါတို့က ပေးထားတဲ့ကတိသစ္စာကို ဘယ်တော့မှ ဖျက်လေ့မရှိကြဘူး၊ အခု ငါတို့ရဲ့ဘုရားလည်း တည်လို့ပြီးပြီ၊ ထီးတင်ဖို့ပဲ ကျန်တော့တယ်၊ ဒီတော့ ငါ ကတိပေးထားခဲ့တဲ့အ တိုင်း ရွှေငွေရတနာတွေ ရှိတဲ့နေရာကို ပြပေးမယ်"

ယခင်တစ်ခေါက်လာစဉ်က အချုပ်တွင်း ရောက်နေ ကြသည့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့ နှစ် ယောက်ကို ပြန်လွှတ်ပေးပါက ရွှေငွေရတနာများရှိသော နေရာကို ပြပေးမည်ဟု ကတိပေးထားခဲ့သဖြင့် ယခုတစ် ခေါက် လာပြောခြင်း ဖြစ်ပေသည်။

"ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"နင့်မိတ်ဆွေတွေကိုပါ တစ်ခါတည်း ခေါ်လာခဲ့ပေါ့၊ သိုက်ဆရာတွေပါတော့ သရဲသဘက်တွေက ကြောက်ကြ တာပေါ့"

"ဘယ်အချိန်လာရမလဲ"

"တပို့တွဲလကွယ်ညကျရင် ငါတို့နေတဲ့ ဘောဂဗလ အိမ်ကြီးကို လာခဲ့ပါ၊ ရွှေငွေရတနာတွေက အဲဒီမှာပဲရှိတယ်၊ အခြားနေရာမှာ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒီလိုဆိုရင် တပို့တွဲလကွယ်ညရောက်ရင် ငါတို့လာခဲ့မယ်၊ နင် ပြောထားတဲ့အတိုင်းသာ ကတိတည်ပါစေ"

ထိုအခါ မနီးမဝေးမှာရပ်နေသော မြလေးနွယ်က သူလက်၌ ဝတ်ဆင်လာသော လက်စွပ်တစ်ကွင်းကိုချွတ်ပြီး ဦးနေဒွန်းရှေ့သို့ ချပေးသည်။

"နင်တို့လာရင် ဒီလက်စွပ်ကိုသာ ဝတ်လာခဲ့၊ ဘယ်လိုအနှောက်အယှက် အန္တရာယ်မျိုးမှ မရှိစေရဘူး"

ဟု ပြောဆိုကာ အပြင်သို့ ပြန်ထွက်သွားလေတော့သည်။

ဦးနေဒွန်းလည်း ဝမ်းသာအားရနှင့် ရှေ့မှာချထားသောလက်စွပ်ကို ကောက်ယူပြီး ကြည့်လိုက်သည်။

မဟူရာကျောက်ကို ရွှေဖြင့်ကွင်းထားသော လက်စွပ်ပင်ဖြစ်သည်။ လက်မှာ စွပ်ကြည့်လိုက်တော့ ချောင်ချောင်ချိချိပင် ဝင်သွားလေသည်။

သို့သော် ပြန်ချွတ်ကြည့်တော့ မရပေ။

အမျိုးမျိုး ကြိုးစားပြီး ချွတ်သော်လည်း မကျွတ်တော့သဖြင့် ထိုအတိုင်းပင် ထားရလေသည်။

ထို့နောက်မှာတော့ နံနက်လင်းစမှာပင် ဦးသူတော်တည်းခိုနေထိုင်ရာသို့ သွားရောက်ကာ အကျိုးအကြောင်း ပြောပြလိုက်လေသည်။





"ခင်ဗျားပြောတာ ဟုတ်ပ့ါမလားဗျာ၊ သိုက်စောင့်တွေက ရွှေငွေရတနာတွေကို သူတို့ပေးချင်ရင် နည်းအမျိုးမျိုးနဲ့တော့ ပေးတတ်ကြတယ်၊ အခုလို လာခေါ်ပြီး ပေးတာမျိုးတော့ မကြားဖူးသေးဘူး"

"ခင်ဗျားက ကျုပ်ပြောတာ မယုံပဲကိုး၊ ဒီမှာမြင်လား သူကိုယ်တိုင် သက်သေအဖြစ်နဲ့ ပေးထားခဲ့တဲ့လက်စွပ်"

ဟု ပြောကာ လက်၌ဝတ်ထားသော လက်စွပ်ကို မြင်သာအောင် ပြသည်။ ထိုလက်စွပ်ကို မြင်သောအခါ ဦးသူတော်က အတန်ကြာအောင် စဉ်းစားနေပြီးမှ ပြောသည်။

"အင်းလေ ခင်ဗျားဆန္ဒရှိတော့လည်း အခြေအနေသွားကြည့်ကြတာပေါ့၊ တော်ရုံအန္တရာယ်တွေလောက်တော့ ပူစရာမရှိပါဘူး၊ ကျုပ်ပညာနဲ့ နှိမ်နင်းပေးနိုင်ပါတယ်"

ဟု ပြောဆိုကာ ခရီးသွားကြရန် ပြင်ကြလေသည်။

တပို့တွဲလကွယ်နေ့ ရောက်သောအခါ လူသူစုံပြီး ခရီးထွက်ကြလေသည်။

ဦးနေဒွန်း၊ ဦးသူတော်၊ သံပချိုင်၊ ကျော်ကြီး၊ ကိုထွန်းနှင့် ထွန်းခတို့ လိုက်ကြသဖြင့် စုစုပေါင်း(၆)ယောက် ဖြစ်လေသည်။

၎င်းတို့သည် နေ့လည်ဘက်အချိန်တွင် လှေတစ်စင်းဖြင့် သွားကြရာ ညနေစောင်းအချိန်ရောက်သောအခါ ဘောဂဗလစံအိမ်သို့ သွားနိုင်သော ဆိပ်ကမ်းသို့ ရောက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

အိမ်ကြီးရှိရာသို့ ရောက်စေရန် ကိုင်းတောကြီးအတွင်းမှ သွားကြရမည် ဖြစ်ပေသည်။ သို့သော် လူအင်အားကောင်းသဖြင့် ထိုလမ်းမှပင် ဖြတ်သွားကြလေသည်။

ကိုင်းတောကြီး အတွင်းမှာတော့ မြွေများ တွေ့ရသည်မှလွဲပြီး အခြားအန္တရာယ်အယှက်များ မတွေ့ရပေ။

ကိုင်းတောကြီးမှ အပြင်ဘက် ထွက်လိုက်တော့မှ သူတို့သွားမည့်လမ်းပေါ်တွင် ရပ်နေသော လူတစ်ယောက်ကို တွေ့ရလေသည်။

မှောင်စပျိုးနေပြီ ဖြစ်သောကြောင့် ဘယ်သူဘယ်ဝါမှန်း သဲသဲကွဲကွဲ မမြင်ကြရပေ။

"ဘယ်သူလဲကွ"

ရှေ့မှသွားနေသော ဦးသူတော်က လေသံမာမာဖြင့် လှမ်းမေးလိုက်သည်။

သို့သော် ရပ်နေသူက ပြန်မပြောပေ။

"ဟေ့. . ဘယ်သူလဲလို့ မေးနေတယ်လေ"

"ကျုပ်. . သန်းရွှေပါ"

"ဟင်. ."

ထိုစကားကြားတော့ အားလုံးအံ့သြသွားကြလေသည်။

သန်းရွှေဆိုသူမှာ အခြားမဟုတ်ပေ။





မဟာဗောဓိဘုရား ဌားပနာတိုက်ကို တူးဖော်စဉ်တမြွေပတ်ခံရသဖြင့် သေသွားခဲ့သော ဦးသူတော်၏ တပည့်တစ်ဦးပင် ဖြစ်၏။

"မင်း ဘာလုပ်မလို့လည်း သန်းရွှေ"

"ခင်ဗျားတို့ကို သတိပေးချင်လို့ လာစောင့်နေတာ၊ ဘောဂဗလသိုက်ထဲက မဝင်ကြနဲ့၊ ဝင်ရင် ပြန်ထွက်လို့ ရမှာမဟုတ်ဘူး"

"မင်းပြောလဲည်း ငါတို့ကတော့ ဝင်မှာပဲ၊ ငါတို့က ကိုယ့်သဘောနဲ့ကိုယ် ဝင်ကြတာ မဟုတ်ဘူး၊ သူတို့က လိုလိုလားလားနဲ့ လာပြီးဖိတ်ခေါ်လို့ သွားကြမှာဆိုတော့ ဘာမှကြောက်စရာမရှိဘူး မင်းသာလာပြီး အနှောက်အယှက်မပေးနဲ့"

ဟု ပြောလိုက်ရာ သန်းရွှေလည်း နေရာမှ ပျောက်ကွယ်သွားလေသည်။

ထိုနေရာမှ ဆက်လျှောက်လာရာ ညဦးပိုင်းအချိန်ရောက်သောအခါ ဘောဂဗစံအိမ်ဟောင်းကြီး ရှိသောနေရာနှင့် မနီးမဝေးသို့ ရောက်လာကြလေသည်။

လမိုက်ညဖြစ်သောကြောင့် အမှောင်ရိပ်များ ဖုံးနေလေရာ အိမ်ကြီးကိုသာ ဝိုးတဝါးလှမ်းမြင်ကြရလေသည်။

ဦးသူတော် ခေါင်းဆောင်လာသောအဖွဲ့မှာ အသင့်ပါလာသော မီးတိုင်တစ်တိုင်ကို မီးထွန်းပြီး အိမ်ကြီးရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။

လမ်းတစ်လျှောက်မှာတော့ သာမန်လောက်သာ လာရောက်အနှောက်အယှက်ပေးနိုင်သော သရဲသဘက်အချို့လောက်သာ တွေ့ကြရပြီး ဦးနေဒွန်းလက်၌ မဟူရာလက်စွပ် ပါလာသောကြောင့် အနားမကပ်ဝံ့ကြပေ။

သို့ကြောင့် အိမ်ကြီးရှိရာသို့ ချောမောစွာပင် ရောက်အောင်သွားနိုင်ကြလေသည်။

ဦးသူတော်နှင့် ဦးနေဒွန်းတို့မှာ မဟူရာလက်စွပ်ပါလာသဖြင့် သရဲသဘက်များ အနားမကပ်ဝံ့ပဲ ညထွက်ပြေးကြသည်ကို မြင်သောအခါ များစွာအားကိုးရှိသွားကြလေသည်။

တိုက်ပေါက်ဝရောက်တော့ အမှောင်ရိပ်ထဲမှာ ရပ်နေသည့် လူတစ်ယောက်ကို ထပ်မံတွေ့ရပြန်သည်။

"ဘယ်သူလဲ"

"ကျုပ်နာမည် ဒီပလို့ ခေါ်ပါတယ်၊ ဒီအိမ်ကြီးမှာပဲ နေပါတယ်၊ ဧည့်သည်တွေလာရင် ရွှေငွေရတနာတွေရှိတဲ့ နေရာကို ခေါ်သွားပေးဖို့ စောင့်နေတာပါ၊ ဒါထက် ဖိတ်ထားတဲ့ဧည့်သည်တွေ ဟုတ်မဟုတ် သက်သေပြပါ"

ပထမတော့ ဘာပြန်ပြောရမှန်း မသိပေ။

နောက်မှ ဦးနေဒွန်းက လက်မှာဝတ်ဆင်လာသော မဟူရာ လက်စွပ်ကို သတိရသဖြင့် ပြလိုက်သည်။



ထိုလက်စွပ်မြင်တော့ မောင်ဒီပက ခေါင်းညိတ်ပြသည်။

"မှန်ပါတယ်၊ ဒီလက်စွပ်ပါရင် ဘယ်အန္တရာယ်မှ အနားမကပ်နိုင်ပါဘူး၊ ကျုပ်နောက်သာ လိုက်ခဲ့ကြပါ"

ဟု ပြောဆိုပြီး ခေါ်သွားသဖြင့် အားလုံးကြောက်ရွံ့ကြောက်ရွံ့နှင့်ပင် နောက်မှလိုက်သွားကြလေသည်။

တိုက်ကြီးအတွင်းရောက်တော့ အလင်းရောင်အချို့ ရှိနေသောကြောင့် မီးတိုင် အသုံးမပြုကြရတော့ပေ။

တိုက်ကြီးထဲမှာတော့ မြွေ၊ ကျား၊ ဘီလူး၊ သရဲသဘက်စသော သိုက်စောင့်များ ရှိသော်လည်း မည်သည့်အန္တရာယ်မှမပေးပဲ ငြိမ်သက်စွာနှင့်ပင် ကြည့်နေကြလေသည်။

ထိုအထဲတွင် ဌာပနာတိုက်တူးစဉ်က ရောက်လာသော မြွေကြီးကိုလည်း တွေ့ရသည်။

အခန်းထောင့် တစ်နေရာတွင် ခွေနေရာ တောင်ပို့တစ်ခုကဲ့သို့ အပုံလိုက်ကြီး ဖြစ်နေသည်။

ထိုနေရာမှ ကျော်သွားပြီး အခန်းအဆင့်ဆင့်တို့ ကျော်သွားပြီးနောက် မြေတိုက်ခန်းသို့ ရောက်သွားကြသည်။

ထိုအခန်းများမှာလည်း ထောင်ချောက်များ၊ စက်ယန္တယားများ၊ စက်ရုပ်များ ရှိကြသော်လည်း မောင်ဒီပ ပါလာသောကြောင့်လော မပြောတတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး သံပါတ်ကုန်နေသကဲ့သို့ ငြိမ်သက်နေကြလေသည်။

နောက်ဆုံးတော့ ရွှေငွေရတနာများ ကာထားသော အခန်းရှိရာသို့ ရောက်သွားကြသည်။

အခန်းမှာ တံခါးပိတ်ထားလေသည်။

ထိုနေရာရောက်တော့ မောင်ဒီပကပြောသည်။

"ဒီအခန်းထဲမှာ ရွှေငွေရတနာတွေရှိပါတယ်၊ အရင်ကတော့ သူဌေးကြီး ဘောဂဗလပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေဖြစ်ပါတယ်၊ အခုတော့ ဒါတွေအားလုံးကို မြတ်စွာဘုရားကို ရည်စူးပြီး လှူဒါန်းထားပြီး ဖြစ်ပါတယ်၊ ဒါကြောင့် ယူမယ်ဆိုလည်း သင့်တော်သလောက်သာ ယူကြပါ"

ထိုသို့ပြောပြီး စက်ယန္တယားများ တပ်ဆင်ထားသည့် အခန်းတံခါးကို ဖွင့်လိုက်သည်။

အတွင်း၌ စက်ရုပ်များ ရှိကြသော်လည်း အသက်မရှိသကဲ့သို့ ရောက်သည့်နေရာမှာပင် ရပ်တန့်ကာ ငြိမ်သက်နေကြလေသည်။ အခန်းတွင်းမှာတော့ လင်းရောင်များ ရှိနေပြီး မြောက်မြားလှစွာသော ရွှေငွေရတနာတို့ကို တွေ့ကြရသည်။ အလင်းရောင်ဖြင့် ဝင်းလက်တောက်ပနေလေသည်။

ဦးသူတော်တို့မှာ တစ်သက်တာတွင် ထိုမျှ များပြားလှသော ရွှေငွေရတနာတို့ကို မမြင်ဖူး မတွေ့ဖူးကြသဖြင့် လောဘစိတ်ကြီးစွာဖြင့် လှမ်းကြည့်နေကြသည်။





ထို့နောက် မောင်ဒီပက ရှေ့မှဦးဆောင်ပြီး ခေါ်သွားရာ အားလုံး နောက်မှဝင်လိုက်သွားကြလေသည်။

အတွင်းရောက်တော့မှ မောင်ဒီပက ပြောသည်။

"ကဲ. . . နှစ်သက်တာကိုသာ အလိုရှိသလောက် ယူကြပါ"

ဟု ခွင့်ပေးရာ ဦးသူတော်၊ ဦးနေဒွန်းနှင့် နောက်မှပါလာသော လေးယောက်တို့မှာ ရွှေငွေ လက်ဝတ်ရတနာတို့ကို ယူကြလေသည်။

၎င်းတို့မှာ ထည့်ယူရန် အိတ်၊ တောင်း၊ စသည်တို့မပါကြသဖြင့် အင်္ကျီ၊ ပုဆိုး၊ ခေါင်းပေါင်း စသည်တို့ဖြင့် ရနိုင်သမျှ ထုပ်ပိုးယူငင်ကြသည်။

ထိုသို့ယူနေခိုက်မှာပင် တိတ်ဆိတ်နေသည့် အခန်းထဲ၌ လှုပ်ရှားသွားလာနေသည့် အသံများ ကြားလာရသဖြင့် လှည့်ကြည့်လိုက်ကြသည်။

စောစောက သူတို့နောက်ဖက်၌ ရပ်နေသည့် မောင်ဒီပဆိုသူကို မတွေ့ရတော့ပေ။

ဖွင့်ထားခဲ့သော ဥစ္စာတိုက် တံခါးမှာလည်း သူ့အလိုအလျောက် ပြန်ပိတ်သွားလေပြီ။

လင်းနေသော မီးရောင်တို့မှာလည်း တဖြည်းဖြည်းနှင့် မှိန်ကျသွားရာ နောက်ဆုံး အခန်းထဲတွင် မှောင်သွားလေသည်။ ထိုသို့ မှောင်ကျသွားသော အချိန်ရောက်တော့မှ စော



www.burmeseclassic.com

www.burmeseclassic.com



စောက ငြိမ်သက်နေကြသည့် အသက်သွင်းထားသော လူစက်ရုပ်တို့မှာ လှုပ်ရှားလာကြလေသည်။

လက်ထဲမှာ ကိုင်ထားသော ဓားလှံတို့ဖြင့် အခန်းထဲရောက်နေသူ (၆)ယောက်စလုံးကို လိုက်လံပြီး ထိုးခုတ်သတ်ဖြတ်ကြလေရာ ဦးနေခွန်းတို့မှာ ပြေးစရာ မြေမရှိတော့ပဲ တစ်ယောက်ပြီးတစ်ယောက် အသက်ပျောက်သွားကြလေတော့သည်။

ထိုအခြေအနေမျိုးနှင့် ကြုံတွေ့ရတော့မှ လမ်းတွင် သရဲဘဝရောက်နေသော သန်းရွှေသတိပေးခဲ့သော စကားများကို ပြန်လည်သတိရကြသော်လည်း နောက်ကျသွားခဲ့ပေပြီ။

လောဘနောက်သို့ လိုက်သောသူတို့မှာ နောက်ဆုံး၌မူ လောဘသတ်သဖြင့်သာ သေကြရသည့် ဖြစ်တော့သည်။

နောက်တော့ ဘောဂဗလ သိုက်ကြီးအတွင်းမှ ကြောက်မက်ဖွယ်ရာ အော်ဟစ်သံများမှာ တဖြည်းဖြည်းနှင့် ပျောက်ကွယ်သွားလေတော့သည်။







## အခန်း (၁၆)

# မနော်ရမ္မာချစ်သူ

တပေါင်းလပြည့်ရက် မတိုင်မီ မဟာဗောဓိစေတီကြီးကို ပြုပြင်သော ကိစ္စများအားလုံး ပြီးစီးအောင်မြင်ခဲ့သည်။

လပြည့်နေ့တွင် ထီးတော်တင်လှူရန် စီစဉ်ထားပြီးဖြစ်သောကြောင့် စေတီတော် ပတ်ဝန်းကျင်တစ်ပိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



မဏ္ဍာပ်များ ထိုးကြသည်။ ဧည့်သည်များကို ကျွေးမွေးဧည့်ခံရန် အစားအသောက်များဖင် ကြိုတင်ချက်ပြုတ်နေကြသည်။

မဏ္ဍာပ်များ ထိုးရာမှာတော့ သာမန်ဧည့်သည်များအတွက် မဏ္ဍာပ်ကတစ်ခု၊ သူဌေးကြီး ဘောဂဗလ အပေါင်းအဝင် ပရလောက ရောက်နေသူများအတွက် မဏ္ဍာပ်တစ်ဆောင် ထိုးပေးကြရသည်။

မဏ္ဍာပ်နှစ်ခုမှ မနီးမဝေး ရှိကြသော်လည်း ကြားနေရာတွင် စည်းရိုးများ ခြားထားပေးရသည်။

လပြည့်နေ့ရောက်သောအခါ အင်းဝ၊ စစ်ကိုင်း စသောနေရာမှ သံဃာတော်များ၊ အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် ကျောင်းများဖြင့် သီတင်းသုံးနေကြသော သံဃာတော်များ ပင့်ဖိတ်ပြီး ဆွမ်း၊ သင်္ကန်းစသည်တို့ လှူဒါန်းကြသည်။

နေရာအသီးသီးမှ လာရောက်ကြသူတို့ကိုလည်း လိုလေသေးမရှိအောင် ဧည့်ခံကျွေးမွေးပြီး ထီးတော်တင်ကြလေသည်။

သီးခြားဆောက်ပေးထားသော မဏ္ဍာပ်ကြီးထဲတွင် သူဌေးကြီး ဘောဂဗလ အပေါင်းအဝင် သမီးဖြစ်သူ မြလေးနွယ်၊ ဦးကြီးတော် ဦးဒဗ္ဗ၊ လူ့ဘဝက စက္ခုမပညာ တတ်မြောက်လှသော မောင်ဒီပတို့လည်း ရောက်နေကြသည်။

၎င်းတို့ အနောက်ဘက်မှာတော့ ထိုအချိန်က သေ





သွားခဲ့ကြသော လူယုံတော် ယက္ခကြီးတို့ တစ္ဆေလည်း ရှိနေကြသည်။

ထို့ပြင် တခြားသူအတော်များများကိုလည်း တွေ့မြင်ကြရလေသည်။

(၁၉၁၉)ခု မတ်လ(၁၅)ရက် (၁၂၈၀ပြည့် တပေါင်းလပြည့်)စနေနံနက်အချိန်တွင် ကျင်းပပြုလုပ်သော ရွှေနှစ်ပေါင်း (၄၀၀)ကျော်က သေဆုံးသွားခဲ့ကြသော ဘောဂဗလနှင့် ပတ်သက်သူအားလုံးတို့ကို သာမန်လူတို့ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ခြင်းမှာ အမှတ်ရစရာ ပြောစမှတ် ပြုစရာ ဖြစ်ခဲ့ပေသည်။

ထီးတော်တင်ပွဲ ပြီးသွားသောအခါ တရားတော်နာကြပြီး ရေစက်ချ အမျှအတန်းများ ဝေပြီးသောအခါ တစ်ဖက်မဏ္ဍာပ်မှာရှိသော သူဌေးကြီး ဘောဂဗလကိုယ်တိုင် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးများကို ကြဲပေးသဖြင့် ပရိသတ်များ ကိုယ်စီကိုယ်ငှ ရကြသည်။

ထိုရရှိသော ရွှေဒင်္ဂါး ငွေဒင်္ဂါးတို့မှာ သူတို့တစ်သက်သုံးမကုန်သော ပစ္စည်းများလည်း ဖြစ်ကြပေတော့သည်။ ထီးတင်ပွဲပြီးတော့ ညအချိန်ရောက်သောအခါ သူဌေးကြီးနှင့်အတူ ကျန်သုံးယောက်ပါ ရောက်လာပြီး ကျေးဇူးတင်ကြောင်း ဆိုကြသည်။

"အခုလို လာရောက်ကူညီဆောင်ရွက်ပေးတဲ့ ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်တော့မှမမေ့ပါဘူး၊ နောက်လည်း ကျုပ်တို့နဲ့ ပတ်သက်တဲ့အကူအညီ လိုတာရှိရင် အချိန်မရွေးလာခဲ့ပါ၊ အကူအညီပေးပါ့မယ်"

အားလုံးက ခေါင်းညိတ်ပြကြသည်။

ထို့နောက် သူဌေးကြီးက ရွှေငွေရတနာများ ထည့်ထားသော အိတ်တစ်လုံးကို ပေးလေသည်။

"ကျွန်တော်တို့ မလိုပါဘူး၊ မြတ်စွာဘုရားအတွက် ရည်စူးထားတဲ့ ပစ္စည်းတွေမို့ မယူပါရစေနဲ့"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ အခုပေးတာတွေက အကြောင်းရှိရင် သုံးစွဲဖို့ထားတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်၊ ဒီလိုမှ လက်မခံရင်တော့ ကျုပ်တို့ရခဲ့တဲ့ ကုသိုလ်ကောင်းမှုအတွက် ဘယ်မှာစိတ်ဖြောင့်ပါတော့မလဲ၊ တကယ်လို့ မသုံးစွဲလိုလျှင်လည်း ဘုရားတွေမှာ လှူပေးပြီး ကျုပ်တို့အတွက် အမျှအတန်း ဝေပေးပါ"

ထိုသို့ပြောတော့မှ ဒေါက်တာမင်းထင်ကျော်က လက်ခံယူလိုက်လေသည်။

နောက်တော့ သူဌေးကြီး ဘောဂဗလ၊ မြလေးနွယ်၊ ဦးဒိဗ္ဗ၊ မောင်ဒီပတို့ လေးယောက်မှာ နှုတ်ဆက်ပြီးနောက် ပြန်သွားကြလေတော့သည်။

အလုပ်ကိစ္စများ ပြီးသောအခါမှာတော့ ဦးသက္ကခေါ်လာသော အုတ်ဖုတ်ပေးသည့်အလုပ်သမားများကို အသက်





ဝိညာဉ်ပြန်နှုတ်ပြီး မူလနေရာ ပြန်ပို့ပေးလိုက်လေသည်။

မနော်ရမ္မာရွာသို့ ရောက်သောအခါမှာတော့ ဦးသက္ကထံ ခွင့်တောင်းပြီး ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့ နှစ်ယောက်လည်း အကျဉ်းချုပ်ကာ လက်ထပ်လိုက်ကြလေသည်။

"သူ့အတွက် နေဝက်ဆံငင်နေလို့သာ သူ့အတွက် အခုလို စိတ်အေးရပြီဆိုတော့. . ကျုပ်အဖို့ တရားအလုပ်ဖြောင့်ဖြောင့်လုပ်လို့ ရပြီပေါ့ဗျာ"

ထို့နောက်တော့ မနော်ရမ္မာရွာမှ အင်းဝသို့ ပြန်ခဲ့လေသည်။ အင်းဝပြန်ရောက်တော့ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်အတွက် ရွှေငွေအချို့ ခွဲဝေပေးလိုက်ရာ ဝမ်းသာစွာဖြင့် ပြန်သွားကြလေတော့သည်။

အင်းဝမှ ရန်ကုန်သို့ ပြန်သောအခါမှာတော့ ဦးဗန်တောင်းပါ ပြန်လိုက်လာလေသည်။

"ကျုပ်အတွက်ကတော့ ရွှေငွေရတနာတွေထက်ပိုပြီး တန်ဖိုးရှိတာတွေ ရခဲ့ပြီဆိုတော့ အဲဒါတွေ မလိုတော့ပါဘူး"

"ဘာတွေများလဲ အဘရဲ့"

"တခြားဟုတ်ပါရိုးလား၊ မောင်ဒီပပေးလိုက်တဲ့ ဘူတဓါတနပညာနဲ့ ဂါထာမန္တာန်တွေလေ၊ ဒါထက် တန်ဖိုးရှိတာ ဘယ်ရှိပါတော့မလဲ"

ဟု ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရထားစီးတော့ ဦးဟန်ကောင်းနှင့် ကျော့်စာတို့က နှစ်ယောက်တွဲထိုင်ပြီး ဒေါက်တာမင်းထင်ကျော်နှင့် မြသင်းကြူတို့က နှစ်ယောက်ယှဉ်တွဲပြီး ထိုင်ကြလေသည်။

ညအချိန်ရောက်တော့ အခြားသူများက အိပ်ကြသော်လည်း သူတို့နှစ်ယောက်ကတော့ မအိပ်ကြပေ။

မြသင်းကြူက ဒေါက်တာမင်းထင်ကျော် ပုခုံးပေါ် ခေါင်းမှီထားရင်း ပြောသည်။

"ကျွန်မတော့ လိုက်သာလာခဲ့ရတယ်၊ အခုထိ မယုံနိုင်သေးဘူး၊ အခုထိ အိပ်မက်လို့တောင် ထင်နေမိတုန်းပဲ"

"ဒီအိပ်မက်ကလေးက နောက်တော့ အကောင်းအထည်ပေါ်လာမှာပါ၊ ဘာမှ စိတ်မပူပါနဲ့၊ မြဘေးအပေါ်မှာ သစ္စာရှိစွာနဲ့ တစ်သက်လုံး လက်တွဲသွားမှာပါ"

"ဒီစကားကြားရတာ ဝမ်းသာပါတယ် အစ်ကိုရယ်၊ ကျွန်မဘဝမှာ ရွှေလည်းမလို ငွေလည်းမလို၊ ဂုဏ်ပကာသနတွေလည်း ဘာမှမလိုပါဘူး၊ အစ်ကို့ရဲ့ ချစ်ခြင်းမေတ္တာ တစ်ခုတည်းနဲ့ ဘဝမှာ ပျော်နိုင်ပါတယ်"

"ကိုယ်လည်း ထူးထူးခြားခြားတွေ့ရပြီး မမျှော်လင့်ပဲ ပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ချစ်သူအတွက် တကယ်ကို ကျေနပ်မိပါတယ်၊ စိတ်ထဲကလည်း ပျော်ရွှင်မိပါတယ်၊ ကိုယ့်ဘဝအတွက်ကတော့ မြလေးက မနော်ရမ္မာချစ်သူပါပဲ"

ဟု ပြောဆိုကာ သူမပုခုံးကို ထွေးဖက်ထားလိုက်လေ





သည်။

မန္တလေးမှ ရန်ကုန်သို့ စုတ်ဆင်းလာသော ရထားကြီးကတော့ အမှောင်ထုကိုခွင်းပြီး ခရီးဆက်နေခဲ့ပြီသည်။

သူတို့နှစ်ယောက်အတွက်ကတော့ ချစ်ခြင်း ဘဝခရီးသစ်အတွက် ခရီးဆက်ကြရမည် ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မနော်ရမ္မာချစ်သူ) အမည်ရှိ ဂန္ထီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာယာပဟာတု သုခိအတ္တာနံ ပရိဟရန္တု

စာပြီးချိန်။ ။၂၀၁၅ခုနှစ်၊ နိုဝင်ဘာ(၂၂)ရက်၊ စနေနေ့၊ နေ့လယ်(၂)နာရီ



www.burmeseclassic.com